ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

**ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း**

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘော ပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ အင်္ဂါနေ့။ Tuesday, 21 October 2025 ၁၁၉၇၇

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက် ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှ သည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး အတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ တို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပုဂံဒေသမှ ယွန်းထည်ပစ္စည်းများကို တွေ့ရစဉ်။

# မြင်းမြီးဖြင့်ပြုလုပ်သည့် ယွန်းထည်လုပ်ငန်း တိမ်ကောပပျောက်မှုမရှိစေရေး ယွန်းလုပ်ငန်းရှင်များ ထိန်းသိမ်းထားရှိ

ညောင်ဦး အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး ပုဂံမြို့ရှိ မြင်းမြီးဖြင့် ရက်လုပ်သည့် ယွန်းထည်လုပ်ငန်း တိမ်ကောပပျောက်မှုမရှိစေရန်အတွက် ပုဂံမြို့ ယွန်းလုပ်ငန်းရှင်များက ထိန်းသိမ်းထားပြီးလုပ်ကိုင်လျက်ရှိကြောင်း ဦးဘငြိမ်းယွန်းထည်လုပ်ငန်း၏ စတုတ္ထမျိုးဆက် ဦးအောင်ကျော်ထွန်းထံမှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✧



ပွင့်ဖြူမြို့နယ်၌ နေကြာ ရိတ်သိမ်းခြွေလှေ့နေမှုကို တွေ့ရစဉ်။

# ပွင့်ဖြူမြို့နယ်၌ မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံစုံ ၃၀၂၆၂ ဧက ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ အောက်တိုဘာ ၂၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံစုံ ၃၀၂၆၂ ဧကအထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪

## ယနေ့ ဖတ်စရာ

**ပင်လယ်ရေမှ စိုက်ပျိုး၊ မွေးမြူရေးသုံး ရေချို၊ ရေသန့်ထုတ်လုပ်ခြင်း သုတေသနဆောင်ရွက်**
စာမျက်နှာ » ၄

**ဒေသခံလူငယ်များအတွက် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း ဖွင့်လှစ်**



စာမျက်နှာ » ၇

**ဘဝကို ဖျက်ဆီးနိုင်သည့် စလော့ဂိမ်းလောင်းကစား**
ဆောင်းပါး စာမျက်နှာ » ၆

**ကျောက်မဲမြို့၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ စုပေါင်းသန့်ရှင်းရေးနှင့် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်**
စာမျက်နှာ » ၉

**နိုင်ငံသားတိုင်း ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ၏ တန်ဖိုးကိုသိရှိပြီး ထိန်းသိမ်းကာကွယ်သွားကြပါစို့**
ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေး စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်မြှင့်တင်

နိုင်ငံတော်အစိုးရက “နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး” ဦးတည်ချက်ကို ချမှတ်၍ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာ ၁၉ ရက်က ပုသိမ်မြို့ရှိ မြို့မိမြို့ဖများနှင့်တွေ့ဆုံစဉ် “စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထွက်နှုန်းများကောင်းမွန်အောင် ဆောင်ရွက်ရန်လိုသကဲ့သို့ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဥပမာအားဖြင့် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသည့် စပါးများ၏ Eating Quality များ ကောင်းမွန်ရန်လိုပြီး အရေအတွက် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းသည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သဖြင့် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားကြရန်” ပြောကြားခဲ့သည်။

စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ အဓိကအားဖြင့် လုပ်သမျှအကျိုးခံစားနိုင်ရန် အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်သွားကြရန် လိုအပ်သည်။ အထွက်နှုန်းများ တိုးတက်ကောင်းမွန်ရန်အတွက် ပန်းတိုင်ရည်မှန်းချက်အနေဖြင့် မိုးစပါးတင်း ၁၀၀၊ နွေစပါးတင်း ၁၁၀ နိုင်ငံတော်က သတ်မှတ်ထားရှိသည်။ သတ်မှတ်ထားသည့်အတိုင်း စိုက်ပျိုးကေများ မှန်ကန်စေရန်နှင့် အထွက်နှုန်းများ တိုးတက်ထွက်ရှိစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အထွက်နှုန်းတိုးရေးအတွက် ဒေသအားလုံးသို့ ကွင်းဆင်းစာရင်းကောက်ယူနိုင်ခြင်းမရှိသော်လည်း အချို့ဒေသများတွင် ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုရှိစေရေး စနစ်တကျ ကောက်ယူသွားရမည်ဖြစ်သည်။

ကွင်းဆင်းကောက်ယူဖော်ထုတ်ပြီး စိုက်ပျိုးရေးအတွက် မြေကိုစနစ်တကျ အသုံးချရန် လိုအပ်သည်။ ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် လယ်ယာစိုက်ပျိုးမြေ၏ ၁၀ ရာခိုင်နှုန်းခန့်သည် ရေနက်ကွင်းစိုက်ပျိုးမြေများဖြစ်သည်။ အဆိုပါရေနက်ကွင်းများအား မြေပြုပြင်သည့် လယ်ယာစပါးစိုက်ပျိုးခြင်းနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုသည်။ ရေနက်ကွင်းများကို စနစ်တကျ အသုံးချဆောင်ရွက်သွားမည်ဆိုပါက အသား၊ ငါးထုတ်လုပ်မှုကဏ္ဍတွင် ဧရာဝတီတိုင်းဒေသကြီးသည် ထိပ်ဆုံးတွင်ရှိနေမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဤလေးမျိုးဖြင့် စနစ်တကျစိုက်ပျိုးကြရန်လိုသည်။ လယ်မြေများအား ဧကကွင်းများအဖြစ် ဖော်ထုတ်နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်လာအောင် ဆောင်ရွက်ရာတွင် စပါးစိုက်ပျိုးမှုများကို ပင်ကြား၊ တန်းကြား မှန်မှန်ကန်ကန်နှင့် ကောက်ကွက်ပြည့်မီအောင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ တိုင်းဒေသကြီးအတွင်းရှိ လယ်မြေများကို ပြုပြင်၍ စိုက်ပျိုးရေးလုပ်ငန်းများကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ မွေးမြူရေးနှင့်ပတ်သက်၍ ဒေသတွင်းစားရေရိက္ခာ အထောက်အကူဖြစ်စေရန်ဆောင်ရွက်ပြီး ပိုလျှံမှုများကို အခြားဒေသများသို့ တင်ပို့ရောင်းချနိုင်သည်။ ဝယ်လိုအားနှင့် ရောင်းလိုအား ကောင်းမွန်လာမည်ဆိုပါက ထိုက်သင့်သည့်ဈေးနှုန်းများလည်း ရရှိလာမည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်ဆိုပါက ပြည်ပပို့ကုန်များ တိုးတက်လာပြီး နိုင်ငံခြားဝင်ငွေများပါ တိုးတက်ရရှိလာမည်ဖြစ်သည်။ နိုင်ငံခြားဝင်ငွေရရှိပါက နိုင်ငံ့စီးပွားရေး မြင့်မားတိုးတက်လာမည်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ပေါ်ဆန်းမွှေးသည် အမျိုးအစားကောင်းမွန်သောဆန်အရည်အသွေးရှိသဖြင့် တိုင်းဒေသကြီး၏ စံပြထုတ်ကုန်အဖြစ် တိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ပြည်တွင်းစားသုံးဆီဖူလုံစေရန် အချို့ဒေသများတွင် နေကြာစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အလားတူ ပဲပုပ်၊ နှမ်း၊ မြေပဲ စသည့် ဆီထွက်သီးနှံများ တိုးတက်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ တိရစ္ဆာန်အစားအစာများကို တိုးတက်ထုတ်လုပ်ပြီး မွေးမြူရေးကဏ္ဍ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ပါက နိုင်ငံ့စီးပွားရေး ကောင်းမွန်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်အောင် ကြိုးပမ်းအကောင်အထည်ဖော်ပြီး နိုင်ငံတော်၏ စီးပွားရေးမြင့်မားတိုးတက်လာအောင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို (၂၇-၁၀-၂၀၂၅) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၂ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

### ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၂၀-၁၀-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၂-၁၀-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၁၀-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၂ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့် အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီ ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ် သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန**
**(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

■

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော်** အောက်တိုဘာ ၂၀
ယနေ့နံနက် ၈ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော် အရှေ့တောင်ပိုင်း၌ အောက်တိုဘာ ၂၁ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ၂၀ - ၁၀ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - | စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| ခေတ္တ စာတည်းမှူး | - | အေးဝမ်းစိုး | | | |
| စာတည်းများ | - | စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | အငယ်တန်း သတင်းထောက်များ | - | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| | | | သုတေသန | - | ဇင်မာဝင့် |
| | | | စာပြင် | - | ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - | အောင်ကျော်ကျော်၊ စိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | နီလာစိုးနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူလင်းပြည်နယ်တွင် သက်တမ်းရင့်ရေနံမြေများ၌ အထွက်တိုးထုတ်လုပ်နေမှုနှင့် ရှီအန်းပြည်နယ်တွင် 3D Seismic တိုင်းတာသည့် စက်ပစ္စည်းကိရိယာထုတ်စက်ရုံများ လေ့လာကြည့်ရှု

နေပြည်တော် အောက်တိုဘာ ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Energy Administration ၏ အကြီးအကဲဖြစ်သူ Mr. Zhang Jianhua ၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ်၊ စွမ်းအင်အသွင်ကူးပြောင်းရေး အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ တက်ရောက်ရန်နှင့် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၈ ရက် ညနေပိုင်းတွင် ယူလင်းပြည်နယ်ရှိ သက်တမ်းရင့်ရေနံမြေများသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

### ရှင်းလင်းပြသ

ထိုသို့ ကြည့်ရှုလေ့လာစဉ် နိုင်ငံပိုင် Yan Chang ကုမ္ပဏီ၏ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့က ရေနံအထွက်တိုးစေရန်အတွက် အဆင့်မြင့်နည်းပညာများ အသုံးပြု၍ ဆောင်ရွက်နေမှု၊ ရေနံသိုက်များ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ရေနံတွင်းများအတွင်း ထည့်သွင်းရသည့်ရေကို ပြန်လည်သန့်စင်ခြင်း ဆောင်ရွက်နေမှု၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ရပ်လုံးအား ဒစ်ဂျစ်တယ်စနစ်ဖြင့် ထိန်းချုပ်ဆောင်ရွက်နေမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်နေမှုတို့ကို လိုက်လံရှင်းလင်းပြသသည်။

အောက်တိုဘာ ၁၉ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား North Petroleum & Chemical Corporation ၏ အစည်းအဝေးခန်းမ၌ ဥက္ကဋ္ဌဦးဆောင်သောအဖွဲ့က သက်တမ်းရင့်ရေနံမြေများအလိုက် ရေနံအထွက်တိုးစေရေး ဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံရှိသက်တမ်းရင့်ရေနံမြေများတွင် ဘူမိသက်တမ်း၊ ဘူမိမြေလွှာများအပေါ်မူတည်၍ ရေနံမြေအလိုက်



ဆက်လက်ဆောင်ရွက်သင့်သည့် နည်းပညာများနှင့် နည်းစဉ်များ၊ ဒစ်ဂျစ်တယ်နည်းပညာသုံး၍ ရေနံမြေများအလိုက် စီမံခန့်ခွဲရန်လိုအပ်မှု၊ အဆင့်မြင့်နည်းပညာများ အသုံးပြုဆောင်ရွက်ခဲ့မှုကြောင့် ရရှိခဲ့သည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

ထိုသို့ ရှင်းလင်းမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ယခုလေ့လာခဲ့သည့် ရေနံမြေသည် မိမိတို့နိုင်ငံရှိ ကုန်းတွင်းရေနံမြေများနှင့် နှိုင်းယှဉ်ပါက သက်တမ်းအားဖြင့် ကွာခြားမှုမရှိပါကြောင်း၊ ထုတ်ယူနိုင်သည့် လက်ကျန်ရေနံနှင့် သဘာဝဓာတ်ငွေ့ပမာဏသည် မိမိတို့၏ အချို့သောရေနံမြေထက် များစွာနည်းပါးသော်လည်း အဆင့်မြင့်နည်းပညာများ အသုံးပြု၍ စနစ်တကျဆောင်ရွက်နိုင်မှုကြောင့် အထွက်နှုန်းတွင် သိသိသာသာတိုးမြင့်နေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် ခိုအောင်းနိုင်သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပမာဏ၏ ၉၀ ရာခိုင်နှုန်းအထိ ထုတ်ယူနိုင်သည်ကို အားကျဖွယ်တွေ့ရှိရပါကြောင်း။

မိမိတို့နှင့်ရင်းနှီးသည့် မိတ်ဖက်ဆက်ဆံရေးရှိသည့်အပေါ် အခြေခံ၍ နည်းပညာအရင်းအနှီးနှင့် လူ့စွမ်းအားအရင်းအမြစ်များတွင် အားကောင်းမှုရှိသည့်ကုမ္ပဏီများအား မိမိတို့၏ သက်တမ်းရင့်ကုန်းတွင်းရေနံမြေများတွင် လာရောက်ရင်းနှီးမြှုပ်နှံ၍ အထွက်တိုးစီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း၊ ကုမ္ပဏီမှ ဘူမိဗေဒနှင့် အင်ဂျင်နီယာပညာရှင်များ၏ အကူအညီဖြင့် မိမိတို့၏ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါက ရေနံမြေများအလိုက် တွေ့ကြုံနေရသည့် မိမိတို့၏ အခက်အခဲများကို ကျော်လွှားနိုင်ပြီး စနစ်တကျ တူးဖော်ထုတ်လုပ်နိုင်သည့် ရေနံမြေများ ပေါ်ပေါက်လာမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့၏ ဝန်ထမ်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ရေနံတက္ကသိုလ်များ၊ လုပ်ငန်းခွင်များသို့ စေလွှတ်၍ စာတွေ့ လက်တွေ့ လေ့ကျင့်သင်ကြားနိုင်ရန် ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ နောင်တွင် အဆင့်မြင့်နည်းပညာများ စနစ်တကျ လွှဲပြောင်းရယူပြီး ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြန်လည်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကို အသေးစိတ်ဆွေးနွေးကြသည်။

ယင်းနောက် 3D Seismic တိုင်းတာခြင်းလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော စက်ပစ္စည်းကိရိယာများ ထုတ်လုပ်သည့်စက်ရုံသို့ သွားရောက်လေ့လာရာ စက်ရုံတာဝန်ရှိသူများက အစိတ်အပိုင်းတစ်ခုစီအလိုက် ထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီးအစိတ်အပိုင်းအလိုက် တပ်ဆင်နေမှု၊ အပြီးသတ်ထုတ်ကုန်များအား စမ်းသပ်စစ်ဆေးနေမှုတို့ကို ရှင်းလင်းပြသပြီး အဆင့်မြင့် Wireless 3D Seismic စက်ပစ္စည်းများကို အသုံးပြု၍ လက်တွေ့စမ်းသပ်သရုပ်ပြသသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် Wireline 2D Seismic ကိုသာ ဆောင်ရွက်နိုင်သေးသဖြင့် Wireless 3D Seismic စက်ပစ္စည်းကိရိယာများကို အသုံးပြုလာနိုင်ပါက ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်အသစ်များ ရှာဖွေဖော်ထုတ်အတည်ပြုနိုင်ခြင်း၊ ခိုအောင်းမှုပမာဏကို နီးစပ်စွာ ခန့်မှန်းနိုင်ခြင်း၊ Wireline 2D Seismic တိုင်းတာထားပြီး နေရာများတွင်လည်း ထပ်မံတိုင်းတာမှုများပြုလုပ်ခြင်းဖြင့် တူးဖော်ရေးအတွက် တိကျပြည့်စုံသည့် ဘူမိဗေဒဆိုင်ရာအချက်အလက်များ ထုတ်ဖော်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပြည်တွင်း၌ တိုးတက်ထုတ်ယူနိုင်ရေး ကြိုးပမ်းနေမှုများတွင် များစွာအထောက်အကူရရှိလာမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

✧ **ရှေ့ဖုံးမှ**

ယွန်းထည်လုပ်ငန်းသည် ညောင်ဦးမြို့ နှင့်ပုဂံမြို့တို့တွင် ဘိုးစဉ်ဘောင်ဆက် မိရိုးဖလာ အစဉ်အဆက် လုပ်ကိုင်လာခဲ့ကြောင်း၊ ဝါးနီးဖြင့် ရက်လုပ်သည့် ယွန်းထည်လုပ်ငန်းက စိုးရိမ်စရာ မရှိသော်လည်း၊ ဝါးနီးဖြာကြား မြင်းမြီးဖြင့် ရက်လုပ်သည့် ယွန်းထည်လုပ်ငန်းမှာ သုံး၊ လေးဦးသာ ကျန်ရှိတော့ကြောင်း၊ မြင်းမြီးဈေးနှုန်း ကြီးမြင့်လာခြင်း၊ ယွန်းထည်ရောင်းချမှု မတွင်ကျယ်ခြင်းနှင့် ယွန်းထည်ရက်လုပ်ရာတွင် လက်ဝင်ခြင်းများကြောင့် မြင်းမြီးဖြင့်ပြုလုပ်သည့် ယွန်းထည်လုပ်ငန်းများ တဖြည်းဖြည်း ပျောက်ကွယ်လာပြီး လုံးဝပျောက်ကွယ်သွားနိုင်သည့်အခြေအနေ ဖြစ်လာကြောင်း ပြောသည်။

ယခင်က ညောင်ဦးမြို့၊ ပုဂံမြို့၊ မင်းနန်သူကျေးရွာ၊ အရှေ့ဖွားစောကျေးရွာ၊ အနောက်ဖွားစောကျေးရွာနှင့် မြင်းကပါကျေးရွာတို့တွင် မြင်းမြီးဖြင့် ပြုလုပ်သည့် ယွန်းထည်လုပ်ငန်းများ တွင်တွင်ကျယ်ကျယ်ရှိခဲ့ရာမှ ယခုအခါ မြင်းမြီးဖြင့်ရက်လုပ်သည့် ယွန်းထည်လုပ်ငန်းလုပ်ကိုင်သူ သုံး၊ လေးဦးသာ ကျန်တော့ကြောင်း သိရသည်။ ယွန်းထည်ပြုလုပ်ရာတွင် တင်းဝါးယွန်းထည်၊ သစ်သားယွန်းထည်၊ မြင်းမြီးယွန်းထည်ဟု သုံးမျိုးရှိကြောင်း မြင်းမြီးဖြင့်ပြုလုပ်သည့် ယွန်းထည်သည် လုပ်ရကိုင်ရလက်ဝင်ကြောင်း၊ ပါးလွှာသည့် ဝါးနီးဖြာလေးများကြားတွင် မြင်းမြီးတစ်ချောင်းစီထည့်ကာ အသေးစိတ်ရက်လုပ်ရကြောင်း၊ လေးလက်မခွက်တစ်လုံးရက်လုပ်လျှင်ပင် အချိန်တစ်နာရီခွဲခန့်ကြာမြင့်ကြောင်း၊ အဝိုင်းပုံ၊ အလုံးပုံယွန်းထည်များကို မြင်းမြီးဖြင့်ရက်လုပ်ပြီး ထောင့်ချိုး၊ ထောင့်ကွေးယွန်းထည်များတွင် မြင်းမြီးကို မသုံးကြောင်း၊ မြင်းမြီးဖြင့်ရက်လုပ်သည့် ယွန်းထည်ပစ္စည်းများသည် ပျော့ပျောင်းကာ အရည်အသွေးအလွန်ကောင်းမွန်ကြောင်း သိရသည်။

လက်ရှိတွင် မြင်းမြီးတစ်ပိဿာ ငွေကျပ် ၇၀၀၀၀ ပေးဝယ်ရပြီး ရက်လုပ်ရာတွင် ခက်ခဲသောကြောင့် မြင်းမြီးဖြင့်



ရက်လုပ်သည့် ယွန်းထည်လုပ်ငန်းများ ထိန်းသိမ်းလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **ဒီပါလင်း**
ပျောက်ကွယ်မသွားရန် ယွန်းလုပ်ငန်းရှင်

# ပင်လယ်ရေမှ စိုက်ပျိုး၊ မွေးမြူရေးသုံး ရေချို၊ ရေသန့်ထုတ်လုပ်ခြင်း သုတေသနဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တက္ကသိုလ် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာစင်တာ၌ (Center for Research and Innovation) Innovative Biophysics Lab တွင် Green Hydrogen Fuel Cell နည်းပညာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်သည့် စွမ်းအင်စနစ် သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။



ထိုသို့ကြည့်ရှုစဉ် ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနကထိက ဒေါက်တာစောလင်းဦးက ပင်လယ်ရေမှ စိုက်ပျိုး၊ မွေးမြူရေးသုံး ရေချို၊ ရေသန့် တစ်နာရီ ၁၀၀ လီတာ ထုတ်လုပ်ခြင်း သုတေသနလုပ်ငန်း ဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဇုန်အဆင့်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သထုံလမ်းရှိ တက္ကသိုလ်ဘောလုံးအားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဆရာ ဆရာမများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ၂၀၀၉ ခုနှစ်မှစတင်၍ နှစ်စဉ်ပညာသင်နှစ်အလိုက် စဉ်ဆက်မပြတ်ကျင်းပခဲ့ရာ ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းဒေသကြီးများတွင်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ပါဝင်ယှဉ်ပြိုင်လာကြသည်အထိ အောင်မြင်မှုရရှိလာသည်ကို တွေ့မြင်ရပါကြောင်း။

တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲကို တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ အားကစားအဆင့်အတန်းမြှင့်တင်ရန်၊ တက္ကသိုလ်အားကစားပြိုင်ပွဲများမှ တစ်ဆင့် နိုင်ငံကိုယ်စားပြု အားကစားသမားများအဖြစ် လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ရန်၊ အားကစားစိတ်ဓာတ်ကိုအရင်းခံ၍ အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ ဖွဲ့ရှိမှု၊ သည်းခံမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ အသင်းအဖွဲ့စိတ်ဓာတ်ရှိမှု၊ စည်းကမ်း၊ ဥပဒေနှင့် နည်းဥပဒေများကို လေးစားလိုက်နာမှု၊ ယဉ်ကျေးသိမ်မွေ့မှုနှင့် နိုင်ငံ့သားကောင်းဖြစ်မှု စသည့် အရည်အသွေးကောင်းများရှိစေရန်၊ အာဆီယံနှင့် ဒေသတွင်းပြိုင်ပွဲများတွင် အောင်ပွဲရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်တက္ကသိုလ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပါကြောင်းပြောကြားပြီး လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုဆုငွေပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီထံ တက္ကသိုလ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲအတွက် ဂုဏ်ပြုငွေ ပေးအပ်သည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဇုန်အဆင့်ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၂၀ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များသည် အောက်မြန်မာပြည် ဇုန်လေးဇုန်နှင့် အထက်မြန်မာပြည် ဇုန်လေးဇုန်အဖြစ် ဇုန်အလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ တက္ကသိုလ်ကျောင်းသား ကျောင်းသူ အားကစားသမား၊ အုပ်ချုပ်သူ၊ နည်းပြ စုစုပေါင်း ၂၇၂ ဦး ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## သရက်မြို့နယ်အတွင်း လောင်စာဆီသယ်ယာဉ်များ မီးဘေးလုံခြုံရေးစစ်ဆေး

သရက် အောက်တိုဘာ ၂၀

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း မီးလောင်မှု/မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ သရက်ခရိုင်မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးရန်နိုင်ထွန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့တွင် သရက်မြို့ ဦးချိုစက်သုံးဆီဆိုင်တွင် ဆီချခြင်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

လောင်စာဆီသယ်ယာဉ်များ စက်သုံးဆီအရောင်းဆိုင်များရှိ လောင်စာဆီသိုလှောင်ကန်များသို့ လောင်စာဆီဖြည့်သွင်းခြင်းနှင့် လမ်းခရီးတစ်လျှောက် လောင်စာဆီသယ်ယူ မောင်းနှင်ရာတွင် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် လိုအပ်သောမီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ လုံလောက်စွာထားရှိစေရေးနှင့် မီးဘေးလုံခြုံရေးကိစ္စရပ်များ စနစ်တကျအလေးထားဆောင်ရွက်သွားရေးကို စစ်ဆေးအကြံပြုခဲ့ကြောင်း သိရသည်။

**လင်းခန့်**

## ကော့သောင်းမြို့နယ်၌ သမာဓိငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ကော့သောင်း အောက်တိုဘာ ၂၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ကော့သောင်းမြို့နယ် သမာဓိငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ကော့သောင်းမြို့နယ် သမဝါယမဦးစီးဌာနရုံးတွင် ကျင်းပသည်။



အခမ်းအနားတွင် ကော့သောင်းမြို့နယ် သမာဓိငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ သဘာပတိ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် အသင်း၏ လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကော့သောင်းမြို့နယ် သမာဓိငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြား၍ သဘာပတိက အတည်ပြုခဲ့သည်။ ယင်းနောက် အသင်း အမှုဆောင် ဒါရိုက်တာအဖွဲ့ အစားထိုးရွေးချယ်ရန် အဆိုပြုခြင်းနှင့် အတည်ပြုခြင်းများ ဆောင်ရွက်ပြီး အမှုဆောင် ဒါရိုက်တာအဖွဲ့ဝင်များ ကတိသစ္စာခံယူခဲ့ကြသည်။

ယင်းနောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ အသင်းသားများ၏ သားသမီးများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့သည်။ သမာဓိငွေစုငွေချေး သမဝါယမအသင်းတွင် တစ်နှစ်ပတ်လုံးအတွက် အမြတ်ငွေ ၆၄ သိန်းရရှိခဲ့ပြီး အစည်းအဝေးအပြီးတွင် အသင်းသား အသင်းသူများအား စုဆောင်းငွေပေါ်အတိုး၊ အစုပေါ်အမြတ်နှင့် လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရူပါမြင့်(ပြန်/ဆက်)**

## ပုဇွန်တောင်မြို့နယ်အတွင်းရှိ ပြည်သူများအား ကြက်ဥများ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရေးအတွက် ကြက်ဥများကို ဈေးနှုန်းချိုသာစွာဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် ယနေ့နံနက်ပိုင်းက စတင်ရောင်းချပေးခဲ့သည်။



ထိုသို့ရောင်းချရာ၌ ပြည်သူများအတွက် ကြက်ဥတစ်လုံးလျှင် ၃၆၅ ကျပ်နှုန်းဖြင့် စုစုပေါင်းအလုံးရေ ၁၀၀၀၀ ကို အမှတ်(၇)ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်းနှင့်ကွက်သစ်လမ်းထောင့်နှင့် အမှတ်(၁၀)ရပ်ကွက်၊ ၄၉ လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထိပ်များတွင် ရောင်းချပေးခဲ့သည်။

**ဟန်စုယဉ်**

✪ ပွင့်ဖြူမြို့နယ်မှ

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးဆီဖူလုံပိုလျှံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် မြေပဲ ၅၂၆၇ ဧက၊ နှမ်း ၂၄၀၆၅ ဧက၊ နေကြာဧက ၁၁၂၀ စုစုပေါင်း ဆီထွက်သီးနှံစုံ ၃၀၄၅၂ ဧက စိုက်ပျိုးထားရှိကြောင်း သိရပြီး ယခုအခါ ဆီထွက်သီးနှံစိုက်ခင်းများကို ဒေသခံတောင်သူများက ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ဇူလိုင်လမှစပြီး ပြန်လည်ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ ယနေ့အထိ မြေပဲ၊ နှမ်း၊ နေကြာဆီထွက်သီးနှံစုံ ၃၀၂၆၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆီထွက်သီးနှံစိုက်ပျိုးတာနဲ့ပတ်သက်ပြီး တောင်သူတွေကို သီးနှံအထွက်နှုန်း တိုးတက်စေဖို့အတွက် ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ဝယ်ယူစိုက်ပျိုးနိုင်အောင် ချိတ်ဆက်ဆောင်ရွက်ပေးပါတယ်။ လက်ရှိမှာ တောင်သူတွေက ဆီထွက်သီးနှံစိုက်ခင်းတွေကို ပြန်လည်ရိတ်သိမ်းနေပြီး ဒီနေ့အထိ မြေပဲ၊ နှမ်း၊ နေကြာ ၃၀၂၆၂ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ သီးနှံအထွက်နှုန်းအနေနဲ့ မြေပဲတစ်ဧက ၅၅ ဒသမ ၂၆ တင်း၊ နှမ်းတစ်ဧက ၉ ဒသမ ၄၃ တင်း၊ နေကြာတစ်ဧက ၁၉ ဒသမ ၃၅ တင်းနှုန်း ထွက်ရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဈေးကွက်ရှိသည့် မြေပဲ၊ နှမ်း၊ နေကြာဆီထွက်သီးနှံများကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး နေပြည်တော်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန် ၆၈ ရက် သာ လိုတော့သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## မိုင်းဆတ်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေး

**မိုင်းဆတ် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ယောင်းခ ကျေးရွာ၌ ယမန်နေ့က မဲဆန္ဒရှင် အသိပညာပေးခြင်းနှင့် မြန်မာ အီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ် မဲပေးခြင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



အခမ်းအနားတွင် မိုင်းဆတ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအားလွန်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်တင်ဝင်းတို့က ဒီဇင်ဘာ ၂၈ ရက်မှစ၍ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို အပိုင်းလိုက် ကျင်းပဆောင်ရွက်သွားမည့် အခြေအနေများ၊ မဲဆန္ဒရှင်တစ်ဦး သိသင့်သိထိုက်သည့်အချက်များ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးခွင့် မဆုံးရှုံးစေရေး ဆောင်ရွက်ပေးမည့်ကိစ္စရပ်များ၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက်များ၏ တိကျမှု၊ လျင်မြန်မှုနှင့် မဲဆန္ဒရှင်စာရင်းများ တစ်နိုင်ငံလုံး ကပ်ထားကြေညာထားမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာသူ ကျေးရွာသား ၁၁၇၃ ဦးတို့က မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဆိုင်ရာများကို လေ့လာခဲ့ကြပြီး လက်တွေ့စမ်းသပ် မဲပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## နောင်ချိုမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်း ဖွင့်လှစ်

**နောင်ချို အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲပေးစက်ကိုင်တွယ်အသုံးပြုမည့်မဲရုံအဖွဲ့ဝင်များအား မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ကိုင်တွယ် အသုံးပြုနည်းသင်တန်းကို အောက်တိုဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် နောင်ချိုမြို့နယ်ခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးစိုင်းထူးလင်းကျော် ဦးဆောင်သော ကော်မရှင်အဖွဲ့ခွဲဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြသခဲ့သည်။

ယင်းနောက်တက်ရောက်လာကြသော မဲရုံမှူး၊ ဒုမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များအား မဲပေးစက်တပ်ဆင်အသုံးပြုခြင်း၊ ဖြုတ်သိမ်းခြင်းများကို လက်တွေ့ဆောင်ရွက်စေပြီး သင်တန်းသို့ တစ်ရက်လျှင် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၉၂ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သာပေါင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်း အသိပေးကြေညာ

**သာပေါင်း အောက်တိုဘာ ၂၀**

ဒီဇင်ဘာ ၂၈ ရက်၌ ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်အသီးသီးမှ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကိုသက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ရွေးချယ်ခဲ့ပြီး အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းမှစတင်ကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးနှင့် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ပြည်သူများ သိရှိလေ့လာနိုင်စေရန် ကပ်ထားကြေညာပေးလျက်ရှိကြောင်း သိရသည်။

သာပေါင်းမြို့နယ်၌ မဲရုံပေါင်း ၁၉၄ ရုံရှိပြီး ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာချိန်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၉၀၉၇၁ ဦးထိရှိရာ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်နေရာအတွက်ခြောက်ဦး၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)တွင် ခုနစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အချိုးကျကိုယ်စားပြုစနစ်(PR) မဲဆန္ဒနယ်(၂)တွင် ၂၈ ဦး ပေါင်း ၄၁ ဦးတို့ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံကြမည့် သက်ဆိုင်ရာလွှတ်တော်မဲဆန္ဒနယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက်ပုံစံ (၁၀)၊ ပုံစံ(၁၀-က)နှင့် ပုံစံ(၁၀-ခ)များကို မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ အောက်တိုဘာ ၁၉ ရက်က တစ်ပြိုင်တည်း ကပ်ထားကြေညာထားလျက်ရှိကြောင်း သိရသည်။

သာပေါင်း(ပြန်/ဆက်)



## ငဖဲမြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏အမည်စာရင်း ကြေညာထားရှိ

**ငဖဲ အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ၂၀၂၅ ခုနှစ်ဒီဇင်ဘာလတွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကို ယနေ့နံနက်ပိုင်းက စတင်ကပ်ထားကြေညာထားရှိကြောင်း သိရသည်။

အဆိုပါလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက်များကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီစိစစ်ခြင်းကို ဆောင်ရွက်ခဲ့ပြီး စိစစ်လက်ခံအတည်ပြုထားသော သက်ဆိုင်ရာ လွှတ်တော်မဲဆန္ဒနယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက်ပုံစံ(၁၀)၊ ပုံစံ(၁၀-က)၊ ပုံစံ(၁၀-ခ)များအား မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးနှင့် ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြေညာထားရှိကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

မယု(ငဖဲ)

# ဘဝကို ဖျက်ဆီးနိုင်သည့် စလော့ဂိမ်းလောင်းကစား

**ကိုဘုန်း (ထုတ်လုပ်)**

**လောင်းကစားခြင်းသည် ကမ္ဘာတစ်ဝန်းရှိ ယဉ်ကျေးမှုအများအပြားတွင် ရာစုနှစ်ပေါင်းများစွာ တည်ရှိခဲ့သော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ လောင်းကစားလုပ်ငန်းသည် များပြားလှသော စီးပွားရေးအကျိုးအမြတ်များနှင့်အတူ ပြဿနာများစွာကိုလည်း ဖြစ်ပေါ်စေပါသည်။ လောင်းကစားခြင်း၏ သမိုင်းကြောင်းသည် ရှေးခေတ်တရုတ်၊ ဂရိနှင့် ရောမလူမျိုးများသည် ကစားနည်းမျိုးစုံဖြင့် လောင်းကစားလေ့ရှိကြောင်း သမိုင်းမှတ်တမ်းများက ဖော်ပြထားသည်။ ခေတ်သစ်တွင် အွန်လိုင်းလောင်းကစားကွန်ရက်များ၏ ထွန်းကားမှုနှင့်အတူ လောင်းကစားခြင်းသည် လူငယ်များလက်တွင်းသို့ ရောက်ရှိလာခဲ့သည်။**

လောင်းကစားလုပ်ငန်းသည် ကမ္ဘာတစ်ဝန်းတွင် ဘီလီယံပေါင်းများစွာသော ငွေကြေးကို လည်ပတ်စေသည့် ကြီးမားသောစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ အစိုးရများအတွက် အခွန်ဝင်ငွေများရရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါသည်။ သို့ရာတွင် ဤစီးပွားရေးအကျိုးကျေးဇူးများသည် လောင်းကစား၏ ဆိုးကျိုးများနှင့်ယှဉ်၍ ချိန်ထိုးကြည့်ရန် လိုအပ်ပါသည်။

### လောင်းကစား၏ ဆိုးကျိုးများ

လောင်းကစားစွဲလမ်းမှုသည် စိတ်ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် အသိအမှတ်ပြုထားပြီး ဘဝများကို ပျက်စီးစေနိုင်သည်။ လောင်းကစားသူများသည် မိမိတို့၏ငွေကြေးများကို မကြာခဏ ဆုံးရှုံးလေ့ရှိပြီး အိမ်ခြံမြေ၊ ကားနှင့် အခြားသော တန်ဖိုးကြီးပစ္စည်းများ ဆုံးရှုံးရသည်အထိ ဖြစ်တတ်ပါသည်။ လောင်းကစားပြုလုပ်သူများသည် ဆုံးရှုံးငွေများကို ပြန်လည်ရယူရန် အတိုးကြီးစားဖြင့် ငွေချေးယူတတ်ကြသည်။ ဤသို့ဖြင့် ကြွေးမြီ ပင်လယ်ထဲသို့ နစ်မြုပ်သွားတတ်သည်။ လောင်းကစားခြင်းသည် အိမ်ထောင်ရေးပြဿနာများ၊ မိသားစုအတွင်း စကားများခြင်းနှင့် ကွာရှင်းပြတ်စဲခြင်းများကို ဖြစ်ပေါ်စေနိုင်ပြီး မိဘများ၏ လောင်းကစားခြင်းသည် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုထိခိုက်စေကာ စီးပွားရေး အခက်အခဲများကြောင့် ပညာရေးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ လောင်းကစားပြုလုပ်သူများသည် စိတ်ဖိစီးမှုများ၊ စိုးရိမ်ပူပန်မှုများနှင့် စိတ်ဓာတ်ကျဆင်းမှုများ ခံစားရတတ်ပြီး အိပ်မပျော်ခြင်း၊ ခေါင်းကိုက်ခြင်း၊ သွေးတိုးခြင်းနှင့် အစာအိမ်ရောဂါများ ဖြစ်ပေါ်စေနိုင်သည်။ လောင်းကစားခြင်းကြောင့် နောက်ဆက်တွဲပြဿနာများဖြစ်သည့် ခိုးခြင်း၊ လိမ်လည်ခြင်း၊ ငွေချေးစာချုပ်ချိုးဖောက်ခြင်းစသည့် ရာဇဝတ်မှုများကျူးလွန်နိုင်ပြီး ဥပဒေ၏အပြစ်ပေးခြင်းနှင့် လူမှုရေးဆိုင်ရာ ဆိုးကျိုးများကို ဖြစ်ပေါ်စေပါသည်။ ထို့အပြင် လောင်းကစားသူများသည် မိသားစု၊ မိတ်ဆွေများနှင့် လူမှုအသိုင်းအဝိုင်း၏ ယုံကြည်မှုကို ဆုံးရှုံးသဖြင့် လူမှုရေးဂုဏ်သိက္ခာ ဆုံးရှုံးတတ်ပါသည်။

ယခုအချိန်သည် အင်တာနက်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အွန်လိုင်းလောင်းကစားလုပ်ငန်းသည် ကမ္ဘာတစ်ဝန်းတွင် အလွန်အမြန်ကြီးထွားလာခဲ့ပါသည်။




မိမိနှင့် မိမိတို့ပတ်ဝန်းကျင်အား လုံးဝအကျိုးမပြုဘဲ ဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေသည့် စလော့ဂိမ်းအမျိုးမျိုး။

### အွန်လိုင်းလောင်းကစား၏ မူလအစနှင့် ကြီးထွားမှု

၁၉၉၀ ပြည့်လွန်နှစ်များတွင် အင်တာနက် ပေါ်ပေါက်လာပြီးနောက် ပထမဆုံးအွန်လိုင်းလောင်းကစားဝက်ဘ်ဆိုက်များ ပေါ်ထွက်လာခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်များတွင် နည်းပညာတိုးတက်မှုနှင့်အတူ ဤလုပ်ငန်းသည် သိသိသာသာကြီးထွားလာခဲ့သည်။ အွန်လိုင်းလောင်းကစားသည် မိုဘိုင်းဖုန်းဖြင့် မည်သည့်နေရာမှမဆို ကစားနိုင်ခြင်း၊ တစ်နေ့လျှင် ၂၄ နာရီ ဝန်ဆောင်မှုပေးနိုင်ခြင်း၊ စလော့ဂိမ်းများ၊ အားကစားလောင်းကစားခြင်း၊ ကာစီနိုဂိမ်းများ အစုံအလင်ရရှိနိုင်ခြင်း၊ ကြီးမားသောဆုကြေးငွေများ ရရှိနိုင်ခြင်း စသည်တို့ဖြင့် လူအများကို ဆွဲဆောင်နိုင်ခဲ့ပါသည်။ အွန်လိုင်းလောင်းကစားများထဲမှ စလော့ဂိမ်းများသည် အထင်ရှားဆုံး ကစားနည်းတစ်ခုဖြစ်ပါသည်။ ရိုးရှင်းသောစည်းကမ်းချက်များ၊ စွဲမက်ဖွယ်ရာအသံနှင့် အရောင်တောက်ပမှုများကြောင့် ကမ္ဘာတစ်ဝန်းရှိ ကစားသမားများကို ဆွဲဆောင်နိုင်ခဲ့ပါသည်။

### စလော့ဂိမ်း၏ သမိုင်းကြောင်း

စလော့ဂိမ်းများ (Slot Games) ၏ သမိုင်းကြောင်းသည် ၁၉ ရာစုနှောင်းပိုင်းတွင် စတင်ခဲ့ပြီး လက်ရှိကာလအထိ အဆင့်အမျိုးမျိုးဖြင့် ပြောင်းလဲတိုးတက်လာခဲ့သည်။ ပထမဆုံးသော စက်မှုလောင်းကစားစက်များကို နယူးယောက်မြို့တွင် တီထွင်ခဲ့သည်။ ၁၈၉၁ ခုနှစ်တွင် Sittman and Pitt က ဖဲချပ် ၅၀ ပါဝင်သည့် လောင်းကစားစက်ကို တီထွင်ခဲ့ပြီး ထိုစက်သည် ကာစီနိုလောကတွင် လောင်းကစားစက်ခေတ်ကို စတင်စေခဲ့သည်။ နောက်ပိုင်းတွင် Charles Fey အမည်ရှိ တီထွင်သူတစ်ဦးသည် စက်၏လုပ်ဆောင်မှုများကို ရိုးရှင်းအောင်ပြုလုပ်ခဲ့ပြီး ၁၈၉၅ ခုနှစ်တွင် "Liberty Bell" ဟုခေါ်သော စလော့စက်ကို တီထွင်ခဲ့သည်။ ၎င်းစက်သည် ယခုခေတ် စလော့ဂိမ်းများ၏ အခြေခံအုတ်မြစ်ဖြစ်ပြီး ဒရမ်သုံးခုနှင့် စိန်၊ ပို၊ ဂေါ်ဇီထုပ်၊ မြင်းခွာနှင့် Liberty Bell ပုံများပါရှိသည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် အင်တာနက်ပေါ်ပေါက်လာပြီးနောက် အွန်လိုင်းစလော့ဂိမ်းများ ခေတ်စားလာခဲ့ပါသည်။

စလော့ဂိမ်းများသည် လူကြိုက်များသော အွန်လိုင်းကစားနည်း တစ်မျိုးဖြစ်သော်လည်း ၎င်းတို့ကို ဆော့ကစားခြင်းသည် ဆိုးကျိုးများစွာကို ဖြစ်ပေါ်စေပါသည်။ စလော့ဂိမ်းများသည် ဒီဇိုင်းထုတ်ထားသည့်အတိုင်း ကစားသူများအား ရေရှည်တွင် ငွေကြေးဆုံးရှုံးစေရန် ရည်ရွယ်ပါသည်။ နိုင်ငံတကာတွင် "Return to Player" (RTP) ရာခိုင်နှုန်းသည် ၉၀-၉၇ ရာခိုင်နှုန်းအတွင်းသာရှိပြီး ဆိုလိုသည်မှာ ကစားသမားများသည် ကစားငွေ၏ ၁၀ ရာခိုင်နှုန်းမှ သုံးရာခိုင်နှုန်းကို ပျမ်းမျှအားဖြင့် ဆုံးရှုံးမည်ဖြစ်သည်။ ဤသည်မှာ ကစားသမားများအတွက် မည်သို့ကစားကစား အမြဲတမ်းဆုံးရှုံးမည်ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံမှ အွန်လိုင်းဂိမ်းများသည် "Return to Player" (RTP) ရာခိုင်နှုန်း ၃၀-၄၅ ရာခိုင်နှုန်းသာရှိသောကြောင့် ကစားသမားတိုင်း၏ ကစားငွေသည် ၇၀ ရာခိုင်နှုန်းမှ ၅၅ ရာခိုင်နှုန်း ကစားတိုင်း အမြဲဆုံးရှုံးနေမည်ဖြစ်ပါသည်။ ထို့ကြောင့် အွန်လိုင်းဂိမ်းကစားသူတိုင်းသည် ငွေကြေးဆုံးရှုံးမှုကို မလွဲမသွေ ခံစားကြရပါသည်။

စလော့ဂိမ်းများသည် ဦးနှောက်အတွင်း ဒိုပါမင်းဟော်မုန်းများ ထုတ်လွှတ်မှုကို လှုံ့ဆော်ပေးပါသည်။ အနိုင်ရသည့်အခါတိုင်း (သို့) နီးစပ်သည့်အချိန်များတွင် ဦးနှောက်သည် ပျော်ရွှင်မှုဟော်မုန်းများ ထုတ်လွှတ်ကာ ထပ်မံကစားလိုစိတ်ကို ဖြစ်ပေါ်စေသည်။ ဤသည်မှာ မူးယစ်ဆေးစွဲခြင်း၏ ဇီဝကမ္မဖြစ်စဉ်နှင့် ဆင်တူပါသည်။ ထို့အပြင် ငွေကြေးဆုံးရှုံးမှုများသည် စိတ်ဖိစီးမှု၊ စိုးရိမ်စိတ်နှင့် စိတ်ဓာတ်ကျဆင်းမှုကို ဖြစ်ပေါ်စေနိုင်သည်။ လေ့လာတွေ့ရှိချက်များအရ လောင်းကစားစွဲလမ်းသူများတွင် စိတ်ဓာတ်ကျခြင်းနှင့် စိုးရိမ်စိတ်လွန်ကဲခြင်း ဖြစ်နိုင်ခြေ သာမန်လူများထက် နှစ်ဆမှ သုံးဆအထိ ပိုမိုမြင့်မားကြောင်း တွေ့ရှိရသည်။ အချိန်ကြာမြင့်စွာ စလော့ဂိမ်းကစားခြင်းသည် မျက်စိညောင်းညာခြင်း၊ မျက်စိအားနည်းခြင်း၊ ဇက်ကြော၊ ပခုံးကြောများတင်းမာခြင်း၊ အိပ်ရေးပျက်ခြင်းနှင့် အိပ်စက်ခြင်းပုံမှန်မရှိခြင်း၊ ထိုင်းမှိုင်းခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။

### မြန်မာနိုင်ငံနှင့် စလော့ဂိမ်းအန္တရာယ်

မြန်မာနိုင်ငံတွင် အွန်လိုင်းစလော့ဂိမ်းများ ခေတ်စားလာခြင်းသည် လူငယ်လူရွယ်များ အပါအဝင် လူကြီးများပါ ထိခိုက်နစ်နာစေနိုင်သော ပြဿနာတစ်ရပ်အဖြစ် ကြီးထွားလာနေပါသည်။ အင်တာနက်လွယ်ကူလာသောကြောင့် အွန်လိုင်းကစားနည်းများ ပိုမိုရေပန်းစားလာခဲ့ပြီး စလော့ဂိမ်းများသည် လွယ်ကူစွာ ဝင်ရောက်ကစားနိုင်သော ဂိမ်းတစ်မျိုးဖြစ်လာခဲ့သည်။ မိုဘိုင်းငွေချေစနစ်များ ပေါ်များလာခြင်းကလည်း ဤအခြေအနေကို ပိုမိုဆိုးရွားစေခဲ့သည်။ လူအများစုတို့သည် စီးပွားရေးခက်ခဲမှုများကြောင့် လျင်မြန်စွာချမ်းသာနိုင်မည့် နည်းလမ်းများကို ရှာဖွေနေကြရာ စလော့ဂိမ်းများသည် "လွယ်ကူသောငွေရှာနည်း" အဖြစ် အထင်မှားစေပါသည်။ အမှန်တကယ်တွင်မူ ကစားသမားအများစုသည် ဆုံးရှုံးမှုသာ ကြုံတွေ့နိုင်သော်လည်း မြန်မာနိုင်ငံရှိ အွန်လိုင်း စလော့ဂိမ်းအများစုသည် တရားဝင်မဟုတ်သော ချန်နယ်များမှတစ်ဆင့် ကစားနေကြခြင်းဖြစ်သောကြောင့် ဂိမ်းများတွင် ငွေကြေးလိမ်လည်မှုများ ကြုံတွေ့နိုင်ခြေမြင့်မားခြင်း၊ ကိုယ်ရေးကိုယ်တာ အချက်အလက်များ ခိုးယူခံရနိုင်ခြင်း၊ ငွေသားထုတ်ယူမှုများ ပြဿနာရှိခြင်း စသည့်ပြဿနာများစွာရှိပါသည်။

လူအများစုတို့သည် စီးပွားရေးခက်ခဲမှုများကြောင့် လျင်မြန်စွာချမ်းသာနိုင်မည့် နည်းလမ်းများကို ရှာဖွေနေကြရာ စလော့ဂိမ်းများသည် "လွယ်ကူသောငွေရှာနည်း" အဖြစ် အထင်မှားစေပါသည်။ အမှန်တကယ်တွင်မူ ကစားသမားအများစုသည် ဆုံးရှုံးမှုသာကြုံတွေ့နိုင်သော်လည်း မြန်မာနိုင်ငံရှိ အွန်လိုင်း စလော့ဂိမ်းအများစုသည် တရားဝင်မဟုတ်သော ချန်နယ်များမှတစ်ဆင့် ကစားနေကြခြင်းဖြစ်သောကြောင့် ဂိမ်းများတွင် ငွေကြေးလိမ်လည်မှုများ ကြုံတွေ့နိုင်ခြေမြင့်မားခြင်း၊ ကိုယ်ရေးကိုယ်တာ အချက်အလက်များ ခိုးယူခံရနိုင်ခြင်း၊ ငွေသားထုတ်ယူမှုများ ပြဿနာရှိခြင်း စသည့်ပြဿနာများစွာရှိ

မြန်မာ့ယဉ်ကျေးမှုတွင် မိသားစုသည် အလွန်အရေးကြီးသော်လည်း စလော့ဂိမ်းစွဲလမ်းမှုကြောင့် မိသားစုအတွင်း ငွေကြေးအခက်အခဲများ ဖြစ်ပေါ်စေခြင်း၊ အိမ်ထောင်ရေးပြဿနာများ ပေါ်ပေါက်လာခြင်း၊ မိဘများနှင့် သားသမီးများကြား ဆက်ဆံရေးပျက်စီးခြင်း၊ ပညာရေးထိခိုက်ခြင်း၊ အနာဂတ်များ ဆုံးရှုံးခြင်း စသည့်ဆိုးကျိုးများကို အတိုင်းအဆမရှိခံစားရပါသည်။

မြန်မာနိုင်ငံသည် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးကာလတွင်ရှိနေသေးသောကြောင့် စလော့ဂိမ်း၏အန္တရာယ်များကို ကာကွယ်ရန် လိုအပ်ချက်များ ရှိနေပါသည်။ လူတိုင်း လူတိုင်းသည် ဤအန္တရာယ်များကို သိရှိနားလည်ပြီး ကာကွယ်တတ်ရန်လိုအပ်ပါသည်။ အစိုးရ၊ လူမှုအဖွဲ့အစည်းများနှင့် မိသားစုများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ အဆိုပါပြဿနာကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် မိမိ၊ မိမိချစ်ရသူများနှင့် မိမိပတ်ဝန်းကျင်အား လုံးဝအကျိုးမပြုဘဲ ဆိုးကျိုးများသာပေးသော လောင်းကစားနှင့် အွန်လိုင်းလောင်းကစား(စလော့ဂိမ်း)တို့ကို လုံးဝအစပြုလုပ်၍ မကစားကြပါရန် အသိပေးရေးသားလိုက်ပါသည်။ ။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ လမ်းဘေးဝဲယာပလက်ဖောင်းများ ပြန်လည်ပြုပြင်နေမှုနှင့် နေပြည်တော်အတွင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၂၀

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်ရှိ ရာဇသင်္ဂဟလမ်းမကြီးတစ်လျှောက် လမ်းဘေးပလက်ဖောင်းများ ပြန်လည်ပြုပြင်နေမှု၊ လမ်းဘေးဝဲယာနှင့် လမ်းလယ်ကျွန်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေး ရာသီအလိုက် ပန်းအလှပင်များနှင့် အရိပ်ရအပင်များ ထပ်မံစိုက်ပျိုးထားရှိမှုနှင့် T လမ်းဆုံရေကန် သန့်ရှင်းသာယာလှပရေး Collector Drain၊ Slop Drain နှင့် ကျောက်စီရေထိန်းနံရံများ ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးသည့်အပင်များ ရှင်သန်ကြီးထွားအောင် စိုက်ပျိုးကြရန်၊ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး အလေးထားဆောင်ရွက်သွားရန်၊ လမ်းပိုင်းများ သတ်မှတ်အချိန်အတွင်း အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးနှင့် လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် ကံ့ကော်အိမ်ရာသို့ သွားရောက်၍ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်နေမှုနှင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အပိုင်းလိုက် အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ လူအင်အား၊ စက်ယန္တရားအင်အား တိုးမြှင့်ဆောင်ရွက်ရေး၊ လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်ချိန်အတွင်း ပြီးစီးစေရန်နှင့် အရည်အသွေးစံချိန်၊ စံညွှန်းများကိုက်ညီမှုရှိစေရန် စစ်ဆေးဆောင်ရွက်ရေး၊ ရေရှည်တည်တံ့မှုရှိစေရန် ပြုပြင်ထိန်းသိမ်းရေး၊ အရည်အသွေးပြည့်မီသည့်ပစ္စည်းများကိုသာ လုပ်ငန်းခွင်တွင် အသုံးပြုရေး၊ ငလျင်ဒဏ်အပြင် သဘာဝဘေးအန္တရာယ်များ ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ရေး၊ ရေများတင်ကျန်မှုမရှိစေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျ ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

# ဒေသခံလူငယ်များအတွက် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း ဖွင့်လှစ်



**နေပြည်တော် အောက်တိုဘာ ၂၀**

ဒေသခံ လူငယ်များအတွက် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း သုံးမျိုးဖြစ်သည့် ဧည့်ကြို (Front Office)၊ အိပ်ခန်းဆောင် ထိန်းသိမ်းရေး(House Keeping)၊ အစားအသောက်နှင့် အဖျော်ယမကာ ဝန်ဆောင်မှု(Food & Beverages- service) အခြေခံသင်တန်းများနှင့် အာဆီယံ အသိအမှတ်ပြု နိုင်ငံအဆင့်သင်ကြားရေးဆရာဖြစ်သင်တန်း (ASEAN National Trainer)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ အဂ္ဂါပေ(AGAPE)ဟိုတယ်၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တက်ရောက်သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီးပြည်နယ်စီးပွားရေးရာ ဝန်ကြီးက ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ကချင်ဇုန်)တို့ ပူးပေါင်း၍ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့မှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ မျိုးဆက်သစ် လူငယ်လက်ဝှေ့ အားကစားသမားများ ပေါ်ထွန်းလာစေရေး ရည်ရွယ်ကျင်းပသည့် ၂၀၂၅ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို တက်ရောက်သည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အားကစားသည် လူငယ်များကို မှန်ကန်သော လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်၊ ကိုယ်ကာယကျန်းမာကြံ့ခိုင်စေရန်နှင့် စိတ်ဓာတ်မြှင့်တင်နိုင်ရန် အကောင်းဆုံးနည်းလမ်းပင် ဖြစ်ပါကြောင်း၊ ယနေ့ပြိုင်ပွဲတွင် လူငယ်များအနေဖြင့် မိမိတို့၏ ခွန်အား၊ ကျွမ်းကျင်မှု၊ ဉာဏ်ရည်ဉာဏ်သွေး၊ စည်းကမ်း၊ သည်းခံမှုနှင့် ရဲရင့်သော စိတ်ဓာတ်တို့ကို အစွမ်းကုန်ပြသယှဉ်ပြိုင်ကြကာ ပြည်နယ်၏ လက်ဝှေ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးကိုအလေးအနက်ထားကြိုးစားသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး လက်ဝှေ့ပြိုင်ပွဲအတွက် ချီးမြှင့်ထောက်ပံ့ငွေကျပ်သိန်း၃၀နှင့်လက်ဝှေ့ဆပ်ကော်မတီ တာဝန်ရှိသူများ၊ ပါဝင်ကူညီပံ့ပိုးပေးကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် လူငယ်လက်ဝှေ့သင်တန်းသား သင်တန်းသူများက လက်ဝှေ့လေ့ကျင့်ခန်းများဖြင့် သရုပ်ပြသမှုကို လည်းကောင်း၊ Grace အကအဖွဲ့က ကပြဖျော်ဖြေမှုကို လည်းကောင်း ကြည့်ရှုအားပေးပြီး လက်ဝှေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ဖြိုးဝေလင်း(မန်ခိန်)နှင့် မိုက်ကယ်ဇော်ခေါင်(ဒူကထောင်) တို့၏ ယှဉ်ပြိုင်ထိုးသတ်မှုကို လက်ဝှေ့ဝါသနာရှင်ပရိသတ်များနှင့်အတူ ကြည့်ရှုအားပေးကာ အနိုင်ရရှိသည့် လက်ဝှေ့ အားကစားသမားအား ဂုဏ်ပြုဆုငွေများပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် နန်းကွေ့ကျေးရွာ နယ်မြေ(၅)အတွင်းရှိ Grace ကလေးသူငယ်ပြုစုပျိုးထောင်ရေး မိဘမဲ့ ကလေးဂေဟာသို့ သွားရောက်ပြီး ဂေဟာရှိ မိဘမဲ့ကလေး ၃၂ ဦးအတွက် ဆန်အိတ် ၁၀ အိတ်၊ ဆီ ၁၀ ပိဿာနှင့် ကြက်ဥများကို ထောက်ပံ့ပေးအပ်ကာ ဂေဟာမှူး၏ လျှပ်စစ်မီးလိုအပ်ချက် တင်ပြမှုအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဂေဟာအတွင်းရှိ ကလေးများနှင့်တာဝန်ရှိသူများအားရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# ကံမမြို့နယ်၌ မီးဘေးလုံခြုံရေး စစ်ဆေး

ကံမ အောက်တိုဘာ ၂၀

ကံမမြို့နယ်အတွင်း မီးလောင်မှုအကြိမ်ရေနှင့် မီးလောင်ဆုံးရှုံးမှုများ လျော့နည်းကျဆင်းစေရန်အတွက် ရည်ရွယ်ကာ မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ မီးဘေးကာကွယ်ရေး အသိပညာပေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကံမမြို့နယ် ရေနံ့သာကျေးရွာအတွင်း မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း စစ်ဆေးခြင်းအား ရေနံ့သာနယ်မြေမီးသတ်စခန်းမှ ဒုမီးသတ်ဦးစီးမှူး ဦးမောင်မောင်ကျော် ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လင်းခန့်**

# မိတ္ထီလာခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို ပြိုင်ပွဲများကျင်းပ



**မိတ္ထီလာ အောက်တိုဘာ ၂၀**

မိတ္ထီလာခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြိုပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားနှင့် အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစီးမှူး ခရိုင်ပညာရေးမှူး ဒေါ်မော်မော်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြိုင်ပွဲများ ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲကို ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ ၄၄ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပွဲတော်အကြိုပြိုင်ပွဲများတွင် အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ ပါဝင်ပြီး ယင်းပြိုင်ပွဲကို အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ အကြိုကျင်းပမည်ဖြစ်သည်။

အထွေထွေဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲ မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ မူလတန်းအဆင့် စက္ကူခေါက်ပြိုင်ပွဲ၊ မူလတန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို အဆိုပါ ပွဲတော်ကျင်းပမည့် အောက်တိုဘာ ၂၈ ရက်တွင် အကြိုပြိုင်ပွဲများနှင့် အတူ အထက(၁)၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

**စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်**

# လှိုင်ကော်မြို့နယ်အတွင်းရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်



**လှိုင်ကော် အောက်တိုဘာ ၂၀**

လှိုင်ကော်မြို့နယ် ကုန်းသာကျေးရွာနှင့် လင်ဖုံလေးကျေးရွာများသို့ ပြန်လည်ဝင်ရောက်နေထိုင်သည့် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကျေးရွာပြည်သူများထံ သွားရောက်တွေ့ဆုံသည်။

ဦးစွာ လှိုင်ကော်မြို့နယ် ကုန်းသာကျေးရွာ တောင်မော့ဘုန်းတော်ကြီးကျောင်း ဥဪဇဗိမာန်ဓမ္မာရုံ၌ ကျေးရွာပြည်သူများနှင့်တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဝင်ရောက် နေထိုင်ကြသူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အမြန်ပြန်လည်လုပ်ကိုင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့ရပ်ရွာဒေသအား ယခင်ကဲ့သို့ စည်ပင်သာယာ ဖွံ့ဖြိုးလာအောင် ကျေးရွာနေပြည်သူများကလည်း ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေသကွပ်ကဲရေးမှူးက နယ်မြေလုံခြုံရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး ကျေးရွာပြည်သူများက ဘုန်းတော်ကြီးကျောင်းများ၊ နေအိမ်များ၊ စာသင်ကျောင်းများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေ၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ ဆောင်းသီးနှံနေကြာနှင့် နွေစပါးစိုက်ပျိုးနိုင်ရေး ကိစ္စရပ်များ၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားလုပ်ဆောင်လိုသည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက် အမိုးသွပ်နှင့် ထောက်ပံ့ငွေများကို လည်းကောင်း၊ ဆောင်းသီးနှံ နေကြာစိုက်ပျိုးမည့် တောင်သူများအတွက် နေကြာမျိုးစေ့ထုပ်များကိုလည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ တောင်မော့ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများနှင့် ကျောင်းဆောင်များ ပြန်လည်ပြုပြင်ပေးနိုင်ရေး၊ အထက (ကုန်းသာ) ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရန်အတွက် စာသင်ဆောင်များ ပြုပြင်ဆောင်ရွက်သွားရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် လင်ဖုံလေးကျေးရွာ လင်ဖုံလေး ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာစွမ်းသျှန်ကျောင်းတိုက် ဆရာတော်တို့ကို သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် လင်ဖုံလေး(အထက်နှင့်အောက်) ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က လင်ဖုံလေးကျေးရွာသည် ယခင်က လှိုင်ကော်မြို့သို့ ဟင်းသီးဟင်းရွက်များ အဓိကတင်ပို့ရောင်းချသည့်ကျေးရွာဖြစ်ကြောင်း၊ ယခုလည်း ဟင်းသီးဟင်းရွက်များကို ဒေသဖူလုံရုံသာမက အခြားနေရာများသို့ တင်ပို့ရောင်းချနိုင်သည်အထိ တိုးချဲ့စိုက်ပျိုးသွားကြစေလိုကြောင်း ပြောကြားပြီး အလက(လင်ဖုံလေး)မှ ဆရာ ဆရာမများ နေထိုင်စားသောက်မှုအဆင်ပြေစေရေးအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ကျေးရွာအတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ဇိနမာန်အောင်စေတီတော်မြတ်နှင့် မိုးကောင်းဘုရားများ ပြန်လည်ပြုပြင်ဆောင်ရွက်ရမည့် အခြေအနေကိုလည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ အလက(လင်ဖုံလေး)ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရန် ပြုပြင်ဆောင်ရွက်ရမည့်အခြေအနေကိုလည်းကောင်း၊ မင်္ဂလာစွမ်းသျှန်ဘုန်းတော်ကြီးကျောင်းအတွင်း ယာယီဖွင့်လှစ်ထားသည့် အလက(လင်ဖုံလေး)စာသင်ခန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရောဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနား ကျင်းပ



**ပုသိမ် အောက်တိုဘာ ၂၀**

ပြည်ထောင်စု ဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေအရာရှိများ၏ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ရောဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ရောဝတီတိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်ခင်ခင်နွယ်က အဖွင့်အမှာစကားပြောကြားပြီး သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲတွင် ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်တို့၏ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းသည်။ ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မတ်လမှ ဩဂုတ်လအထိ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းများကို Video Clip ဖြင့် ပြသပြီး ညွှန်ကြားရေးမှူးချုပ်များ၏ လမ်းညွှန်မှာကြားချက်များကို တိုင်းဒေသကြီး ဥပဒေအရာရှိက ထပ်ဆင့်ရှင်းလင်း၍ လုပ်ငန်းဆိုင်ရာများအား လမ်းညွှန်မှာကြားသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ရောဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြစ်သားမြို့နယ်၌ မိုးစပါး ၅၅၄၈၅ ဧက စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်း



**မြစ်သား အောက်တိုဘာ ၂၀**

မန္တလေး တိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ကင်းတားရေလှောင်တမံ ဆည်ရေဖြင့် မိုးစပါးစိုက်ပျိုးလျက်ရှိပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိုးစပါး ၅၅၄၈၅ ဧက စိုက်ပျိုးပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မြစ်သားမြို့နယ် အတွင်းရှိ ကျေးလက်နေတောင်သူများအနေဖြင့် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးသီးနှံ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် ကင်းတားရေလှောင်တမံဆည်ရေမှ စမာမြောင်း၊ ပန်းလောင်မြစ်နှင့် မြောင်းကြီးဘောင်း မြစ်တို့မှ တစ်ဆင့်ဖြန့်ဝေပေးခဲ့သည်။ ထိုသို့ စိုက်ပျိုးရေ စနစ်တကျဖြန့်ဝေမှုကြောင့် ဒေသခံတောင်သူများ စိုက်ပျိုးထားရှိသည့်မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိကာ ယခု ၂၀၂၄ - ၂၀၂၅ မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၅၅၄၈၅ ဧက စိုက်ပျိုးဆောင်ရွက်ထားရှိသည်။

မိုးစပါး စိုက်ပျိုးထုတ်လုပ်ရာတွင် အထွက်နှုန်းကောင်းလေ့ရှိပြီး ပန်းတိုင်အထွက်နှုန်းလည်း ပြည့်မီကျော်လွန်သဖြင့် မိုးစပါးစိုက်ပျိုးမှုဖြင့် နိုင်ငံ့စီးပွားတိုးတက်လျက်ရှိကာ တောင်သူများလည်း ထပ်တူအကျိုးခံစားရ၍ အကျိုးစီးပွား ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တနိုင်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲနှင့် တောင်သူကွင်းလက်တွေ့သရုပ်ပြပွဲ ကျင်းပ

**တနိုင်း အောက်တိုဘာ ၂၀**

ကချင်ပြည်နယ် တနိုင်းမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စုတွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲနှင့် တောင်သူကွင်းလက်တွေ့သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက မိုင်းခွန်ပေါက်ဝ ကောင်းကြီးဆန်စက်အနီး ဦးအောင်တိုး၏ လယ်မြေ၌ ကျင်းပသည်။

အဆိုပါသရုပ်ပြပွဲတွင် တနိုင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်လင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းလင်း၊ တနိုင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးနှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများစုပေါင်း၍ မိုးစပါးစိုက်ပျိုးထားသည့် မိုးကောင်းသောက်လယ်မြေ ဧက ၁၂၀၀ အား မိုးစပါးအထွက်နှုန်း မှန်ကန်ရေးအတွက် “ပေါ်ဆန်းမွှေး” မျိုးစပါး (သင့်) ကိုယ်စားပြုစံကွက်အား စုပေါင်းရိတ်သိမ်းခဲ့ရာ တစ်ဧကပျမ်းမျှ ၅၂ ဒသမ ၇၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**မနောမြေ(တနိုင်း)**



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မိုင်းတုံမြို့နယ်ရှိ သံလွင်တံတားသစ်(တာဆန်း) တည်ဆောက်နေမှုအခြေအနေ သွားရောက်ကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် သံလွင်တံတားသစ်(တာဆန်း) တည်ဆောက်နေမှုအား တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြရာ တံတားဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက တံတားဟောင်း၏ ကြံ့ခိုင်မှုအခြေအနေ၊ တံတားသစ်စီမံကိန်း ဖြစ်ပေါ်လာပုံ၊ စီမံကိန်းအား ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် စီမံကိန်းအပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးက စီမံကိန်းအချိန်မီပြီးစီးစေရေး၊ သတ်မှတ်စံချိန်စံညွှန်းကိုက်ညီစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးတို့ကို မှာကြားသည်။



ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တံတားသစ် တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် လက်ရှိအသုံးပြုလျက်ရှိသော တံတားဟောင်း၏ ကြံ့ခိုင်မှုအခြေအနေကို တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါ တံတားဟောင်းမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင်တို့ကို ဆက်သွယ်ထားသည့် နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်ရှိ အဓိက သံလွင်မြစ်ကူး ကြိုးတံတားတစ်စင်းဖြစ်ပြီး သက်တမ်းကာလကြာမြင့်ကာ တံတားခံနိုင်ရည် ကျဆင်းလာခြင်းကြောင့် ၎င်း၏အနီး၌ အရှည် ၈၇၆ ပေရှိ RC Concrete အမျိုးအစား တံတားသစ်အား ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှစတင်ကာ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုနှစ်ဒီဇင်ဘာလအတွင်း ခန့်မှန်းပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်မဲမြို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ စုပေါင်းသန့်ရှင်းရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၌ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၄ ဦးနှင့် ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော လူနာ ခုနစ်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**သန့်ရှင်းရေးဆောင်ရွက်**

ထို့ပြင် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ကျောက်မဲမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံစိတ်ချစွာ သွားလာနေထိုင်ရေးအတွက် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံတို့၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၀**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး(Counter- Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေး စသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိကျောင်းသား ကျောင်းသူများ၏ ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် သီပေါမြို့ ပြည်သူ့ဆေးရုံတို့၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် သီပေါမြို့အတွင်း ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနေရာချထားခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းအပြင် သီပေါမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကိုဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





# ပင်လောင်းမြို့နယ်၌ အထူးကုဆရာဝန်များက ကျန်းမာရေး အခမဲ့စောင့်ရှောက်မှုဆောင်ရွက်

**ကလော အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် တောင်ထိဗွာကျေးရွာအုပ်စု နန်းပန်းဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့နံနက် ၉ နာရီက ကလောခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီးဦးဆောင်၍ အထူးကုဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးအခမဲ့စောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ကလောခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းသန္တာဖြူ ဦးဆောင်သည့် အထူးကုဆရာဝန်များ(ဆေးပညာ၊ ခွဲစိတ်၊ မေ့ဆေး၊ ကလေး၊ သားဖွား၊ မီးယပ်နှင့် အရိုးအထူးကု)၊ သွားနှင့် ခံတွင်းဆရာဝန်၊ သူနာပြုများနှင့် ကျွမ်းကျင်ဝန်ထမ်းများ၊ ပင်လောင်းမြို့နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် အဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် ပင်လောင်းမြို့နယ် နန်းပန်းဘုန်းတော်ကြီးကျောင်း၌ ရဟန်းရှင်လူ၊ ပြည်သူများအား ရောဂါရှာဖွေ စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်း၊ လက်မောင်းတွင်းထည့် သားဆက်ခြားပစ္စည်း ထည့်ပေးခြင်းများ၊ မကူးစက်နိုင်သော နာတာရှည်ရောဂါများအတွက် NCD ဆေးများပေးခြင်းနှင့် ရောဂါအလိုက် လိုအပ်သော ဆေးဝါးများကို လူနာ ၄၈၃ ဦးအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# နိုင်ငံသားတိုင်း ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးကိုသိရှိပြီး ထိန်းသိမ်းကာကွယ်သွားကြပါစို့

*သီသီသောင်း*

❖ **ယဉ်ကျေးမှုအမွေအနှစ်ဟူသည် ကိုင်တွယ်ထိတွေ့နိုင်သည့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ် (Tangible Cultural Heritage) နှင့် ကိုင်တွယ်ထိတွေ့မှု မပြုနိုင်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage) ဟူ၍ နှစ်မျိုးရှိပါသည်။ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ် (Tangible Cultural Heritage) မှာ ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းနေရာများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ စသည်ဖြင့် ပါဝင်ပြီး ကိုင်တွယ်ထိတွေ့မှုမပြုနိုင်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage) များမှာ လူသားတို့ပြောဆိုသည့် ဘာသာစကား၊ အတွေးအခေါ်၊ ဓလေ့စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ယုံကြည်ကိုးကွယ်မှု၊ ရိုးရာဓလေ့ထုံးစံများ၊ အတွေးအခေါ်၊ လက်မှုအနုပညာနှင့် အနုသုခုမပညာ စသည့်ရှင်သန်နေသော ယဉ်ကျေးမှုအမွေအနှစ်များ ပါဝင်**

၂၀၀၃ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့က ယူနက်စကို (UNESCO) ၏ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ အထွေထွေအစည်းအဝေး၌ **"ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ရေးအပေါ် သဘောတူညီချက်"** သဘောတူစာချုပ်ကို အတည်ပြုခဲ့ရာ ယခုနှစ်တွင် ၂၂ နှစ်ပြည့်ပြီဖြစ်ပါသည်။ ၂၀၀၃ သဘောတူစာချုပ်သည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးကို အသိအမှတ်ပြုသည့် အရေးပါသော မှတ်တိုင်ဖြစ်ပြီး ယူနက်စကိုက ၁၉၇၂ ခုနှစ်တွင် အတည်ပြုခဲ့သော "ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ကာကွယ်ရေး သဘောတူစာချုပ်"ကို ပြည့်စုံစေသည့် တိုးတက်မှုတစ်ရပ်လည်း ဖြစ်ပါသည်။ ယနေ့အထိ စုစုပေါင်း ၁၈၃ နိုင်ငံက ယင်းသဘောတူစာချုပ်အပေါ် လက်မှတ်ရေးထိုးပြီးဖြစ်ကြပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံလုံး ပါဝင်ပါသည်။ ထိုထဲတွင် မော်လ်တာနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် နောက်ဆုံးအဖြစ် လက်မှတ်ရေးထိုးခဲ့သည့်နိုင်ငံ ဖြစ်ပါသည်။

၂၀၀၃ ခုနှစ် သဘောတူစာချုပ်၏ အရေးပါမှုကို နှစ်ပိုင်း မြင်နိုင်ပါသည်။ ပထမအနေဖြင့် "ယဉ်ကျေးမှုအမွေအနှစ်" ဟု ခေါ်ဆို၍ အသိအမှတ်ပြုနိုင်သော အရာများ၏ နယ်ပယ်အကျယ်ကို ကမ္ဘာလုံးဆိုင်ရာ အဆင့်တွင် ထူးခြားစွာတိုးချဲ့ပေးခဲ့ခြင်းဖြစ်ပြီး ဒုတိယအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်နှင့် ထိန်းသိမ်းစောင့်ရှောက်မှုအပေါ်တွင် တွေ့မြင်ရသော အနည်းငယ်ကွာခြားသည့် ဆောင်ရွက်မှုတစ်ခု ဖြစ်လာစေခဲ့ပါသည်။ ဤသဘောတူစာချုပ် နှစ်ပတ်လည် နှစ်(၂၀) ပြည့်သည့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလက ကျင်းပပြုလုပ်ခဲ့သည့် ယူနက်စကို၏ (၄၂) ကြိမ်မြောက် အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၃၄ ဖြင့် အောက်တိုဘာလ ၁၇ ရက်နေ့ကို **"အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့"** ဟု အတည်ပြုသတ်မှတ်ခဲ့ပါသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ပထမဆုံးအကြိမ်အဖြစ် အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့ ကျင်းပရန် ရှင်သန်နေသည့် ယဉ်ကျေးမှုအမွေအနှစ်များ၏ ကြွယ်ဝချမ်းသာမှုနှင့် မတူကွဲပြားမှုကို ပြသနိုင်သည့် ပွဲများ၊ လှုပ်ရှားမှုများ ပြုလုပ်စီစဉ်ဂုဏ်ပြုရန် လှုံ့ဆော်၍ ကမ္ဘာတစ်ဝန်း ကျင်းပခဲ့ရာ ယူနက်စကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး ၂၀၀၃ ကွန်ဗင်းရှင်း(UNESCO 2003 Convention)တွင် ပါဝင်သည့်နိုင်ငံများ၊ ယဉ်ကျေးမှုအဖွဲ့အစည်းများနှင့် အခြားပါဝင်သူများက တက်ကြွစွာ ပါဝင်ဆင်နွှဲခဲ့ကြပါသည်။

### နည်းပညာအသုံးချမှုများ ဆွေးနွေး

၂၀၂၄ ခုနှစ် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာတစ်ဝန်း အောင်မြင်စွာ ကျင်းပခဲ့ရာ နိုင်ငံအသီးသီးတွင် ဒေသခံတို့၏ ပွဲတော်များ၊ နိုင်ငံပိုင်မီဒီယာကြော်ငြာများ၊ ပွဲတော်များကို ပုံစံအမျိုးမျိုးဖြင့် စီစဉ်ကာ ဘိုးဘွားစဉ်ဆက်မှ ယနေ့အထိ ရှင်သန်နေသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ပြသခဲ့ကြပြီး နိုင်ငံတော်အဆင့်စာရင်းဝင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ဆိုရှယ်မီဒီယာနှင့် ဝက်ဘ်ဆိုက်များမှတစ်ဆင့် ရိုးရာပွဲတော်များနှင့် လှုပ်ရှားမှုများကို ထုတ်ဖော်ပြသခဲ့ပါသည်။ ထို့အပြင် AI နည်းပညာနှင့် ပတ်သက်သည့် Webinar တစ်ခုကိုလည်း စီစဉ်ကာ ယဉ်ကျေးမှုအမွေအနှစ်နှင့် ဆက်စပ်နေသည့် နည်းပညာအသုံးချမှုများကို ဆွေးနွေးခဲ့ကြပါသည်။ ထိုပွဲများတွင် အနုပညာပြပွဲများ၊ ရိုးရာလက်မှုအတတ်ပညာလုပ်ငန်းစဉ်များ၊ ရုပ်ရှင်များ၊ စကားဝိုင်းဆွေးနွေးပွဲများကိုပါ ပြုလုပ်ခဲ့ကြပြီး ဧည့်ပရိသတ်များကို လာရောက်ကြည့်ရှု၊ သင်ယူကာ စုပေါင်းပျော်ရွှင်နိုင်စေရန်အတွက် စီစဉ်ပေးခဲ့ပါသည်။

၂၀၂၄ခုနှစ် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့သည် ကမ္ဘာတစ်လွှားရှိ ယဉ်ကျေးမှုဓလေ့များနှင့် အလေ့အကျင့်များကြွယ်ဝမှု (global wealth of cultural traditions and practices )ကို ဂုဏ်ပြုပြသနိုင်သည့်အပြင် ဆက်လက်ထိန်းသိမ်းရန် လိုအပ်ကြောင်းကိုလည်း ထင်ဟပ်ပြသရန် အခွင့်အရေးဖြစ်ခဲ့ပါသည်။

### အနာဂတ်အတွက် ထိန်းသိမ်းကာကွယ်ရန် လိုအပ်

ယင်းနေ့တွင် နိုင်ငံအသီးသီး၏ ရိုးရာအကများ(dances )၊ ရိုးရာဓလေ့ထုံးတမ်းများ(traditions )၊ ပါးစပ်ရာဇဝင်များ (oral histories) နှင့် လက်မှုအတတ်ပညာများ(craftsmanship )ကဲ့သို့ ရှင်သန်နေသော ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ခြင်း (safeguarding living heritage )၏ အရေးပါမှုကို ပြည်သူများ ပိုမိုသိရှိနိုင်ရန် အသိပညာပေး၍ ဂုဏ်ပြုဆင်နွှဲကြပါသည်။ ဤကဲ့သို့ တက်ကြွစွာ ပါဝင်ခြင်းသည် ကမ္ဘာတစ်ဝန်းရှိ လူ့အဖွဲ့အစည်းများနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများ၏ ပါဝင်မှုကို ပြသထားပြီး ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၏ လူ့အသိုင်းအဝိုင်းအတွက် အရေးပါမှုကို ကမ္ဘာအနှံ့ အသိအမှတ်ပြုစေကာ အနာဂတ်အတွက် ထိန်းသိမ်းကာကွယ်ရန် လိုအပ်ကြောင်းကိုလည်း အာရုံစိုက်ဖော်ပြခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့က ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့ကို အမျိုးသားပြတိုက်(ရန်ကုန်)၌ ပထမဆုံးကျင်းပပါသည်။ ယင်းနေ့တွင်"မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ" စကားဝိုင်းဆွေးနွေးပွဲ (Panel Discussion)နှင့် ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ တစ်နှစ် သင်တန်းအမှတ်စဉ် (၂၂)သင်တန်းသား သင်တန်းသူများ၏ သနပ်ခါးပြကွက်၊ ကြိုးကြီးချိတ်ပြကွက်၊ ဆယ့်နှစ်လရာသီပွဲတော်ပြကွက်၊ မြန်မာ့လက်ဖက် နတ်သစ်ရွက်ပြကွက်စသည်ဖြင့် အထူးပြပွဲ လက်တွေ့ခင်းကျင်းပြသခြင်းကိုလည်း ထည့်သွင်းကျင်းပခဲ့ပါသည်။

**၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့**(International Intangible Cultural Heritage Day) **၏ Themeမှာ "Living Heritage is about people ၊resilience၊ and knowledge passed on from generation to generation"**ဖြစ်ပါသည်။

**"ရှင်သန်နေသော ယဉ်ကျေးမှုအမွေအနှစ်ဟူသည် လူသားတို့၏ ဗဟုသုတများအပေါ် အခြေခံသည့် ဖန်တီးမှုများကို ခံနိုင်ရည်ရှိစွာ မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ ဆက်လက်ထိန်းသိမ်း လက်ဆင့်ကမ်း သယ်ဆောင်လာသော ယဉ်ကျေးမှုအမွေအနှစ်ကို ဆိုလိုပါသည်။"**

**တစ်နည်းအားဖြင့်** ရှင်သန်နေသော ယဉ်ကျေးမှုအမွေအနှစ်ဟူသည် ဘိုးဘွားဘီဘင်လက်ထက်မှစ၍ မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ မပျောက်ပျက်သွားစေရန် ခံနိုင်ရည်ရှိစွာ ဆက်လက်ထိန်းသိမ်း လက်ဆင့်ကမ်းသယ်ဆောင်လာသော လူသားတို့၏ တန်ဖိုးရှိသည့် အသက်မွေးမှုအတွေ့အကြုံများ၊ ဖန်တီးနိုင်စွမ်းများ၊ လက်မှုအတတ်ပညာများ၊ ဗဟုသုတများနှင့် ရိုးရာဓလေ့ထုံးတမ်းများကို ဆိုလိုပါသည်။

"အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့"ကျင်းပရသည့် ရည်ရွယ်ချက်များမှာ-

(က) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအကြောင်းကို ပြည်သူလူထု ပိုမိုသိမြင်နားလည်ပြီး မြတ်နိုးတန်ဖိုးထားတတ်စေရန်အတွက် ပြည်သူလူထုကို အသိပညာမြှင့်တင်ရန်၊

(ခ) မိမိတို့၏ ဘိုးဘွားအမွေအနှစ် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် အရေးကြီးသည်ကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းရန်၊

(ဂ) ထို့ပြင် ထိန်းသိမ်းစောင့်ရှောက်ရုံမျှမကဘဲ မြန်မာနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံတကာမှ ပိုမိုသိရှိစေရန် ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ရောက်နိုင်ရန်တို့ ဖြစ်ပါသည်။

### ယဉ်ကျေးမှုအမွေအနှစ်များ ပါဝင်

ယဉ်ကျေးမှုအမွေအနှစ်ဟူသည် ကိုင်တွယ်ထိတွေ့နိုင်သည့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ် (Tangible Cultural Heritage) နှင့် ကိုင်တွယ်ထိတွေ့မှု မပြုနိုင်သည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် (Intangible Cultural Heritage)ဟူ၍ နှစ်မျိုးရှိပါသည်။ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်(Tangible Cultural Heritage)မှာ ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းနေရာများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ စသည်ဖြင့်ပါဝင်ပြီး ကိုင်တွယ်ထိတွေ့မှုမပြုနိုင်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage)များမှာ လူသားတို့ပြောဆိုသည့် ဘာသာစကား၊ အတွေးအခေါ်၊ ဓလေ့စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ယုံကြည်ကိုးကွယ်မှု၊ ရိုးရာဓလေ့ထုံးစံများ၊ အတွေးအခေါ်၊ လက်မှုအနုပညာနှင့် အနုသုခုမပညာ စသည့်ရှင်သန်နေသော ယဉ်ကျေးမှုအမွေအနှစ်များ ပါဝင်ပါသည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၏ အဓိပ္ပာယ်ကို ၂၀၀၃ ခုနှစ် "ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးကွန်ဗင်းရှင်း" အပိုဒ်(၂)တွင် အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်-

"ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဆိုသည်မှာ လူမှုအသိုက်အဝန်းများ၊ အုပ်စုများနှင့် အချို့ကိစ္စရပ်များတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် သက်ဆိုင်သော ယဉ်ကျေးမှုအမွေအနှစ်များတွင် တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်နေသည့် ဓလေ့ထုံးစံများ၊ ကိုယ်စားပြုချက်များ၊ ဖော်ပြချက်များ၊ ဗဟုသုတ၊ စွမ်းရည်များသာမက ၎င်းတို့နှင့် ဆက်နွယ်သည့် ပစ္စည်းကိရိယာများ၊ အရာဝတ္ထုများ၊ ရှေးဟောင်းပစ္စည်းများနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သောနေရာများကို ဆိုလိုခြင်းဖြစ်သည်။"

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် သတ်မှတ်ရန်အတွက် မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းခဲ့ကြခြင်း (Transmission)၊ ပတ်ဝန်းကျင်တွင် စဉ်ဆက်မပြတ် သစ်လွင်ဆန်းသစ်၍ ရှင်သန်နေခြင်း (Living Heritage)၊ သမိုင်းကြောင်း၊ သဘာဝတို့နှင့် ဆက်စပ်နေခြင်း (Interaction with nature and history)၊ စဉ်ဆက်မပြတ် တစ်သမတ်တည်းရှိနေခြင်း (Identity and continuity)၊ လူတို့၏ ကွဲပြားခြားနားသော ယဉ်ကျေးမှုနှင့် ဖန်တီးတီထွင်မှုတို့ကို အလေးဂရုပြု၍ မြှင့်တင်ပေးခြင်း (Promote respect) စသည့်အချက်များဖြင့် ပြည့်စုံရန် လိုအပ်ပါသည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရန်အတွက် စံသတ်မှတ်ချက် (Domain) ၅ ရပ်ရှိပါသည်။ ယင်းတို့မှာ-

(က) ဘာသာစကားများ၊ ပါးစပ်ရာဇဝင်နှင့် နှုတ်ပြောအစဉ်အလာဖော်ပြချက်များ၊

(ခ) ဖျော်ဖြေတင်ဆက်မှုအနုပညာများ၊

(ဂ) လူမှုရေးအစဉ်အလာ အလေ့အထများနှင့် ပွဲတော်များ၊ ရိုးရာဓလေ့များ၊

(ဃ) သဘာဝစကြဝဠာဆိုင်ရာ ဗဟုသုတနှင့် ရိုးရာအစဉ်အလာ အလေ့အထများ၊

(င) ရိုးရာလက်မှုပညာရပ်များ ပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို စနစ်တကျ ထိန်းသိမ်းမြှင့်တင်နိုင်ရန်နှင့် ကုလသမဂ္ဂသို့ အမည်စာရင်းများ တင်သွင်းနိုင်ရန်တို့အတွက် "မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် တိုးတက်မြှင့်တင်ရေးကော်မတီ"ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီးနောက် မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီဟု အမည်ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး၊ ပြည်နယ်


**စာမျက်နှာ ၁၁ သို့** ✶


# အပူပိုင်းမုန်တိုင်း "ဖန်ရှန်" အားကောင်းသော အပူပိုင်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၀

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ဖန်ရှန်"သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ထိုမှတစ်ဆင့် အနောက်ဘက်သို့ ရွေ့လျားနိုင်ကာ ပိုမိုအားကောင်း၍ နောက် ၁၂ နာရီအတွင်း အားကောင်းသော အပူပိုင်းမုန်တိုင်း "ဖန်ရှန်" အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ မိုး/ဇလ

Japan Meteorlogical Agency (JMA) မှ အပူပိုင်းမုန်တိုင်း "ဖန်ရှန်" (FENGSHEN) လမ်းကြောင်းပြပုံ





## ၂၀၂၅ ခုနှစ် အောက်တိုဘာလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် သုံးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ ဝေါမြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်ခန့်စီ၊ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် နှစ်ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ဝေါမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

✶ စာမျက်နှာ ၁၀ မှ

အသီးသီးမှ စာရင်းကောက်ယူထားသော Intangible Cultural Heritage Lists ၂၂၈၉ ခုကို အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု မှတ်ပုံတင်စာရင်းပထမအကြိမ်အဖြစ် သတ်မှတ်ထားပြီး ဖြစ်ပါသည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို မြန်မာနိုင်ငံ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှု စာရင်းကောက်ယူမှုပုံစံကို အသုံးပြု၍ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတို့တွင် စာရင်းကောက်ယူမှုမှာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း နယ်ပယ် ငါးခုအလိုက် စုစုပေါင်း ၂၂၈၉ ခု ကောက်ယူပြီးဖြစ်ပါသည်။

| စဉ် | နယ်ပယ် | အရေအတွက် |
|---|---|---|
| ၁။ | ဘာသာစကား၊ နှုတ်ပြောအစဉ်အလာများနှင့် ဖော်ပြချက်များစာရင်း | ၁၀၄ |
| ၂။ | ဖျော်ဖြေတင်ဆက်မှု အနုပညာများစာရင်း | ၅၀၆ |
| ၃။ | လူမှုထုံးတမ်းအစဉ်အလာများ၊ ပွဲလမ်းသဘင်များစာရင်း | ၆၅၁ |
| ၄။ | သဘာဝနှင့် လူသားအားလုံးအတွက် သက်ဆိုင်သည့်အသိပညာနှင့်ထုံးစံများစာရင်း | ၁၉၉ |
| ၅။ | ရိုးရာလက်မှုပညာစာရင်း | ၈၂၉ |
| | စုစုပေါင်း | ၂၂၈၉ |

မြန်မာပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်မှု၏ ရလဒ်အဖြစ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်မှ ၇ ရက်နေ့အထိ ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့၌ ကျင်းပသည့် (၁၉) ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် မြန်မာနိုင်ငံမှ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် (19.COM 7.b.50 Myanmar Traditional New Year Ata Thingyan Festival) ကို ပထမဆုံး လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ်ရရှိခဲ့ရာ မြန်မာတစ်မျိုးသားလုံး လွန်စွာ ဝမ်းမြောက်ပျော်ရွှင်ကြရပါသည်။ ပြည်သူလူထုအတွင်း လက်ဆင့်ကမ်းလာသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ယူနက်စကို စာရင်းဝင်နိုင်ရေးအတွက် လူမှုအသင်းအဖွဲ့များက ပူးပေါင်းလက်မှတ်ထိုးတင်သွင်းရသဖြင့် Community Participationသည် အဓိကအရေးပါလှပေသည်။

ထို့ပြင် "မြန်မာ့သနပ်ခါး"ကိုလည်း မြန်မာနိုင်ငံမှ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ယူနက်စကိုတွင် တင်သွင်းထားပြီးဖြစ်သလို ဆက်လက်ပြီး မြန်မာ့လက်ဖက်နှင့် မြန်မာ့ကြိုးကြီးချိတ်တို့ကိုလည်း ယူနက်စကိုစာရင်းဝင်နိုင်ရေးအတွက် အစိုးရနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများက ဆက်လက်ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံ့ဂုဏ်ဆောင် အမျိုးသားပြတိုက်နှစ်ခုအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြတိုက်များတွင်လည်း ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းပြသသည့် အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်နေကြပါသည်။

နိုင်ငံသားတိုင်း ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးကို သိရှိပြီး ထိန်းသိမ်းကာကွယ်သွားရန် လိုအပ်သလို ပညာရပ်ဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များကလည်း ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ တိမ်မြုပ်ပျောက်ကွယ်သွားခြင်းမရှိစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရန်အတွက် အနာဂတ်မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းပညာပေးရန် သမိုင်းပေးတာဝန်တစ်ခုဖြစ်ပါသည်။ ယနေ့နည်းပညာခေတ်တွင် တီထွင်ဆန်းသစ်မှုများနှင့်အတူ မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ လူမှုအသိုက်အဝန်း၏ အင်အားပိုမိုပါဝင်လာရန်၊ မျိုးဆက်သစ်များသို့ စဉ်ဆက်မပြတ် လက်ဆင့်ကမ်းနိုင်ရန် ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ရောက်ပြီး မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာကသိလာရန် မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးတာဝန်အဖြစ် တိုက်တွန်းရေးသားရင်း အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

ကိုးကား-
၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊
၂။ ၂၀၀၃ ခုနှစ်၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးကွန်ဗင်းရှင်း
၃။ https://ich.unesco.org/en/home
၄။ https://www.unesco.org › days › intangible-heritage

# တိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်တက္ကသိုလ်ဝင်းအတွင်း Recreation Center တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

ပုသိမ် အောက်တိုဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းက ပုသိမ်တက္ကသိုလ်ဝင်းအတွင်း Recreation Center တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တာဝန်ယူဆောက်လုပ်မည့် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းဆောင်တွင် အဆောက်အအုံဆိုင်ရာအချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆောက်အအုံဆောက်လုပ်ရာတွင် သတ်မှတ်ထားသည့်စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်ရမည့်အပြင် အဆောက်အအုံ အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးကိုလည်း အလေးထားဆောင်ရွက်ရန်၊ မြေယာရှင်းလင်းလုပ်ငန်းများကိုလည်း စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ယနေ့မွန်းလွဲပိုင်းက တာဝန်ရှိသူများနှင့်အတူ ဖျာပုံမြို့နယ် သပြေကန်သိမ်ကုန်းဧရိယာအတွင်း နွေစပါးစိုက်ပျိုးရေလုံလောက်စွာ တိုးတက်ပေးဝေနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖျာပုံမြို့နယ် အေးသာယာကျေးရွာအုပ်စုအတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့် တူးဖော်ဆောင်ရွက်မည့် အေးသာယာ(၂)မြောင်းနေရာကို ကြည့်ရှုစစ်ဆေးခဲ့ရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆိုင်ရာအချက်အလက်များနှင့် နွေသီးထပ်အမီ စိုက်ပျိုးရေရရှိနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အေးသာယာကျေးရွာအုပ်စုအတွင်း မိုးစပါးစိုက်ပျိုးအောင်မြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့် တွေ့ဆုံ၍ ဒေသလိုအပ်ချက်များ၊ နွေသီးထပ်တိုးတက်စိုက်ပျိုးနိုင်မည့် အခြေအနေများ၊ ရေချိုပိုမိုရရှိလာနိုင်မည့် အခြေအနေများအပေါ် တိုးတက်စိုက်ပျိုးနိုင်စေရန် ဆွေးနွေးမှာကြားခဲ့သည်။

အေးသာယာ(၂) မြောင်းသည် အလျားပေ ၈၅၀၀ ရှိပြီး လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ယခုနှစ်အတွင်း သီးထပ်ဧက ၁၅၀ တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်သည်။ သပြေကန်သိမ်ကုန်းဧရိယာအတွင်း တိုင်းဒေသကြီးရန်ပုံငွေ ကျပ်သန်း ၂၈၀ ဖြင့် မြောင်းခြောက်မြောင်းတူးဖော်ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်းဧက ၈၅၀ တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်း တူးဖော်ဆောင်ရွက်လျက်ရှိသော ကျုံကဒွန်း-အမာကားလမ်းဘေးယာမြောင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူက လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ တိုးတက်စိုက်ပျိုးလာနိုင်မည့်အခြေအနေများ၊ ကျုံကဒွန်း-အမာ(ယာမြောင်း) အလျားပေ ၁၀၀၀၀ ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စက်ယန္တရား (DA-016) Amphibious Excavator ဖြင့် ၇၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ နွေသီးထပ်ဧက ၃၀၀ ကို အချိန်မီစိုက်ပျိုးရေပေးဝေနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရန်ကင်းမြို့နယ်၌ မဲစာရင်းမှန်ကန်မှုရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် ရန်ကင်းမြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲစာရင်းမှန်ကန်မှုရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းလတ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းလတ်နှင့် အဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်အတွင်း မဲစာရင်းများ မှန်ကန်မှုရှိစေရေးနှင့် ကွဲလွဲမှုမရှိစေရေးအတွက် မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေး ဆောင်ရွက်သွားရန်၊ မဲစာရင်းလာရောက်ကြည့်ရှုသည့် ပြည်သူများက မဲစာရင်းတွင် မိမိအမည်မပါဝင်ပါက အမည်ထည့်သွင်းခြင်း၊ မပါဝင်သင့်သူများ ပါဝင်ပါက ကန့်ကွက်ခြင်း၊ အချက်အလက်များ မှားယွင်းပါက ပြင်ဆင်ခြင်းများ လျှောက်ထားရာတွင် ရွေးကောက်ပွဲဥပဒေနှင့်အညီ စနစ်တကျ သတ်မှတ်ပုံစံများဖြင့် ပြုစုတင်ပြဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းတာဝန်ကိစ္စရပ်များ၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး၊ မြေပြင်ကွင်းဆင်းဆောင်ရွက်ရေးနှင့် အခြားလိုအပ်သည့် လုပ်ငန်းကိစ္စရပ်များကို တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

# သန်လျင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၀**

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန သန်လျင်ခရိုင် သန်လျင်မြို့နယ် ဦးစီးမှူး ဦးဇွဲမင်းဦးနှင့် ဝန်ထမ်းများက ပန်းခင်းအဆင့်(၃)စီမံချက်ဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

**ကွင်းဆင်းဆောင်ရွက်**

ယင်းသို့ ဆောင်ရွက်ပေးရာတွင် အောက်တိုဘာ ၁၈ ရက်က သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက်နှင့် ဘုရားကုန်းကျေးရွာအုပ်စုအတွင်းရှိ အသက်(၁၆)နှစ်နှင့်(၁၈)နှစ်ကြား အသက်(၁၈)နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများကို မြေပြင်ကွင်းဆင်းစိစစ်ခြင်း၊ ယာယီနေရပ်စွန့်ခွာပြည်သူများ၊ ကျူးကျော်နေထိုင်သူများ M သင်္ကေတဖြင့် အိမ်ထောင်စု စာရင်းဆောင်ရွက်ပေးခြင်းများကို အဖွဲ့များခွဲ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



# ကျိုင်းတုံမြို့နယ်၌ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအစည်းအဝေး ကျင်းပ

**ကျိုင်းတုံ အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုယနေ့နံနက်ပိုင်းကမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစောမင်းသူက အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းကျော်သူ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်စုမွန်ကျော်၊ မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက လူဦးရေ



ကိန်းဂဏန်းအချက်အလက်များနှင့် မြေပြင်ကွင်းဆင်းကောက်ယူရာမှရရှိသည့်စာရင်းအချက်အလက် ကွဲလွဲမှုနှင့်မပြည့်စုံမှု မဖြစ်ပေါ်စေရေးအတွက် အဆင့်ဆင့် စနစ်တကျစိစစ်အတည်ပြု၍သတ်မှတ်ရက်အရောက် ပြုစုပေးပို့နိုင်ရေး၊ စာရင်း အချက်အလက်များကို အခြေခံကျကျ တိုက်ဆိုင်စိစစ်ကာ မဲစာရင်းမှန်ကန်ရေး၊ မဲပေးပိုင်ခွင့်ရှိသူနိုင်ငံသားတိုင်း မဲစာရင်းတွင် ပါဝင်နိုင်ရေး ဆွေးနွေးကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ကန်ကြီးထောင့်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းမကျန်ရှိစေရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ကန်ကြီးထောင့် အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်း ဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကျွန်းလျှားရှည်ကျေးရွာအုပ်စု အမှတ် (၅) ခတ်မြေသြဇာစက်ရုံရှိ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းမကျန်ရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းကို အောက်တိုဘာ ၁၈ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

**ကွင်းဆင်းစစ်ဆေး**

ထိုသို့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းချိုနှင့် ကျွန်းလျှားရှည်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတို့သည် ကျွန်းလျှားရှည် ကျေးရွာအုပ်စုရှိ အမှတ်(၅)ခတ်မြေသြဇာစက်ရုံသို့ သွားရောက်ကာ စက်ရုံမှူးနှင့်အဖွဲ့အားတွေ့ဆုံပြီး မဲစာရင်းပြည့်စုံမှန်ကန်စေရေး၊ ဝန်ထမ်းနှင့်မိသားစုဝင်များ မဲစာရင်းမကျန်ရှိစေရေးအတွက် ပုံစံ(၃)၊ ပုံစံ(၃-က) များဖြင့်လျှောက်ထားရန်ပြောကြားခဲ့ကြောင်းနှင့် ကျွန်းလျှားရှည် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများ၊ ရပ်/ကျေးကော်မရှင်ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းမကျန်ရှိစေရေး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ကျော်ဇင်စိုး(ပြန်/ဆက်)**

ပြည့်ဝဆီများကို
တတ်နိုင်သမျှ
လျှော့စား၍
အသွင်ပြောင်းဆီများ
စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ကြပါစို့

# ဘိုလီဗီးယားသမ္မတရွေးကောက်ပွဲတွင် ရိုဒရီ ဂိုပတ်စ်ပီရီရာ အနိုင်ရရှိ



**လာပတ်စ် အောက်တိုဘာ ၂၀**

အောက်တိုဘာ ၁၉ ရက်က ကျင်းပခဲ့သည့် ဘိုလီဗီးယားနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် လစ်ဘရယ်ဝါဒီဖြစ်သူ ရိုဒရီဂိုပတ်စ်ပီရီရာက အနိုင်ရရှိခဲ့ကြောင်း ဘိုလီဗီးယား ရွေးကောက်ပွဲဆိုင်ရာ ခုံရုံး၏ မဲရေတွက်မှုများအရ သိရသည်။

ရိုဒရီဂို အနိုင်ရရှိခဲ့ခြင်းသည် နိုင်ငံအတွင်း ဆယ်စုနှစ်နှစ်ခုကြာ လက်ဝဲဝါဒီများ အုပ်ချုပ်ခဲ့ခြင်းကို အဆုံးသတ်စေခဲ့ပြီး နိုင်ငံရေးအပြောင်းအလဲကို ဖြစ်စေခဲ့ကြောင်း သိရသည်။ ရိုဒရီဂိုသည် ဆန္ဒမဲများ၏ ၅၄ ဒသမ ၅၃ ရာခိုင်နှုန်းကို ရရှိခဲ့ကာ သမ္မတဟောင်း တူတိုကွီရိုဂါက ၄၅ ဒသမ ၄၄ ရာခိုင်နှုန်း ရရှိခဲ့သည်။

**ဖြေရှင်းဆောင်ရွက်**

ရိုဒရီဂိုသည် ငါးနှစ်ကြာသက်တမ်းရှိသည့် သမ္မတရာထူးတာဝန်ကို နိုဝင်ဘာ ၈ ရက်တွင် စတင်တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

နိုင်ငံအတွင်း စီးပွားရေးကျဆင်းခြင်း၊ ဘဏ္ဍာရေးလိုငွေပြခြင်းနှင့် နိုင်ငံခြားသုံးငွေလျော့နည်းခြင်း အပါအဝင် လောင်စာဆီရှားပါးခြင်းတို့ကို ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ဂျပန်အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီနှင့် ဂျပန်တီထွင်ဆန်းသစ်မှုပါတီ မဟာမိတ်ဖွဲ့ရေးသဘောတူ



**တိုကျို အောက်တိုဘာ ၂၀**

ဂျပန်အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် ဂျပန်တီထွင်ဆန်းသစ်မှုပါတီနှင့် မဟာမိတ်ဖွဲ့ရန်သဘောတူခဲ့ကြောင်း သိရသည်။

ယခု ဆောင်ရွက်ချက်သည် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီနှင့် ကာလရှည် မဟာမိတ်ဖြစ်ခဲ့သည့် ကူမီတိုပါတီတို့ကြား သဘောထားကွဲလွဲခြင်းများ ဖြစ်ခဲ့ပြီးနောက် ဆောင်ရွက်ခြင်း ဖြစ်သည်။ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် တာကာချီဆာနေးနှင့် ဖုန်းဖြင့် ဆွေးနွေးခဲ့ပြီးနောက် မဟာမိတ်ဖွဲ့ရန် သဘောတူခဲ့ကြောင်း ဂျပန်တီထွင်ဆန်းသစ်မှုပါတီခေါင်းဆောင် ယိုရှီမူရာဟီရိုဖူမီက ပြောကြားသည်။ ဂျပန်နိုင်ငံဖွံ့ဖြိုးရေးအတွက် မဟာမိတ်ဖွဲ့၍ လက်တွဲဆောင်ရွက်ရန် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်နှင့် မိမိကြားသဘောတူညီခဲ့ကြောင်း ၎င်းကပြောကြားသည်။

အောက်တိုဘာ ၂၁ ရက်တွင် ဝန်ကြီးချုပ်သစ်ကို ရွေးချယ်မည်ဖြစ်သည်။ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် ဒိုင်ယက်လွှတ်တော်တွင် အကြီးဆုံးပါတီဖြစ်သော်လည်း ကိုယ်စားလှယ်နေရာအများအပြားကို ရရှိထားခြင်းမရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံရှိ ကာကွယ်ရေးနှင့် အာကာသဆိုင်ရာ စက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ဆောင်ရွက်မည်

**ဆိုးလ် အောက်တိုဘာ ၂၀**

တောင်ကိုရီးယား နိုင်ငံရှိ ကာကွယ်ရေးနှင့် အာကာသဆိုင်ရာ စက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း သမ္မတလီဂျေမြောင်က အောက်တိုဘာ ၂၀ ရက်တွင် ပြောကြားသည်။

ကာကွယ်ရေးကဏ္ဍသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေ ဝမ် ၃၂ ထရီလီယံနှင့် အာကာသဆိုင်ရာ လုပ်ငန်းသုတေသနနှင့် ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေ ဝမ် ၇ ထရီလီယံကို သတ်မှတ်သုံးစွဲမည် ဖြစ်ကြောင်း ဆိုးလ်တွင်ကျင်းပသည့် နိုင်ငံတကာအာကာသနှင့်ကာကွယ်ရေး ပြပွဲတွင် ၎င်းကပြောကြားသည်။

နိုင်ငံအား ကမ္ဘာပေါ်တွင် ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းထိပ်တန်းအဆင့်ရောက်ရှိစေရေး ဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ခြင်း လုပ်ငန်းကဲ့သို့သော ပြည်တွင်းလုပ်ငန်းများကို အဆင့်မြှင့်တင်မည်ဖြစ်ကာ ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းများကို မြှင့်တင်မည်ဖြစ်ပြီး အာကာသဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

■



# ဂါဇာဒေသရှိ ဟားမတ်စ်အဖွဲ့၏ ပစ်မှတ်များကို အစ္စရေးတပ်မတော်က တိုက်ခိုက်

**ဂျေရုဆလင် အောက်တိုဘာ ၂၀**

ဂါဇာဒေသ တောင်ပိုင်းရှိ ဟားမတ်စ်အဖွဲ့တည်ရှိရာ ပစ်မှတ်များကိုတိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်မတော်က အောက်တိုဘာ ၁၉ ရက်တွင် ပြောကြားသည်။



အစ္စရေးတပ်မတော် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်က တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တိုက်ခိုက်မှုအတွင်း ဟားမတ်စ်အဖွဲ့က ခုံးစာခံများကို ထိန်းသိမ်းထားရာ ဥမင်များကို ဖျက်ဆီးနိုင်ခဲ့ကြောင်း အစ္စရေးနိုင်ငံပိုင်ကန်တီဗီ ရုပ်မြင်သံကြားဌာနက ပြောကြားသည်။ ဂါဇာဒေသမြောက်ပိုင်းနှင့် တောင်ပိုင်းတွင် လေကြောင်း တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ပြီးနောက် ယခုကဲ့သို့ တိုက်ခိုက်ခြင်း ဖြစ်ကြောင်းနှင့် ပစ်မှတ် ၁၀၄ ခုကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဂါဇာဒေသတောင်ပိုင်းရှိ ရာဖာတွင် အခြေခံ အဆောက်အအုံများကို ဖျက်သိမ်းနေသည့် အစ္စရေးတပ်မတော် တပ်ဖွဲ့များအား ဟားမတ်စ်အဖွဲ့က တိုက်ခိုက်ခဲ့ခြင်းကို လက်တုံ့ပြန်သည့်အနေဖြင့် ယခုကဲ့သို့တိုက်ခိုက်ခြင်းဖြစ်ကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။ ယခု တိုက်ခိုက်မှုဆောင်ရွက်ပြီးနောက် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ကာကွယ်ရေးဝန်ကြီး အစ္စရေးကတ်နှင့် တာဝန်ရှိသူများအား ဂါဇာဒေသရှိ ဟားမတ်တို့၏ ပစ်မှတ်များကို ချေမှုန်းရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။ ထို့ပြင် ဂါဇာဒေသတွင်းသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဝင်ရောက်ခွင့်ကိုလည်း ပိတ်ပင်ထားရန် ညွှန်ကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသတွင် အောက်တိုဘာ ၁၉ ရက်က အစ္စရေး၏ တိုက်ခိုက်မှုအတွင်း ပါလက်စတိုင်း ၁၄ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ပါလက်စတိုင်း ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

ဒေသအသီးသီးရှိ ဒုက္ခရာရသူများကို ကယ်ဆယ်ခဲ့ပြီး သတင်းထောက်များနှင့် အမျိုးသမီးများ အပါအဝင် ရုပ်အလောင်း ၁၄ လောင်းကို ပြန်လည်ရရှိခဲ့ကြောင်း အရပ်ဘက် ကာကွယ်ရေးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အစ္စရေး တပ်မတော်က အရပ်သားများရှိရာ ကော်ဖီဆိုင်နှင့် ရွှေ့ပြောင်းအခြေချသူများ နေထိုင်ရာတဲများအား လေကြောင်းမှ တိုက်ခိုက်ခဲ့သဖြင့် ပျက်စီးမှုများ ရှိကြောင်းနှင့် ကယ်ဆယ်ရေး ကိရိယာနှင့် လောင်စာဆီရှားပါးခြင်းကြောင့် ကယ်ဆယ်ရေး လုပ်ငန်းများ နှောင့်နှေးနေကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ဂျပန်နိုင်ငံရှိ လေကြောင်းလိုင်းများက ခရီးသည်များ Power Bank မယူဆောင်ရေး သတိပေးပြောကြား

**တိုကျို အောက်တိုဘာ ၂၀**

ဂျပန်နိုင်ငံရှိလေကြောင်းလိုင်းများသည် မီးလောင်မှုကာကွယ်ရေးအတွက် ခရီးသည်များအား လေယာဉ်ပေါ်သို့ Power Bank များ ယူဆောင်လာခြင်းမပြုရန် သတိပေးခဲ့ကြောင်း သိရသည်။ တိုကျိုဟာနီဒါလေဆိပ်ရှိ ခရီးသည်များ၏ ခရီးဆောင်အိတ်များအတွင်း ၂၀၂၄ ခုနှစ်က လစ်သီယံ အိုင်းယွန်းဘက်ထရီပါဝင်သည့် ပစ္စည်း ၂၀၀၀၀ ကို ရှာဖွေတွေ့ရှိခဲ့သည်။

လေဆိပ်များတွင် ပေါက်ကွဲတတ်သည့် ပစ္စည်းများနှင့် ခရီးသည်များအား အနှောင့်အယှက်ပေးနိုင်သည့် ပစ္စည်းများ လေယာဉ်ပေါ်သို့ မရောက်ရှိရေးအတွက် စစ်ဆေးခြင်းများကို ဆောင်ရွက်နေသော်လည်း လစ်ဟင်းမှုများရှိကြောင်း ဂျပန်ပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ခရီးသည်များအနေဖြင့် ခရီးဆောင်အိတ်များအတွင်း ဖုန်းအားသွင်းသည့် Power Bank များ မပါစေရေးဂရုပြုဆောင်ရွက်ရမည်ဖြစ်ကာ အကယ်၍ပါခဲ့ပါက လေယာဉ်စီးခွင့်ရမည်မဟုတ်ကြောင်း ဟာနီဒါလေဆိပ်ဝန်ထမ်းတစ်ဦးက ပြောကြားသည်။ ဇန်နဝါရီလအတွင်းက တောင်ကိုရီးယားနိုင်ငံ ဘူဆန်မှ ထွက်ခွာမည့် လေယာဉ်တစ်စင်းသည် ထွက်ခွာရန် ပြင်ဆင်နေစဉ် ခရီးသည်များအိတ်ထားရာ စင်ရှိအိတ်အတွင်း Power Bank ပေါက်ကွဲခြင်းကြောင့် မီးလောင်ခဲ့သည်။ လေယာဉ်ပေါ်တွင် မီးလောင်မှုဖြစ်ပါက ခရီးသည်များအတွက် လွတ်လမ်းမရှိသောကြောင့် လေယာဉ်ပေါ်တွင် Power Bank များမပါရှိစေရေး ဂရုပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း တိုကျို ဂျေအက်ဖ် အော်ဗလင်တက္ကသိုလ်မှ ပါမောက္ခ တိုဇာကီဟာဂျီမီက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

## ဆီဆိုင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ



**ဆီဆိုင် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယမန်နေ့နံနက် ၉ နာရီက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဆိုက်ခေါင်) ခန်းမ၌ ကျင်းပသည်။

ဦးစွာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဆိုက်ခေါင်)မှ ကျောင်းအုပ်ဆရာကြီး ဦးခွန်အောင်မန်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကြီးဒဲရယ်က လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဆိုက်ခေါင်)မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် စာပေ၊ အနှစ်သက်ဆုံး အားကစားတစ်ခု အကြောင်း၊ အနှစ်သက်ဆုံး စာအုပ်တစ်အုပ် အကြောင်း၊ လူငယ်နှင့် အားကစား စသည့် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြိတ်တက္ကသိုလ်၌ မြတ်ဆရာပူဇော်ပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ



**မြိတ် အောက်တိုဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တက္ကသိုလ်ရပ်ကွက် နတ်စင်လမ်း မြိတ်တက္ကသိုလ်ကျောင်းဝင်း အဆောင်(၈)၌ ၂၀၂၅ ပညာသင်နှစ် မြိတ်တက္ကသိုလ် အဝေးသင်သင်တန်း ပထဝီဝင်မိသားစု မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ မြတ်ဆရာပူဇော်ပွဲနှင့် နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများ၏ နှုတ်ဆက်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြိတ်တက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ ဝင်းဝင်းအိ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး)များနှင့် စီမံ/သင်တန်းအရာရှိများ၊ ပထဝီဝင်အဝေးသင်ဘာသာရပ်မှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၄၀၀ တက်ရောက်သည်။

ဦးစွာ ပထဝီဝင်ဘာသာရပ် ကျောင်းသား ကျောင်းသူများက မြတ်ဆရာသီချင်းဖြင့် ဆီမီးထွန်းညှိပူဇော်၍ ဆရာမကြီး ခေတ္တပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းအိနှင့် ဆရာကြီး ဆရာမကြီးများအား ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။

ဆက်လက်၍ ဆရာကြီး ဆရာမကြီးများအား ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ မြိတ်တက္ကသိုလ်ဓမ္မာရုံအတွက် ပထဝီဝင်အဝေးသင်ကျောင်းသား ကျောင်းသူများက အလှူငွေကျပ် နှစ်သိန်းကို လှူဒါန်းရာ ခေတ္တပါမောက္ခချုပ်က လက်ခံရယူခဲ့ပြီး စတုတ္ထနှစ်ကျောင်းသား မောင်ဟိန်းထိုက်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ရွှေတောင်မြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



**ရွှေတောင် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က ကျောင်းသားကျောင်းသူများအား ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန်နှင့်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးရည်ရွယ်၍ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ လူကုန်ကူးမှုတားဆီးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာများအကြောင်း အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်၊ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်၊ မိုးကြိုးပစ်ခြင်းပညာပေးပိုစတာ၊ လေပြင်းဘေးအသိပညာပေးပိုစတာများပြသရာ ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

## ဇေယျာသီရိမြို့နယ်၌ မိုး၊ ဆောင်း သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေးသင်တန်းဖွင့်



**ဇေယျာသီရိ အောက်တိုဘာ ၂၀**

ဇေယျာသီရိမြို့နယ်အတွင်း မိုး၊ ဆောင်းသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ပညာပေးသင်တန်းကို ယနေ့မွန်းလွဲပိုင်းက စည်ပင်သာယာကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ(KC)၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) မျိုးစေ့ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာယုမွန်၊ မြေအသုံးချဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်သူဇာဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးပြေသိန်းနှင့် တာဝန်ရှိသူများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း မပြည့်မီရသည့် အကြောင်းအရာများနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရမည့်အကြောင်းအရာများ၊ စိုက်ပျိုးရေရရှိနိုင်ရန် ဆောင်ရွက်ရမည့် အချက်များနှင့် စိုက်ပျိုးရမည့် နည်းပညာများ၊ သဘာဝမြေသြဇာအသုံးပြုစေရေးနှင့် သီးနှံများတွင် ပိုးသတ်ဆေးခတ်ကြွင်းကင်းစင်ရေး တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေးအကြောင်းကို ဆွေးနွေးပို့ချခဲ့ပြီး တက်ရောက်လာသည့် တောင်သူများ၏ မေးမြန်း ဆွေးနွေးမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန(စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**



# Let's Write in English daily, young ones.
# လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...

## ကျွန်တော်အကြိုက်ဆုံး ကားပြိုင်ပွဲများအကြောင်း

ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေတွေဆို ကျွန်တော် ကားပြိုင်ပွဲတွေကို YouTube မှာကြည့်ပြီး အားပေးရတာ ဝါသနာပါတယ်ခင်ဗျာ။

တစ်ကမ္ဘာလုံးမှာ နာမည်ကြီးတဲ့ ကားပြိုင်ပွဲတွေ အများကြီးရှိပါတယ်။ အဓိကပြိုင်ပွဲတွေကတော့ ကမ္ဘာ့အကြီးကျယ်ဆုံး "သရဖူသုံးခု" (Triple Crown) လို့ ခေါ်တဲ့ ပြိုင်ပွဲတွေပါပဲ။

၁။ Monaco Grand Prix (မိုနာကို ဂရန်းပရီ)

ဒါကတော့ Formula 1 (F1) ပြိုင်ပွဲအမျိုးအစားပါ။ Monaco မြို့ရဲ့ ကျဉ်းမြောင်းတဲ့လမ်းတွေပေါ်မှာ ပြိုင်ရတာဖြစ်လို့ ဒရိုင်ဘာရဲ့ ကျွမ်းကျင်မှုနဲ့ အာရုံစိုက်မှုက အခရာပဲ။ ကမ္ဘာ့အချမ်းသာဆုံးနဲ့ အခမ်းနားဆုံးပြိုင်ပွဲလို့လည်း ပြောလို့ရတယ်။ မြန်နှုန်းကိုပဲ အားကိုးလို့ မရဘဲ ကွေ့ကြမ်းတဲ့နေရာတွေမှာ ထိန်းချုပ်နိုင်ဖို့လိုတယ်။

၂။ Indianapolis 500 (အင်ဒီ ၅၀၀)

ဒီပြိုင်ပွဲကို အမေရိကန်မှာ ကျင်းပတာဖြစ်ပြီး IndyCar အမျိုးအစားပါ။ ဒါက သမိုင်းအရှည်ကြာဆုံး ပြိုင်ပွဲတွေထဲကတစ်ခုပဲ။ အထူးခြားဆုံးကတော့ ဘဲဥပုံလမ်းကြောင်း (Oval Track) ပေါ်မှာ အမြန်နှုန်း အမြင့်ဆုံးနဲ့ ယှဉ်ပြိုင်ရတာပဲ။ အရင်တုန်းက လမ်းကြောင်း တစ်လျှောက်လုံး အုတ်ခဲတွေခင်းထားလို့ "Brickyard" လို့တောင် နာမည်ပြောင် ခေါ်ခဲ့ကြသေးတယ်။

၃။ 24 Hours of Le Mans (လီမန်း ၂၄ နာရီ)

ဒါကတော့ ခံနိုင်ရည်ပြိုင်ပွဲ (Endurance Racing) အမျိုးအစားထဲမှာ ကမ္ဘာ့အကျော်ကြားဆုံးပဲ။ ပြင်သစ်နိုင်ငံမှာ ကျင်းပပြီး ပြိုင်ပွဲဝင် ကားတစ်စီးတည်းကိုပဲ ဒရိုင်ဘာတွေ အလှည့်ကျမောင်းနှင်ပြီး ၂၄ နာရီ တိတိ မရပ်မနားပြိုင်ရတာ။ ဒီပြိုင်ပွဲက ကားရဲ့စွမ်းဆောင်ရည်၊ ဒရိုင်ဘာတွေရဲ့ခံနိုင်ရည်နဲ့ အဖွဲ့သားတွေရဲ့ဗျူဟာတွေကို အပြင်းအထန် စမ်းသပ်တာဖြစ်လို့ အလွန်ကြည့်လို့ကောင်းတယ်။

ဒ့ါအပြင် ကမ္ဘာ့အမြန်ဆုံးကားပြိုင်ပွဲလို့ သတ်မှတ်ထားတဲ့ F1 ရဲ့ Grand Prix ပြိုင်ပွဲတွေ (ဥပမာ- အမြန်နှုန်းအမြင့်ဆုံး မြောက်ပိုင်း အီတလီရှိ မြို့တစ်မြို့ Monza မှာကျင်းပတဲ့ Italian Grand Prix၊ အမေရိကန် Stock Car Racing ပြိုင်ပွဲ၊ NASCAR ရဲ့ အရေးကြီးဆုံးပွဲ Daytona 500 နဲ့ လမ်းမရှိတဲ့ သဲကန္တာရ၊ တောင်တန်းတွေမှာ ရက်သတ္တပတ်နဲ့ချီ မောင်းနှင်ရတဲ့ အပြင်းထန်ဆုံးလမ်းကြမ်းပြိုင်ပွဲ Dakar Rally တို့လည်းရှိသေးတယ်။

**ကားမောင်းပြိုင်ပွဲတွေကနေ ကျောင်းသားတွေရနိုင်တဲ့ သင်ခန်းစာတွေကတော့-**

**၁။ စည်းကမ်းနဲ့ အာရုံစူးစိုက်မှု (Discipline and Focus)**

ပြိုင်ပွဲမှာ အောင်မြင်ဖို့နဲ့ ဘေးအန္တရာယ်ကင်းဖို့အတွက် စည်းမျဉ်းစည်းကမ်းတွေကို တိတိကျကျလိုက်နာရမယ်၊ လေ့ကျင့်မှုတွေကို ပုံမှန်လုပ်ရမယ်ဆိုတာကို သိရှိလာပါတယ်။ မြန်နှုန်းမြင့် မောင်းနှင်နေချိန်မှာ ခဏလေးတောင် အာရုံလွှဲလို့မရဘူး။ ဒါက ဘယ်အလုပ်ကိုပဲလုပ်လုပ် အာရုံစူးစိုက်လုပ်ဆောင်တတ်ဖို့ ကျောင်းသားတွေကို သင်ပေးပါတယ်။

**၂။ အသင်းစိတ်ဓာတ်နှင့် ပူးပေါင်းဆောင်ရွက်မှု (Teamwork and Cooperation)**

ကားပြိုင်ပွဲဆိုတာ ယာဉ်မောင်းတစ်ဦးတည်းရဲ့ အောင်မြင်မှု



စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)

မဟုတ်ဘဲ၊ စက်ပြင်ဆရာ၊ အင်ဂျင်နီယာနဲ့ အဖွဲ့သားတွေအားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်တယ်ဆိုတာကို နားလည်လာပါတယ်။ သူတစ်ပါးရဲ့ အခန်းကဏ္ဍနဲ့အရေးပါပုံကို တန်ဖိုးထားတတ်လာပြီး ကောင်းမွန်တဲ့ အသင်းသားတစ်ယောက်ဖြစ်ဖို့ လေ့လာသင်ယူရပါတယ်။

**၃။ ပြဿနာဖြေရှင်းနိုင်စွမ်း (Problem Solving)**

ပြိုင်ပွဲအတွင်း ကားမှာဖြစ်လာတဲ့ ပြဿနာတွေ၊ ပြိုင်ကွင်းရဲ့အခြေအနေတွေ (ဥပမာ- ရာသီဥတုပြောင်းလဲတာ) ကို အလျင်အမြန်ဆုံးဖြတ်ပြီး ဖြေရှင်းနိုင်ရမယ်။ ဒါက စိန်ခေါ်မှုတွေကြုံလာတဲ့အခါ အကြံဉာဏ်ထုတ်ပြီး လက်တွေ့ကျကျ ကိုင်တွယ်ဖြေရှင်းတတ်ဖို့ ကူညီပေးပါတယ်။

**၄။ ဇွဲလုံ့လနှင့် ကြိုးစားအားထုတ်မှု (Persistence and Resilience)**

ပြိုင်ပွဲတိုင်း အနိုင်မရနိုင်ဘူး။ ရှုံးနိမ့်မှုတွေ၊ အမှားအယွင်းတွေကနေ သင်ခန်းစာယူပြီး ပိုကောင်းလာအောင် ဆက်ပြီး ကြိုးစားရမယ်ဆိုတဲ့ ဇွဲလုံ့လကို ရရှိစေပါတယ်။ ပြိုင်ပွဲမှာ အမှားလေးတစ်ခုကြောင့် နောက်ကျန်ခဲ့ရင်တောင် စိတ်မပျက်ဘဲ နောက်ဆုံးပန်းတိုင်အထိ ဆက်လက်မောင်းနှင်တတ်ဖို့ သင်ယူရပါတယ်။

**၅။ သိပ္ပံနှင့် နည်းပညာ ဗဟုသုတ (Science and Technology)**

ကားရဲ့ အင်ဂျင်၊ တာယာ၊ လေခွင်းအား (Aerodynamics)၊ အရှိန်၊ ကမ္ဘာမြေထု၏ ဆွဲငင်အား (Gravity) စတဲ့ သိပ္ပံဆိုင်ရာ သဘောတရားတွေကို လက်တွေ့ကျကျ နားလည်သဘောပေါက်လာစေပါတယ်။ ဒါဟာ နောင်တစ်ချိန်မှာ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာပညာ၊ သင်္ချာပညာ (STEM) ကို စိတ်ဝင်စားဖို့ အခြေခံကောင်းတစ်ခု ဖြစ်နိုင်ပါတယ်။

**၆။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု (Confidence)**

အခက်အခဲတွေကို ကျော်လွှားပြီး အောင်မြင်စွာ ပြိုင်ဆိုင်နိုင်တဲ့အခါ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု (Confidence)တိုးလာစေပါတယ်။ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့ စွမ်းရည်ရှိကြောင်း လက်တွေ့သိရှိလာကြပါတယ်ခင်ဗျာ။

**လက်တွေ့ ရေးကြရအောင် --**

ကမ္ဘာပေါ်မှာ နာမည်ကြီးတဲ့ သမိုင်းဝင်ပြိုင်ပွဲများစွာရှိတယ်။

There are many famous, historical races around the world.

အရေးကြီးဆုံး ပြိုင်ပွဲသုံးခုကို "Triple Crown" လို့ခေါ်တယ်။

The three most important races are called the "Triple Crown."

အဲဒါတွေကတော့ F1 ပြိုင်ပွဲ Monaco Grand Prix၊ အမြန်နှုန်းမြင့် Indianapolis 500 နဲ့ ၂၄ နာရီကြာ Le Mans ခံနိုင်ရည်ပြိုင်ပွဲတို့ ဖြစ်ပါတယ်။

These are the F1 race Monaco Grand Prix, the high-speed Indianapolis 500, and the 24-hour Le Mans endurance race.

ကားမောင်းပြိုင်ပွဲတွေက ကျောင်းသားတွေကို အရေးကြီးတဲ့ ဘဝစွမ်းရည်တွေ သင်ပေးတယ်။

Car racing teaches students important life skills.

သူတို့ဟာ စည်းကမ်းလိုက်နာဖို့နဲ့ အရမ်းသေချာ အာရုံစိုက်ဖို့ သင်ယူရတယ်။

They learn to follow rules and focus very carefully.

ပြိုင်ပွဲဆိုတာ အသင်းနဲ့လုပ်ရတာ၊ လူတစ်ယောက်တည်းရဲ့ အောင်ပွဲမဟုတ်ဘူး။

Racing is teamwork, not just one person's win.

ကျောင်းသားတွေက ပြိုင်ပွဲမှာ ပြဿနာတွေကို မြန်မြန်ဆန်ဆန် ဖြေရှင်းတတ်လာတယ်။

Students learn to solve problems quickly in the race.

အမှားတွေရှိရင်တောင် လက်မလျှော့ဖို့ သင်ယူရတယ်။

They learn to never give up, even after mistakes.

ကားမောင်းပြိုင်ပွဲက သိပ္ပံနဲ့ နည်းပညာကို နားလည်အောင် ကူညီပေးတယ်။

Racing helps them understand science and technology.

ပြိုင်ပွဲမှာ အောင်မြင်တာက သူတို့ရဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကို တိုးစေတယ်။

Success in racing builds their confidence.

## သတ်ပုံအမှားများ

**လှသမိန်**

(၁၄-၁၀-၂၀၂၅ ရက်နေ့မှအဆက်)

**စွန်း၊ စွမ်း**

**အမှား။** သူသည် ပညာထူးချွန်သူဖြစ်၍ အရာရာ၌ **တပ်စွန်း**သည်။

**အမှန်။** သူသည် ပညာထူးချွန်သူဖြစ်၍ အရာရာ၌ **တတ်စွမ်း**သည်။

**အကြောင်းပြ။** (တပ်စွန်း)မှာ တပ်ငြိခြင်း တပ်မက်ခြင်းကို ဆိုလို၍ (တတ်စွမ်း)မှာ တတ်နိုင်စွမ်းဆောင်နိုင်ခြင်းကို ဖော်ပြ၍ မှန်ကန်အောင် ပြင်ဆင်ရသည်။

**ချန်-ခြံ**

**အမှား။** ကျောင်းသားသည် ခဲတံကို **ချိုးချန်**၍ရေးသည်။

**အမှန်။** ကျောင်းသားသည် ခဲတံကို **ခြိုးခြံ**၍ရေးသည်။

**အကြောင်းပြ။** ချိုးချန်မှာ ချိုး၍တစ်ပိုင်းကို ချန်ထားကာ ရေးခြင်းဖြစ်၍ ခြိုးခြံမှာ မကုန်တန်သည်ကို မကုန်ရအောင် ရိုသေစွာ ကိုင်တွယ်ရေးသားခြင်းပင် ဖြစ်လေသည်။

**ခုံ-ခုန်**

**အမှား။** ကလေးများသည် ငြင်းကြ **ခုန်**ကြ၏။

**အမှန်။** ကလေးများသည် ငြင်းကြ **ခုံ**ကြ၏။

**အကြောင်းပြ။** ငြင်းခုန်မှာ ငြင်းကြပြီးနောက် ခုန်ပေါက်ကြသည်ဟု အဓိပ္ပာယ်ရောက်နေသည်။ ထို့ကြောင့်ငြင်းခုံဟုရေးသည်။

**ရှင်-ယှဉ်**

**အမှား။** ဤမိန်းကလေးနှစ်ယောက်သည် မျက်စိ**ယှဉ်**ကြသည်။

**အမှန်။** ဤမိန်းကလေးနှစ်ယောက်သည် မျက်စိ**ရှင်**ကြသည်။

**အကြောင်းပြ။** (ယှဉ်)မှာ နှိုင်းယှဉ်ခြင်းအဓိပ္ပာယ်ရှိ၏။ **ဖျတ်လတ်**ရှင်သန်ခြင်းတွင် (ရှင်)ဟုသာ ရေးရသည်။

**ကြပ်-ကျပ်**

**အမှား။** စက်ယန္တရားတစ်ခုလုံးကို ဤခလုတ်က **ကြီးကျပ်**သကဲ့သို့ ရှိသည်။

**အမှန်။** စက်ယန္တရားတစ်ခုလုံးကို ဤခလုတ်က **ကြီးကြပ်**သကဲ့သို့ ရှိသည်။

**အကြောင်းပြ။** ကြီးကျပ်မှာ ကြီးလည်းကြီး၍ ကျပ်လည်း ကျပ်တည်းသည်ဟု ဆိုရာရောက်သည်။ ကြပ်မတ်ခြင်း၊ ထိန်းသိမ်းကွပ်ကဲခြင်း၌ (ကြပ်)ဟုသာ ရေးရသည်။

**ကြမ်း-ကျန်း**

**အမှား။** ကျွန်တော်ခင်ဗျား **ကြမ်းမာ**စေရန် ဆုတောင်းပါသည်။

**အမှန်။** ကျွန်တော်ခင်ဗျား **ကျန်းမာ**စေရန် ဆုတောင်းပါသည်။

**အကြောင်းပြ။** (ကြမ်း)မှာ မာကြမ်းခြင်း၊ မနူးညံ့ခြင်းနှင့် အိမ်ခင်းသော ကြမ်းကိုသာ ဆိုလိုသဖြင့် ရည်ရွယ်ရင်းမရောက်ဘဲ ရှိသည်။

**စိတ်-စိပ်**

**အမှား။** ဤပုတီးကို **စိတ်**ပါ။

**အမှန်။** ဤပုတီးကို **စိပ်**ပါ။

**အကြောင်းပြ။** (စိတ်)မှာ ခေါးနှင့်ခွဲခြမ်း ဖြတ်တောက်စိတ်ဖြာခြင်းဖြစ်၍ ပုတီးကို(စိပ်)သည်ဟုသာ ရေးရသည်။

**ကျဲ-ကြဲ**

**အမှား။** လယ်ကွင်းထဲမှာ ပျိုး**ကျဲ**နေပြီလား။

**အမှန်။** လယ်ကွင်းထဲမှာ ပျိုး**ကြဲ**နေပြီလား။

**အကြောင်းပြ။** (ကျဲ)မှာ ကျယ်ခြင်း၊ တစ်ခုနှင့်တစ်ခု ဝေးကွာခြင်းဖြစ်၍ ပျိုးပင်များ ကွာခြားနေသလားဟု ဆိုလိုရာရောက်နေသည်။ မျိုးစေ့ ဖြန့်ကျဲပစ်လွှင့်ခြင်းကို (ကြဲ)ဟုပင် သုံးရသည်။

**ချစ်-ခြစ်**

**အမှား။** အိမ်ရှင်မသည် အုန်းသီးကို **ချစ်**သည်။

**အမှန်။** အိမ်ရှင်မသည် အုန်းသီးကို **ခြစ်**သည်။

**အကြောင်းပြ။** ကုတ်ခြစ်၊ ခြစ်ခွာတို့ကို (ခြစ်)ဟုသာ ရေးရသည်။ (ချစ်)မှာ ချစ်ခင်ခြင်း အဓိပ္ပာယ်သာရသည်။

**သိကြား-သကြား**

**အမှား။** ဤကော်ဖီကို **သိကြား**ကူမှ ချိုလိမ့်မည်။

**အမှန်။** ဤကော်ဖီကို **သကြား**ကူမှ ချိုလိမ့်မည်။

**အကြောင်းပြ။** သိကြားမှာ တာဝတိံသာမှ သိကြားမင်းကို သာဆိုလိုသည်။

(ဆက်လက်ဖော်ပြပါမည်)

**ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူ ဖော်ပြပါသည်။**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ၏ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# စေတနာ

## *သိပ္ပံမောင်ဝ*

နယ်ပိုင်မောင်လူအေးသည် ယခုအခါတွင် ကြေးတိုင်ဘက်သို့ ပြောင်းသွားပြီဖြစ်သောကြောင့် ကြေးတိုင် မောင်လူအေး ဖြစ်သွားလေပြီ။ နယ်ပိုင်အလုပ်နှင့် ကြေးတိုင်အလုပ်တို့မှာ မည်သို့ကွာခြားသည်ကို စောင့်စား၍ ကြည့်ကြဦးစို့။

မောင်လူအေးသည် ဘွားဒွေးကြီး၏လက်အောက်တွင် ကြီးပြင်းလာရသောကြောင့်လားမသိ။ အဘိုးကြီး အမယ်ကြီးများကို တွေ့မြင်လျှင် ခင်မင်လေ့ရှိလေသည်။ နယ်ပိုင်ဘဝတုန်းက တောရွာများသို့ နယ်လှည့်ထွက်သောအခါများတွင် အဘိုးအို၊ အမယ်ကြီးတို့နှင့် တွေ့ရမြင်ရ နှုတ်ဆက်ရပါ၏။ သို့ရာတွင် နယ်ပိုင်အလုပ်တွေမှာ များပြားလှသောကြောင့် ကြာကြာစကားမပြောနိုင်။ အသိမိတ်ဆွေမဖြစ်နိုင်ပေ။ တစ်ရွာတစ်ရွာတွင် တစ်ညဉ့်အိပ်သာလျှင် တည်းခိုလေ့ရှိ၏။ အလုပ်ကိစ္စများ ပြီးစီးသွားပြန်လျှင်လည်း အဘိုးအို၊ အမယ်ကြီးများနှင့် စကားမပြောအား။ အခြားရွာသို့သွားကာ အမှုကိစ္စများကို ဆောင်ရွက်ရပေသေးသည်။

ကြေးတိုင်ဘက်တွင်ကား ဤသို့မဟုတ်ပြီ။ တစ်ရွာ တစ်ရွာရောက်မှဖြင့် ရွက်ထည်ရုံထိုးကာ ကိုးရက်၊ ၁၀ ရက် စသဖြင့် စခန်းချ၍နေရလေသည်။ နံနက်ခင်းတွင် ကွင်းစစ်၊ နေ့ခင်းတွင် စာရင်းစစ်ပြီးလျှင် လုပ်ဖွယ်ကိစ္စမရှိတော့ပြီ။ ညနေခင်း ညဉ့်ဦးအခါများတွင် ရွာသားများနှင့် ထွေရာလေးပါး စကားတို့ကို ပြောဆိုနိုင်လေသည်။ ဤနည်းအားဖြင့် သူကြီးမင်း၊ ဆယ်အိမ်ခေါင်း၊ သမာဓိ၊ ကော်မတီမှစ၍ ရွာထဲတွင် ရှိသမျှသော ရွာသားများနှင့် ခင်မင်၍ သွားလေ့ရှိလေသည်။ ဤကား ကြေးတိုင် မောင်လူအေး၏ အလုပ်ပေတည်း။

တစ်ရံရောအခါ ပျံချီဆိုသော ရွာကလေး၏ နောက်ဖေး ကုန်းတန်းကလေးပေါ်ရှိ ညောင်ချဉ်ပင်တစ်ပင်အောက်တွင် ရွက်ထည်တဲကို ထိုးကာ မောင်လူအေးတို့လူစုစခန်းချ၍ နေကြလေသည်။ ထိုလူစုတွင် ပါဝင်သူတို့၏အကြောင်းကို အနည်းငယ် ရေးသားလိုသေး၏။ မောင်လူအေး၏ စခန်းစာရေးတို့ကား မောင်ဟန်စိန်နှင့် မောင်အုံးပွင့်တို့တည်း။ နယ်ပိုင်လုပ်စဉ်က တောလိုက်စာရေးကား မောင်ဖျန်စိန်၊ ကြေးတိုင်ဘက်ရောက်သောအခါ စခန်းစာရေးကား မောင်ဟန်စိန်၊ ကာရန်ပဲ ကိုက်သေးတော့။ နာမည်တွင်သာ ကာရန်ညီသည် မဟုတ်သေး။ သူတို့နှစ်ယောက်စလုံး တရုတ်ကပြားချည်းပင်။ ရေးအကျိုးဆက် အတော်ပင်ထူးသည်ဟု တွေးတောမိလေတော့သည်။

အခြားတပည့်များ၏ အမည်တို့ကို နားထောင်ပါဦး။ စခန်းပြာတာကား မောင်ထွန်းကျင်၊ စာပို့ပြာတာကား မောင်ထွန်းရှိန်၊ မောင်လူအေးကိုယ်ပိုင် တပည့်ကား မောင်ထွန်းဖေ။ သို့နှင့် မောင်လူအေး၏စခန်းတွင် ထွန်းသုံးလုံး တစ်ပြိုင်နက် ထွန်းကားပြီးလျှင် ထွန်းလင်းတောက်ပလျက်နေကြကုန်၏။ သူတို့သုံးယောက်စလုံး စနေသားချည်းပင်။ ထွန်းသုံးထွန်းပေါင်းသော် သောင်းကျော်မည့်အရေးကိုလည်းကောင်း၊ ဂယ်သုံးခု ဥဿုစ်ထုပဟူသော ရာဇဝင်သင်္ကေတနှင့်အညီ ထွန်းသုံးထွန်းစုလျှင် စခန်းပုသွားမည့်အရေးကိုလည်းကောင်း တွေးလိုက်တိုင်း စိုးရိမ်မကင်းဖြစ်မိ၏။

တစ်ခုသောနံနက် ခြောက်နာရီအချိန်တွင် လယ်မြေများကို အယုတ်အလတ် အမြတ်ခွဲခြားရန် လေးဦးသော သမာဓိတို့နှင့်အတူ မောင်လူအေး၊ စာရေး မောင်ဟန်စိန်တို့သည် ကွင်းဆင်း၍ သွားကြကုန်၏။ အဆိုပါ လေးဦးသော သမာဓိတို့အနက် သုံးဦးမှာ ခပ်ငယ်ငယ်၊ ခပ်လည်လည်၊ ခပ်ညာညာ၊ ခပ်ဝါဝါများ ဖြစ်ကြလေသည်။ သို့ရာတွင် မိမိ နယ်ပိုင်လုပ်စဉ်က တွေ့မြင်ခဲ့ရသော အင်းသားကြီးတို့လောက်ကား အညာ၊ အလှိုင်း၊ အလိမ်၊ အကောက်၊ မကောင်းလှပေ။ ကျန်တစ်ဦးသော သမာဓိကား အသက် ၆၀ ကျော်ပြီ။ ခါးကုန်းကုန်း၊ ပခုံးပေါ် နံငယ်တစ်ထည်ကို တင်ထား၏။ အင်္ကျီကိုကား မဝတ်နိုင်ရှာပေ။ ထိုသမာဓိ အဘိုးကြီးကား ညာခြင်း၊ ဝါခြင်းမရှိ။ အမှန်အတိုင်း ပြောဆိုလေ့ရှိသောကြောင့် မောင်လူအေး၏ မျက်စိက တန်းမှန်းမိလေသည်။ သူ၏အမည်ကား ဦးသာရတည်း။

ကွင်းစစ်ပြီး၍ စခန်းသို့ပြန်လာသောအခါ လမ်းတွင် မောင်လူအေးနှင့် ဦးသာရတို့မှာ လေပေးဖြောင့်လျက်လာကြလေသည်။ ဦးသာရ၌ သားသမီး ခြောက်ယောက်ထွန်းကားရာ နှစ်ယောက်မှာ ငယ်ငယ်ကတည်းကပင် သေဆုံးသွားပြီဖြစ်၍ လေးယောက်သာကျန်တော့၏။ ထိုလေးယောက်သော သားသမီးတို့မှာလည်း အသီးသီး အိမ်ထောင်ရက်သားကျပြီးလျှင် သားတွေ၊ သမီးတွေနှင့် ဖြစ်နေကြသောကြောင့် အဖေဦးသာရနှင့် အမေအို ဒေါ်စီလိတို့အား မကြည့်ရှုနိုင်ရှာကြချေ။ အမြဲနှလုံးသွင်းထားသောသူဖြစ်သောကြောင့် မိမိတို့၏ သားသမီးများ မိမိတို့အား မကြည့်ရှုသည်ကို ဝမ်းလည်းမနည်း၊ သူတို့ကိုအားမကိုးပေ။

ရွာ့မြောက်ဘက် မြေလွတ်မြေလပ်ကလေးတစ်ကွက်ကို ခုတ်ပြီးလျှင် ဥယျာဉ်တောင်ယာကလေး လုပ်ကိုင်စားသောက်နေသည်မှာ လေးငါးခြောက်နှစ်ကြာလေပြီ။ ထိုတောင်ယာမှထွက်သော သစ်ဥတို့ကိုရောင်းကာ အဘိုးအို၊ အမယ်ကြီးတို့ နှစ်ယောက်သား စားသောက်နေရရှာ၏။ ထမင်းဝရုံသာရ၏။ အဝတ်အစားဝတ်ရန်ကားမပို။ သူတကာကသနား၍ ပေးသောအဝတ်အစားတို့ကိုသာလျှင် အရှက်လုံရုံဝတ်စားရပေသည်။ ချမ်းတုန်းအချိန်များတွင်ကား ခိုက်ခိုက်တုန်၊ ခြုံစရာကလည်း စောင်မရှိ။ မိုးတွင်းအခါတွင် ပိုးလောင်းကောင်၊ ခြင်အများဝိုင်းအုံကာ ကိုက်ခဲကြခြင်းကို ခံကြရရှာ၏။

မိမိတို့ပိုင်နက်ဖြစ်သော ဥယျာဉ်တောင်ယာကလေးအတွက် ကျအပ်သောအခွန်တော် သုံးကျပ်ကို မပျက်ပင် ကြိုးစားကာ ဆောင်ရှာပေသည်။ သို့ရာတွင် လွန်ခဲ့သည့်နှစ်က တိုက်စာရေးကိုယ်တော်မြတ်က အဘယ်ကြောင်းကြောင့်မသိ။ ဦးသာရ မလုပ်မကိုင် မခုတ်မထွင်သောမြေကိုပါ ထည့်သွင်း၍ အခွန်စည်းကြပ်သောကြောင့် အခွန်တော် ၁၈ ကျပ်ကျလေပြီ။ ဦးသာရတို့လင်မယား အကျပ်ကြုံတော့၏။ အခွန်တော်မဆောင်နိုင်။ အကျိုးကား ထိုယာကလေးကို အစိုးရပြန်၍ သိမ်းလိုက်လေတော့သတည်း။ မကြာမီ နှင်စာလာ၏။ အခြားနေစရာကလည်း မြေမရှိသောကြောင့် ထိုယာတဲမှာပင် ခိုကပ်ကာ နေရရှာပေ၏။ အတန်ကြာလျှင် တရားအစွဲခံရသဖြင့် ဒဏ်ငွေသုံးကျပ်ဆောင်ရလေသည်။ ရွာထဲမှ လူများစု၍ ပေးလိုက်သောကြောင့်သာ ထောင်ဘေးမှ ချမ်းသာခွင့်ရလေသည်။

ဦးသာရ၏ အဖြစ်အပျက်ကို ကြားသိရသော မောင်လူအေးကား သနား၍မဆုံးပြီ။ နေ့တိုင်းပင် အားလပ်သောအခါများတွင် ဦးသာရအား မိမိ၏စခန်းသို့ ခေါ်ကာစကားပြော၏။ လက်ဖက်ရည်သောက်ချိန်တွင် လက်ဖက်ရည်ကိုတိုက်၏။ ထမင်းစားချိန်တွင် ထမင်းကျွေး၏။ လက်ဖက်ရည်တစ်ခွက်၊ ထမင်းတစ်နပ် နှစ်နပ်စာမှာ မောင်လူအေးအတွက် မထူးခြားသော်လည်း ဦးသာရအား ကြေးတိုင်ဝန်ထောက်က လက်ဖက်ရည်တိုက်ကြောင်း၊ ထမင်းကျွေးကြောင်းသတင်းမှာ ရွာထဲတွင် ချက်ချင်းပျံ့နှံ့သွား၏။ ဦးသာရ အိမ်ပြန်သွားသောအခါ သတင်းလာရောက်မေးမြန်းကြသောသူတို့မှာ ပြည့်လျက်နေလေသည်။ ဝန်ထောက် လက်ဖက်ရည်၊ ဝန်ထောက် ထမင်းတို့ကို စားခဲ့ရသော ဦးသာရကြီးမှာ ရွာထဲတွင် အတော်ပင်ထင်ပေါ် ဂုဏ်ရှိ၍လာလေသတည်း။ ဦးသာရကား မောင်လူအေးအား ကျေးဇူးတင်၍မဆုံးတော့ပြီ။

ပျံချီရွာကလေးတွင် ကိုးရက်၊ ၁၀ ရက်ခန့် စခန်းချပြီးနောက် ရွှေပေါက်ရွာသို့သွားရန် စီမံရပြန်၏။ ဦးသာရကား အတော်ပင် ဝမ်းနည်းရှာပေသည်။ သို့သော် ပျံချီရွာမှ ထွက်ခွာမည့်နေ့တွင် ဦးသာရ ပေါ်မလာချေ။ အဘယ်ကြောင့်နည်း။ ဝမ်းနည်းသောကြောင့်ပင်လော။ ဂရုမစိုက်သောကြောင့်ပင်လော။ ဦးသာရအား နှုတ်ဆက်ရန် အခေါ်လွှတ်လိုက်ပါလည်း ဦးသာရ အိမ်တွင်မရှိပေ။ ရှောင်များနေလေရော့သလားဟု သို့လော သို့လော တွေးတောဒွိဟ မောင်လူအေး၏ စိတ်ထဲတွင် ဖြစ်မိပေ၏။

ညနေခင်း ၄ နာရီထိုးသောအခါ မောင်လူအေးတို့ လူစုလည်း ရွှေပေါက်ရွာသို့သွားရန် လှေဆိပ်သို့ ဆင်းကြကုန်၏။ လှေများပေါ်တွင် ပစ္စည်းများတင်ပြီး၍ လှေထဲသို့ မောင်လူအေး ဆင်းမည်အလုပ်တွင် ရွာမြောက်ဘက်မှ ဦးသာရကြီး ပြေးလာသည်ကို မြင်ကြရလေသည်။ မကြာမီ မောင်လူအေး အနားသို့ရောက်၏။ မောကြီးပန်းကြီးနှင့်ပင်၊ လက်ထဲတွင်လည်း ပုလင်းတစ်လုံး၊ ဘာပုလင်းပါလိမ့်။ ပျားရည်ပုလင်းဖြစ်ပါသည်။ မိတ်ဆွေတစ်ယောက်ထံမှ ငွေတစ်ကျပ်ကို ချေးပြီးလျှင် နံနက်စောစောကပင် ခြောက်မိုင်ခန့်အကွာ ကျောက်ဖျာရွာမှ ငွေတစ်ကျပ်ပေး၍ ဝယ်လာသော ပျားရည်ပုလင်းဖြစ်၏။ ထိုပျားရည်ပုလင်းကို ဝန်ထောက်မင်းအား ကျေးဇူးတင်လှသဖြင့် လက်ဆောင်ပေးရန်ဖြစ်ပါသည်။ ဩော်... ဦးသာရ ဦးသာရ၊ ကျေးဇူးသိတတ်ပါပေ၏။

မောင်လူအေးသည် ဦးသာရ၏ ပျားရည်ပုလင်းကို အသို့လျှင် ယူရက်ပါအံ့နည်း။ ကျေးဇူးသိတတ်စွာဖြင့် ပေးသည်ကိုမယူဘဲ ငြင်းပယ်လိုက်မည်ဆိုလျှင်လည်း ဦးသာရကြီး စိတ်မကောင်းဖြစ်တော့မည်။ မောင်လူအေး အကျပ်တွေ့တော့၏။ ထိုအကျပ်ထဲမှ လွတ်မြောက်ရန် နည်းတစ်နည်းသာရှိလေသည်။

ယင်းကား ဦးသာရ၏ ပျားရည်ပုလင်းကို ယူပြီးလျှင် သူ့အား ငွေသုံးကျပ်ပေးခြင်းပင်တည်း။ ဦးသာရကလည်း ကျေနပ်၊ မောင်လူအေးကလည်း အားရ၍ သွားကြလေ၏။ ဤစားရမဲ့၊ သောက်ရမဲ့၊ ဝတ်ရမဲ့ ဖြစ်နေသော အဘိုးကြီးသည် အစိုးရလခစားဖြစ်သော ဝန်ထောက်အား ပျားရည် လက်ဆောင်ပေးနိုင်လောက်သော စေတနာမှာ ထူးဆန်းပေစွဟူ၍ စိတ်ကူးရင်းနှင့်ပင် ပျံချီရွာမှ ထွက်ခဲ့သတည်း။

နေဝင်ချိန်တွင် ရွှေပေါက်ရွာသို့ ရောက်ကြကုန်၏။ ဦးကျောက်ဒွန်း၏ ဥယျာဉ်အတွင်း သရက်၊ ပိန္နဲ၊ ကနစိုးပင်များအောက်တွင် ရွက်ထည်တဲဆောက်ကာ စခန်းချနေကြပြန်၏။ လူသူအရောက်အပေါက်နည်း၍ အလွန်ခေါင်လှသော ကရင်ရွာကလေးဖြစ်သောကြောင့် ဝန်ထောက်မင်း ရောက်သည်ကြားလျှင် တစ်ရွာလုံးပင် လာရောက်ကြည့်ရှုကြကုန်၏။ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် ပုလုကွေးလွေး ပုခက်တွင်းကလေးများပင် ပါလေသည်။ တကယ့် ပွဲကြီးကျနေတော့၏။

နောက်တစ်နေ့ နံနက်တွင် သမာဓိလေးယောက်နှင့် မောင်လူအေး ကွင်းဆင်းသွားလေသည်။ ထိုသမာဓိအားလုံးမှာ ရိုးသားသူချည်းဖြစ်သောကြောင့် မြေမျိုးခွဲရာတွင် အမှန်အကန်ရရှိမှုမှာ လွယ်လည်းလွယ်ကူလှပေ၏။ ထိုသမာဓိလေးယောက်အနက် အသက် ၆၀ ကျော်ခန့်ရှိ အဘိုးကြီးတစ်ယောက်လည်း ပါလေသည်။ ထိုအဘိုးကြီးအား မောင်လူအေး မျက်စိကျပြန်လေပြီ။ ဤသို့ မျက်စိကျသည့်အတိုင်း ထိုအဘိုးကြီးအား တောင်မေး၊ မြောက်မေးနှင့် တစ်လမ်းလုံးလျှောက်၍ မေးလာခဲ့လေသည်။

အဘိုးကြီး၏အမည်ကား ဦးရွှေလှအောင် ဖြစ်လေသည်။ နာမည်မှာ ရခိုင်နာမည်နှင့်တူသောကြောင့် မေးကြည့်ရာ အသက် ၁၆ နှစ်အရွယ်ကတည်းကပင်

စာမျက်နှာ ၁၉ သို့ ◆

**❝ထိုကြက်ဥများကို အသို့လျှင် မောင်လူအေး ယူရက်ပါအံ့နည်း။**
**ဦးရွှေလှအောင်ကို သနားမိ၏။ သူ၏ကြက်မကြီးကို ကရုဏာသက်မိလေသည်။**
**သို့ရာတွင် ဤမျှဆင်းရဲနေသော ဦးရွှေလှအောင်၏**
**သဒ္ဓါတရားကိုလည်းကောင်း၊ ကျေးဇူးသိတတ်သောတရားကိုလည်းကောင်း**
**မချိုးမွမ်းဘဲ မနေနိုင်တော့ပြီ။**
**လောကတွင် ဆင်းရဲလေလေ၊ ကျေးဇူးသိတတ်လေလေဖြစ်သည်မှာ**
**ဓမ္မတာပင်ဖြစ်သည်ဟူ၍လည်း တွေးမိ၏။ ဆင်းရဲသူတို့ကား**
**ကိုယ်ချင်းစာတတ်ကြလေသည်။**
**ချမ်းသာသူတို့ကား ကိုယ်ချင်းမစာတတ်ဟုဆိုလျှင် မှားမည်မထင်❞**




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ရင်မှာပွင့်လန်း ကဗျာပန်းလေးများ

တက္ကသိုလ်စိုးယဉ် ရေးသားသည့် ရင်မှာပွင့်လန်း ကဗျာပန်းလေးများစာအုပ် ထွက်ရှိလာသည်။

စာရေးသူသည် ဝါသနာအလျောက် ကဗျာလေးများတွင် အာရုံဝင်စားသည်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဓာတ် ဆိုသည့် တံခါးခြောက်ပေါက်မှ ဝင်ထွက် ထိတွေ့ရသည်များက ရင်ထဲခံစားလာရသည့်အခါ လက်မှချရေးမိသည်။

ဆရာ မြင်းမူမောင်နိုင်မိုးက အရွယ်အားဖြင့် ရင့်ကျက်ခဲ့ပြီဖြစ်သော ဆရာ တက္ကသိုလ်စိုးယဉ်၏ ရင်မှာပွင့်လန်းလာသော ပန်းကလေးများသည် ဖတ်ရှုရသူတို့အတွက် ကြည်နူးစရာ၊ ပျော်ရွှင်စရာ၊ အတုယူစရာ၊ သတိမူဖွယ်ရာ၊ သံဝေဂယူဖွယ်ရာ ခံစားမှုအတွေးအမြင်များကို ရှင်သန်လန်းဆန်းလာစေလိမ့်မည်ဟု ကျွန်တော်ယူဆသည်။ အဘယ်ကြောင့်ဆိုသော် ဆရာတက္ကသိုလ်စိုးယဉ်၏ ရင်ထဲက ဖြူစင်သောစေတနာ၊ မေတ္တာအရိပ်အငွေ့တို့ကြောင့် ဖူးပွင့်လာသည်ဖြစ်၍ ထိုထိုသော ပန်းကလေးများသည် လန်းမွှေးသင်းကြူ ချစ်ခင်သူများဖြင့် ပြည့်လျှမ်းနေမည်သာဖြစ်ပါကြောင်း အမှာစာရေးသားထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ ဖုန်း ၀၉၇၉၈၁၈၉၁၄၈၊ ၀၉၇၇၇၁၃၉၄၇၇၊ အမှတ် ၂၁၉၊ လမ်း ၄၀ (လယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိသည်။




## အရောင်များ(ရိုးရိုးသိပ္ပံ)

ဒေါက်တာမြင့်သန်း (ညောင်လေးပင်) ရေးသားသည့် အရောင်များ (ရိုးရိုးသိပ္ပံ)စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် လူသားများနှင့် အရောင်များ၊ အရောင်များ၏ မူလအစ သိပ္ပံသဘာဝ၊ လူသားတို့၏ အရောင်ဆိုင်ရာ ဆင့်ကဲဖွံ့ဖြိုးလာမှုများ၊ အရောင်များ၏ ရူပ ဓာတုနှင့် အခြားသိပ္ပံဆိုင်ရာ သဘောတရားများ၊ အရောင်များနှင့် အနုပညာ၊ အရောင်ကန်းခြင်း၊ အရောင်များ၏ စိတ်ပညာသဘာဝ၊ အရောင်ဖြင့် ဦးစားပေးဆောင်ရွက်ခြင်းစနစ်၊ ယာဉ်မတော်တဆဖြစ်စဉ်များနှင့် အရောင်များ၊ တိရစ္ဆာန်များနှင့် အရောင်မြင်နိုင်မှု၊ အရောင်ဆိုင်ရာ ယဉ်ကျေးမှု ယုံကြည်မှုများ၊ အရောင်ရှိသော အစားအစာများ၏ ကျန်းမာရေးဆိုင်ရာ အာနိသင်များ၊ လူ့ဆံပင်နှင့်အရောင်၊ လူ့အသား အရောင်များ၊ မျက်လုံး အရောင်များ၊ မယ်လာနင်ရောင်ခြယ်များဟူသည့် အခန်း ၁၆ ခန်း ပါရှိသည်။

အရောင်များသည် စင်စစ်အလင်းရောင် (Light) တွင် အခြေခံပြီး ထိုမှ ရောင်စဉ်များကွဲထွက်ကာ အရောင်အသီးသီး ဖြစ်လာသည်ကို တွေ့ရသည်။ အရောင်များသည် လောကသဘာဝအပေါ် လွှမ်းမိုးမှုများစွာရှိနေသည်ကို တွေ့ရသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ ဖုန်း ၀၉၇၉၈၁၈၉၁၄၈၊ ၀၉၇၇၇၁၃၉၄၇၇၊ အမှတ် ၂၁၉၊ လမ်း ၄၀ (လယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၆၀၀၀ ဖြင့် ဖြန့်ချိသည်။




## အံ့ဖွယ်ရှေ့နေမနဲ့ (လောကစုံပုံပြင်များ)

ဇာနီအောင် (ရမ္မာဝတီ) ရေးသားသည့် အံ့ဖွယ်ရှေ့နေမနဲ့ (လောကစုံပုံပြင်များ) စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် အံ့ဖွယ်ရှေ့နေမ၊ ရှေ့နေပါ၊ တရားသူကြီးပါ၊ သရုပ်ပြဟာသစုံ ရရှိသွားတဲ့ သူ့အမြင်မှန်၊ ရှေ့နေတွေဆိုတာ၊ တော်လှန်တဲ့ ဖားသူငယ်၊ တစ်ခါက ဥပဒေ၊ အမှားနဲ့အမှန်၊ ရှေ့နေကြီးနဲ့ သူ့သက်သေ၊ ဥပဒေဆိုတာ၊ လောကရဲ့ နိယာမ၊ တစ်ခါက၊ အို သားရယ်၊ တို့ဘုရားတို့စကား၊ တရား၊ အို ရှေ့နေ၊ ရာဇဝင်မှာ စာတင်မှု၊ ဩော် မိန်းမ၊ ဘဝရဲ့ အဆင့်အတန်းဆိုတာ၊ ဩော် ဥပဒေ၊ ပညာဆိုတာရှိတယ်၊ အိုဘယ့်ရှေ့နေ၊ အပြုံမြင်သဘော၊ အံ့ဖွယ်ရှေ့နေကျော် ခံတော်မောင်ကျာဘမ်းစသည်တို့ ပါရှိသည်။

ကန်တော်မင်း ကျောင်းဆရာတော်၏ လောကသာရ ဆုံးမစာတွင် “လူမှုဆုံးဖြတ် ဓမ္မသတ်နဲ့ ညီညွတ်မယွင်း စောင့်စည်းခြင်းဖြင့် မပင်းမျက်နှာ မနာအားပါး နှစ်ဖက်သား၏ အကြားလည်းမှန် ချိန်ခွင့်ဟန်သို့” ဟူသည့် ဆုံးမစာနှင့်အတူ တရားစီရင်ရေးတွင် တာဝန်ယူရသည့် ပုဂ္ဂိုလ်များသည် မှတ်ရန်လိုအပ်ကြောင်း ဖော်ပြထားသည်။

စာအုပ်ကို ပါဝါ-ပုံနှိပ်နှင့် စာအုပ်ချုပ်လုပ်ငန်း ဖုန်း ၀၉၄၅၁၁၇၇၂၆၅၊ ၀၉၉၅၅၆၂၀၉၅၅၊ အမှတ် ၁၆၂၊ ၃၄ လမ်း (အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။ ■

## ဆင်ပေါင်ဝဲမြို့နယ်၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း ရာနှုန်းပြည့်ပြီးစီး



**ဆင်ပေါင်ဝဲ အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ငွေးချိုကျေးရွာတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်း လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းမှာ အရှည် ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိပြီး ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ကျပ်သိန်း ၅၀ စုစုပေါင်း ရန်ပုံငွေကျပ် သိန်း ၂၀၀ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာအကူအညီရယူကာ ကျေးရွာပြည်သူများ ကိုယ်တိုင် စက်တင်ဘာ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၂၄၆ မှ လူဦးရေ ၇၅၀ ဦးတို့၏ လမ်းပန်းဆက်သွယ်မှု လွယ်ကူစေရေးအကျိုးပြုလျက်ရှိကြောင်း သိရသည်။

ငြိမ်းသူ

◆ စာမျက်နှာ ၁၈ မှ

ရခိုင်တောင်ရိုးကို ဖြတ်ကျော်လာပြီးလျှင် ဤကရင်ရွာတွင် လာရောက်နေထိုင်ကြောင်း ပြောပြသဖြင့် သိရှိရလေသည်။ ရခိုင်တောင်ရိုးမှ ထွက်လာကတည်းက မိမိနေရပ်သို့ တစ်ခါတစ်ခေါက်မျှ ပြန်၍မရောက်တော့ပြီ။ ဤကရင်ရွာကလေးတွင်ပင် လုပ်ကိုင်စားသောက်၍ ကြီးပြင်းလာသူတည်း။ ကရင်စကားကို သွက်သွက်လက်လက်ကြီး ပြောဆိုနိုင်သောကြောင့် ကရင်ပင်ဖြစ်နေလေပြီ။ သို့သော် ရခိုင်စကားကိုကား တစ်လုံးကောင်း၊ နှစ်လုံးကောင်း မှတ်မိပေသေးသည်။

ဦးရွှေလှအောင်ကား ငယ်စဉ်ကပင် သားမယားမယူ၊ လူပျိုကြီးဘဝနှင့်ပင် ပျော်မွေ့လာသူတည်း။ ယခုအခါတွင် သားထောက်သမီးခံမရှိသောကြောင့် မိမိယာကလေးကို ခုတ်ထွင်ကာ တစ်ယောက်တည်းနေထိုင်ရရှာ၏။ မိမိယာမှထွက်သော အသီးအနှံတို့၏ တန်ဖိုးမှာ အခွန်ဆောင်လောက်ရုံသာရှိလေသည်။ စားသောက်ရန်ကားဝေးပေစွ။ သို့ဖြစ်လျှင် ဦးရွှေလှအောင် အဘယ်သို့ စားသောက်နေပါသတည်း။ ကရင်ရွာသူကြီးနှင့် ရွာသားများက စောင်မကြည့်ရှုစောင့်ရှောက်၍ထားသောကြောင့် အစားအသောက်အတွက် မပူပင်ရရှာပေ။ သို့ရာတွင် ရွာသူရွာသားများမှာလည်း ချမ်းသာကြွယ်ဝသောသူများ မဟုတ်ကြသောကြောင့် အဝတ်အစားအတွက် မနိုင်ကြလေရကား ဦးရွှေလှအောင်တွင် ပုဆိုးတစ်ထည်နှင့် နံငယ်ပိုင်းတစ်ခုသာရှိပေ၏။ သို့အတိဒုက္ခရောက်နေရရှာသော်လည်း မိမိရပ်ထံသို့ ပြန်လိုသောဆန္ဒကားရှိသေးသည်။ ရခိုင်တောင်ရိုး မိမိရွာကလေးသို့ လေယာဉ်ပျံစီးကာ သွားရောက်ချင်သည်ဟု ရယ်စရာစကား ပြောကြားရှာလေသည်။ မည်သူသည် မိမိ၏ ချက်မြှုပ်နေရပ်ကို မပြန်ချင်ဘဲ ရှိပါအံ့နည်း။

ဤသို့ ဆင်းရဲနေသည့်အထဲတွင် “လဲရာ သူခိုးထောင်း”ဆိုသည့် စကားပုံအရ ဦးရွှေလှအောင်၏ ဥယျာဉ်ကလေးအတွက် ပြေစာနှစ်ရွက် ထွက်လာလေသည်။ ဦးရွှေလှအောင် အသို့လျှင် ထိုပြေစာနှစ်ရွက်ကို ရွေးနိုင်ပါအံ့နည်း။ အပူမီးလောင်ရှာတော့၏။ သို့သော် စားစရာမရှိ စေကာမူ လျော်စရာကား ရှိရမည်။ အခွန်မဆောင်ပြန်လျှင် အမှုရောက်မည်ဖြစ်ခြင်းကြောင့် ရွာသူကြီး ဦးကျားကပင် သူ၏အစားစိုက်၍ ဆောင်လိုက်သောကြောင့် ချမ်းသာခွင့်ရ၍ သွားလေသည်။

ဤအကြောင်းကို ကြားသိရသောအခါ မောင်လူအေးလည်း မိမိဝတ္တရားရှိသည့်အတိုင်း အမှန်သို့ရောက်စေရန် ရှင်းလင်း၍ပေး၏။ ဦးရွှေလှအောင်ကား ကျေးဇူးတင်၍မဆုံးပြီ။ ဦးသာရကြီးကဲ့သို့ပင် မပြတ်မပြတ် မောင်လူအေး၏ ရွက်ထည်ထဲရှိရာသို့ လာပြီးလျှင် မောင်လူအေးနှင့် ထွေရာလေးပါး စကားစမြည် ပြောလေ့ရှိလေသည်။ တစ်ယောက်နှင့်တစ်ယောက် အကျွမ်းဝင်သွားကြလေသတည်း။

မောင်လူအေးရောက်၍ သုံးရက်မြောက်သော ညနေခင်းတွင် ခပ်ပျင်းပျင်းရှိသည်နှင့် တဲရှေ့ထွက်ကာ ဝတ္ထုစာအုပ်တစ်အုပ်ကို ဖတ်နေခိုက် ဦးရွှေလှအောင် ပေါက်၍လာပေ၏။ မောင်လူအေးအနားတွင်ထိုင်ကာ မိမိ၏ လုံချည်အိတ်ထောင့်ထဲမှ ကြက်ဥခြောက်လုံးတို့ကို ထုတ်၍ မောင်လူအေးအနားတွင် ချရှာ၏။ မိမိမွေးထားသော ကြက်မကြီး၏ဥများဖြစ်လေသည်။ ထိုဥများကို သားဖောက်ရန် ရည်ရွယ်၍ထားသော်လည်း ယခုမှာကား မောင်လူအေးအား ကျေးဇူးတင်လှသောကြောင့် လာရောက်ကာ လက်ဆောင်ပေးခြင်းဖြစ်လေသည်။

ထိုကြက်ဥများကို အသို့လျှင် မောင်လူအေး ယူရက်ပါအံ့နည်း။ ဦးရွှေလှအောင်ကို သနားမိ၏။ သူ၏ကြက်မကြီးကို ကရုဏာသက်မိလေသည်။ သို့ရာတွင် ဤမျှဆင်းရဲနေသော ဦးရွှေလှအောင်၏ သဒ္ဓါတရားကိုလည်းကောင်း၊ ကျေးဇူးသိတတ်သော တရားကိုလည်းကောင်း မချီးမွမ်းဘဲမနေနိုင်တော့ပြီ။

လောကတွင် ဆင်းရဲလေလေ၊ ကျေးဇူးသိတတ်လေလေဖြစ်သည်မှာ ဓမ္မတာပင်ဖြစ်သည်ဟူ၍လည်း တွေးမိ၏။ ဆင်းရဲသူတို့ကား ကိုယ်ချင်းစာတတ်ကြလေသည်။ ချမ်းသာသူတို့ကား ကိုယ်ချင်းမစာတတ်ဟုဆိုလျှင် မှားမည်မထင်။

အတိဒုက္ခရောက်နေသော ဦးရွှေလှအောင်က ကျေးဇူးသိတတ်နေလျှင် ဝန်ထောက် မောင်လူအေးက ပို၍ပင် ကျေးဇူးသိတတ်ရပေမည်။ သို့ဖြစ်၍ အိတ်ထဲမှ ငွေနှစ်ကျပ်နှင့် ဦးရွှေလှအောင်အား ကျေးဇူးပြန်ဆပ်ရုံမျှမက သူ၏ကြက်ဥများကိုလည်း ပြန်၍ပေးလိုက်လေသည်။ ဦးရွှေလှအောင်ကား နားမလည်၊ မကျေနပ်။ ဤဝန်ထောက် အဘယ်ကြောင့် မိမိသဒ္ဓါ၍ပေးသော ကြက်ဥများကို ပြန်၍ပေးရသနည်း။ မောင်လူအေးက အကျိုးအကြောင်းကို ပြန်၍ရှင်းလင်းလိုက်သောအခါကျမှ ကျေနပ်သွားလေသတည်း။ ဩော်... မရှိဆင်းရဲသူများ တယ်ကျွေးချင်မွေးချင်ရှိပါတကား၊ ကျေးဇူးသိတတ်ကြပေစွ။

**၁၉၃၅ ခုနှစ်၊ ဧပြီ၊ ဂန္ထလောက။**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Grade 10

Unit 8 FOOD CHAIN

**I. Complete the sentences with the appropriate words. The initial letters are given.**

1. Plants need n__________ like vitamins and minerals to grow well.
2. Ants, beetles, and butterflies are examples of i__________.
3. Plants use s__________ to make their own food through photosynthesis.
4. Green p__________ in leaves help plants absorb sunlight.
5. H__________ are birds of prey that hunt smaller animals.
6. A s__________ eats dead animals and plants.
7. D________break down dead matter into simple substances.
8. V__________ feed on dead animals and help clean the environment.
9. The food w__________ shows how energy moves from one organism to another.
10. Animals leave behind r__________ after they die.

**II. Choose the appropriate words or phrases to complete the sentence.**

1. All living things need __________ to survive.
   A. water B. food C. sunlight
2. Plants make their own food using carbon dioxide, water, and __________.
   A. sunlight B. soil C. animals
3. A simple food chain shows how energy moves from one __________ to another.
   A. plant B. living thing C. soil
4. In the food chain, grass is __________ by rabbits.
   A. eaten B. eating C. growing
5. When animals like hawks die, their bodies are eaten by __________ and bacteria.
   A. ants B. rabbits C. snakes
6. In the food chain, animals like hawks are called __________ because they eat other animals.
   A. predators B. scavengers C. herbivores
7. When animals die, their bodies become __________ that bacteria and ants help break down.
   A. garbage B. waste C. food
8. Bacteria help decompose dead bodies and turn them into __________ for plants.
   A. nutrients B. water C. energy
9. __________ help break down dead plants and animals into nutrients for the soil.
   A. Bacteria B. Vultures C. Scavengers
10. A __________ shows how energy passes from one living thing to another through eating.
    A. life cycle B. food chain C. ecosystem

**III. Rewrite the sentence according to the instruction given in brackets.**

1. I (wear) ________ sunglasses when the sun shines brightly. **(Rewrite, using the correct form of 'used to'.)**
2. "I am going to the market," she said. **(Change the sentence into the reported speech.)**
3. She (leave) _________ for school at 8 AM every day. **(Complete the sentence, using the correct tense of the verb in brackets.)**
4. He doesn't like apples. He doesn't like oranges. **(Join, using 'neither … nor'.)**
5. You can take the bus. You can walk to school. **(Join, using 'either … or'.)**
6. My teacher is U Sein. He won an award last year. **(Join the sentence, using nouns in apposition.)**
7. The workers will clean the building tomorrow. **(Change the sentence into the Passive voice.)**
8. Jane Austen was a famous writer. She wrote Pride and Prejudice. **(Join the sentence, using nouns in apposition.)**
9. They will finish the construction next week. **(Change the sentence into the Passive voice.)**
10. We (visit) _________ our grandparents every Sunday. **(Rewrite, using the correct form of 'used to'.)**

Answers:

Unit 8 FOOD CHAIN

I.1. nutrients 2. insects 3. sunlight 4. pigments 5. Hawks 6. scavenger 7. Decomposers 8. Vultures 9. web 10. remains

II.1. (A) water 2. (A) sunlight 3. (B) living thing 4. (A) eaten 5. (A) ants 6. (B) scavengers 7. (A) garbage 8. (A) nutrients 9. (A) Bacteria 10. (B) food chain

III.1. used to wear 2. She said that she was going to the market. 3. leaves 4. He likes neither apples nor oranges. 5. You can either take the bus or walk to school. 6. U Sein, my teacher, won an award last year. 7. The building will be cleaned by the workers tomorrow. 8. Jane Austen, a famous writer, wrote Pride and Prejudice. 9. The construction will be finished next week. 10. We used to visit our grandparents every Sunday.

************************

## Grade 11

UNIT 8 THE LAST LEAF

PART I, II, III

**I.Complete the sentences with the appropriate words. The initial letters are given.**

1. You need to be p__________ when learning a new skill.
2. He prefers p__________ books over digital ones.
3. Music can sometimes relieve feelings of s________.
4. The restaurant is known for its e_________ service.
5. Jumping from the roof was an act of f___________.
6. The children made s_________ faces in the mirror.
7. Renting an a___________ can be expensive in big cities.
8. His b_____attitude makes him creative and unconventional.
9. M__________ is used in some thermometers.
10. P_________ is inflammation and fluid in your lungs caused by a bacterial, viral or fungal infection.

**II.Choose the appropriate words or phrases to complete the sentence.**

1. Greenwich Village was popular because people enjoyed the ________.
   (A) expensive houses (B) bohemian life (C) modern apartments
2. Sue and Johnsy first met in a ________.
   (A) hotel restaurant (B) hospital (C) park
3. The studio of Sue and Johnsy was located ________.
   (A) in California (B) at the top of a three-storey brick house (C) beside a park
4. In November, a cold stranger called ______came to the city.
   (A) influenza (B) pneumonia (C) fever
5. Johnsy became ill and spent her days ________.
   (A) painting in her studio (B) looking out of the window (C) reading books
6. According to the doctor, Johnsy had only ______ chance in ten to live.
   (A) one (B) five (C) ten
7. The doctor believed Johnsy's survival depended mainly on her ________.
   (A) age (B) desire to get better (C) medicine
8. Johnsy once dreamed of painting a picture of the ________.
   (A) Bay of Naples (B) Greenwich Village (C) Statue of Liberty
9. To help Johnsy, Sue tried to make her ________.
   (A) laugh at stories (B) interested in something (C) sleep more
10. Johnsy lay in bed counting the leaves that were ________.
    (A) painted on the wall (B) falling outside the window (C) on her bed
11. The main idea of the story, about hope and perseverance, is the ______.
    (A) Theme (B) Climax (C) Character
12. The vine climbing up the wall was ______.
    (A) fresh and green (B) dead at the roots (C) flowering
13. The firefighter's ____________ selfless sacrifice saved many lives.
    (A) friendship (B) selfless sacrifice (C) masterpiece
14. Please ______ a photo of us at the park.
    (A) do (B) make (C) take
15. Don't forget to ______ your bed every morning.
    (A) do (B) make (C) take

**III. Rewrite the sentence according to the instructions given in brackets.**

1. People believe that the artist painted this masterpiece in 1920. **(Change the sentence into the passive voice beginning with 'It'.)**
2. "We have finished our homework," they said. **(Change the sentence into the reported speech.)**
3. You ______ bring your umbrella; it's sunny outside. **(mustn't / don't have to)**
4. Someone has removed the old posters from the walls. **(Change the sentence into the passive voice.)**
5. They will have finished the project by next week. **(Change the sentence into the passive voice.)**
6. People believe that this medicine can cure the disease. **(Change the sentence into the passive voice beginning with 'It'.)**
7. Everyone knows that she speaks French fluently. **(Change the sentence into the passive voice beginning with 'It'.)**
8. I ______ (must / have to) finish this project by tomorrow. **(Complete the blanks with the correct form.)**
9. The students will submit their essays next week. **(Change the sentence into the passive voice.)**
10. They ______ (watch) a movie when the fire alarm rang. **(Complete the blanks with the correct tense.)**
11. He wants ______ (learn) how to play chess. **(Complete with gerund or to-infinitive.)**
12. They prefer ______ (study) in the library rather than at home. **(Complete with gerund or to-infinitive.)**
13. She enjoys ______ (listen) to music in the evenings. **(Complete with gerund or to-infinitive.)**
14. He needs ______ (complete) the report before leaving the office. **(Complete with gerund or to-infinitive.)**
15. You ______ **(mustn't / don't have to)** be late for the meeting.

Answers:

UNIT 8 THE LAST LEAF

I. 1. patient 2. physical 3. sadness 4. excellent 5. foolishness 6. silly 7. apartment 8. bohemian 9. Mercury 10. Pneumonia

II. 1. (B) bohemian life 2. (C) park 3. (B) at the top of a three-storey brick house 4. (B) pneumonia 5. (B) looking out of the window 6. (A) one 7. (B) desire to get better 8. (A) Bay of Naples 9. (B) interested in something 10. (B) falling outside the window 11. (A) Theme 12. (B) dead at the roots 13. (B) selfless sacrifice 14. (C) take 15. (B) make

III. 1. It is believed that the artist painted this masterpiece in 1920. 2. They said that they had finished their homework. 3. don't have to 4. The old posters have been removed from the walls. 5. The project will have been finished by next week. 6. It is believed that this medicine can cure the disease. 7. It is known that she speaks French fluently. 8. Must 9. The essays will be submitted by the students next week. 10. were watching 11. to learn 12. Studying 13. Listening 14. to complete 15. mustn't

*********************

စာမျက်နှာ ၂၁ သို့ ☆

✰ စာမျက်နှာ ၂၀ မှ

**Grade 12**

## Unit 5 COLOURS
(ယခင်တစ်ပတ်မှအဆက်)

**VI. Read the passage.**

U Ngwe Gaing (1901 – 1967) was a renowned Myanmar artist celebrated for his mastery in both oil and watercolour painting. Born in Myeik and raised in Dewei, he initially taught himself painting before refining his skills through an American correspondence course. He later studied under **esteemed** artists such as U Ba Ohn and U Ba Nyan, who helped him establish himself as one of Myanmar's leading painters. His work **encompassed** a wide range of subjects, including historical paintings, landscapes, portraits, and still life, often characterised by **meticulous** detail and vibrant colours. His success **skyrocketed** after World War II, earning him the prestigious title of **Alinga Kyawzwa** in 1953, the highest honor for an artist in Myanmar. He was also sent to England in 1952 to study European paintings and copy in the Victoria and Albert Museum. His dedication and **versatility** made him an influential figure in Myanmar's art scene, inspiring generations of artists and leaving behind a legacy of artistic excellence.

**(A) Find the bold – faced words in the passage that are similar in meaning in the following. (5 marks)**

(1) increased suddenly and extremely (1) -------------
(2) having many different abilities (2) -------------
(3) having respect or admiration (3) -------------
(4) very precise and conscientious (4) -------------
(5) included within its scope (5) -------------

**(B) Answer the following questions. Give completely answers. (10 marks)**

(6) Why was U Ngwe Gaing celebrated as a renowned Myanmar artist?
(7) What was the native of U Ngwe Gaing and where did he build up?
(8) How did U Ngwe Gaing characterise his work of art?
(9) What was U Ngwe Gaing awarded in 1953?
(10) What inspired generations of artists and left behind a legacy of artistic excellence?

**VII (A) Complete the dialogue with the expressions given in the box. There is an extra.**

| |
|---|
| I really enjoy spending time like this |
| A great time for me |
| sometimes in the street |
| The thing I really want |
| this makes us forget all our problems |
| Thank you for your patience and joining us |

**Zaw Min:** I love playing football with my friends. I usually play football after school – mostly in the playground but _______(1)_______.

**Lin Naung:** I love being with my friends. Eating out with friends is ______(2)______. We usually have a chat about friends, movies, and families – ______(3)______.

**Zaw Min:** Happiness is when I'm in a worry-free state at weekends. I can enjoy reading a good novel with a cup of hot coffee. _____(4)_____ at weekends, not thinking about busy weekdays at school.

**Lin Naung:** The thing that makes me really happy is going shopping. I like it when I go out shopping for _____(5)_____.

**VII (B) Complete the exchange using the expressions given in the box. There is an extra.**

| |
|---|
| What are you doing? |
| Maybe another day would be better |
| I agree with you |
| You've studied hard and will do well |
| Me neither |
| I've heard great things about their desserts |

6. A: Let's go shopping this afternoon.
   B: I don't think I can today. _________________.
7. A: We could try the new coffee shop for lunch.
   B: I'm up for that! ________________.
8. A: I believe hard work pays off in the end.
   B: _____________. Consistency is very important.
   (consistency = ညီညွတ်ခြင်း)
9. A: I don't like rainy days.
   B: _____________. They make me feel sleepy.
10. A: I'm worried about the exam next week.
    B: Don't worry. ________________.

**********************

## Supplementary Grammar Exercises

**Subordinating conjunctions in adverbial clauses**

**(A) Choose an appropriate subordinating conjunction for each of the following sentences.**

1. I will support you ________you try your best. (as long as/ although)
2. I will visit you ________ I have time. (if / while)
3. He missed the bus ________he woke up late. (because / although)
4. He looked nervous ________ he hadn't prepared well. (because / although)
5. She smiled ________ she heard the good news. (when / although)
6. _______ the rain stopped, we went outside to play. (After / Since)
7. He reads a book ________ he has free time. (while / unless)
8. They always check the weather forecast _________ they plan their picnic. (in case / before)
9. She won't come to the party ________ she feels better. (unless / when)
10. __________ you arrive, we will have already started the meeting. (By the time / As)
11. They haven't seen each other _______ last year. (if / since)
12. He promised to call me _________ he arrives at his destination. (once / unless)
13. Please wait here ________ I come back. (because / until)
14. They chatted ________ they waited for the bus to arrive. (while / after)
15. You can call me _______you need help. (so that / whenever)
16. They talked quietly _____ waiting for the train. (while / after)
17. They won't start the game ________ all players arrive. (until / if)
18. I will help you ________ I finish my work. (after / unless)

*****************

## Answers:

### Unit 5 COLOURS
(ယခင်တစ်ပတ်က ဖော်ပြပါရှိခဲ့သော မေးခွန်းများ၏ အဖြေများ)

V.(1) (A) (1) white (2) clear (3) is used (4) blue (5) greenhorn

(B) (6) The African – Americans sing the slow, sad, soulful music when they feel blue.

(7) The expression ' out of the blue ' is understood as no warning.

(8) We regard a worker as a blue collar because he does manual or unskilled work.

(9) We say that someone has green fingers when he or she has the natural skill of growing plants successfully.

(10) Giving someone the green light means that he or she is allowed by someone in authority to go ahead with a certain project or programme.

V.(2) (A) (1) who (2) Greenhouse effect (3) politician (4) red (5) the red carpet

(B) (6) The greenhouse effect makes the earth's surface warm with the trapping of long – wave radiation by carbon dioxide, ozone, and other gases in the earth's atmosphere.

(7) We should enjoy ourselves while we are still in the pink according to the popular song of the mid – fifties.

(8) A person seeing red means a person being very angry. (a very angry person) (9) We can say that a business company is in the red because it is losing money and is in debt. (10) A footballer is shown a red card and sent off the pitch after he has violated one of the rules of the game.

V. (3) (A) (1) is enjoyed (2) Red tape (3) cowardice (4) mysterious or frightening things (5) A black sheep

(B) (6) Someone is caught red – handed because of committing a crime. (7) Something particularly good or important happens on a red letter day. (8) A footballer who has broken a rule is shown a yellow card. (9) In the USA, people returning home after having undergone danger are welcomed by a yellow ribbon. (10) Black clothes refer to the most preferred colour in today's fashion workd in the passage.

V.(4) (A) (1) be expressed (2) Uniforms (3) their national flags (4) fast and powerful tool (5) slow down and stop

(B) (6) We dress in our favourite sports team colours to say the same things. (7) The colours of a national flag represent the country's history, beliefs and values, as well as its glorious past and hopeful future. (8) A bank uses a calm blue colour by showing that it is trustworthy. (9) We see or hear colour – related expressions in the language we use in daily life. (10) Learning about what colours represent can make us increase our understanding of the world around us.

VI. (A) (1) skyrocketed (2) versatility (3) esteemed (4) meticulous (5) encompassed

(B) (6) U Ngwe Gaing was celebrated as a renowned Myanmar artist because of his mastery in both oil and watercolour painting.

(7) The native of U Ngwe Gaing was Myeik and he built up in Dewei.

(8) U Ngwe Gaing characterised his work of art by meticulous detail and vibrant colours.

(9) U Ngwe Gaing was awarded the prestigious title of Alinga Kyawzwa, the highest honor for an artist in Myanmar in 1953. (10) Dedication and versatility of U Ngwe Gaing inspired generations of artists and left behind a legacy of artistic excellence.

VII (A) 1. sometimes in the street 2. a great time for me 3. this makes us forget all our problems 4. I really enjoy spending time like this 5. the thing I really want

(B) 6. Maybe another day would be better 7. I've heard great things about their desserts 8. I agree with you 9. Me neither 10. You've studied hard and will do well

### Supplementary Grammar Exercises

(A) 1. as long as 2. if 3. because 4. because 5. when 6. after 7. while 8. before 9. unless 10. by the time 11. since 12. once 13. until 14. while 15. whenever 16. while 17. until 18. after

*****************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၀၇ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(ပခုက္ကူ)မှ ရက်ကန်းပညာရပ်များတိမ်ကောပပျောက်မှု မရှိစေရေး ပညာရှင်များမွေးထုတ်ပေး

ပခုက္ကူ အောက်တိုဘာ ၂၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ပခုက္ကူမြို့ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း၌ ရက်ကန်းပညာရပ်များ တိမ်ကောပပျောက်မှု မရှိစေရေး သင်တန်းများဖွင့်လှစ်ပြီး ရက်ကန်းပညာရှင်များ မွေးထုတ်ပေးလျက်ရှိသည်။



သင်တန်းကျောင်းများတွင် ကာလတို၊ ကာလရှည် သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းများအနေဖြင့် တစ်နှစ်လျှင် ဘာသာရပ်ကိုးခုဖြင့် သင်ကြားပေးသော ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူသင်တန်းနှင့် ဘာသာရပ်ခုနစ်ခုဖြင့် သင်ကြားပေးသော လက်ရက်ကန်း ခြောက်လသင်တန်း နှစ်ကြိမ်တို့ဖြစ်ပြီး တစ်ကြိမ်လျှင် သင်တန်းသား သင်တန်းသူ ၂၀ သာ လက်ခံသင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းတက်ရောက်စဉ်ကာလအတွင်း အဆောင်နေထိုင်ခွင့်နှင့်အတူ နိုင်ငံတော်ထောက်ပံ့မှုအဖြစ် တစ်လကို ငွေကျပ် ၇၅၀၀၀ ရရှိသည့်အပြင် သင်တန်းသုံးကိရိယာများ၊ ကုန်ကြမ်းပစ္စည်းများကိုလည်း အခမဲ့သုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်တန်းတက်ရောက်ပြီးပါက လက်ရက်ကန်းစင် တစ်စုံစီထောက်ပံ့ပေးအပ်ခြင်း၊ ချည်မျှင်နှင့်အထည်စက်ရုံ၊ ပုဂ္ဂလိကပိုင်စက်ရုံတို့တွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေး ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပခုက္ကူဒေသမှ ထွက်ရှိသည့် ရက်ကန်းချည်ထည်များကို ပြည်တွင်းမှသာမက ပြည်ပနိုင်ငံများကလည်း မှာယူအသုံးပြုကြသည်ကိုတွေ့ရှိရပြီး ဝါမှထွက်ရှိသည့်လျှော်များ၊ ကြာမှထွက်ရှိသည့်အမျှင်များ၊ နာနတ်ပင်မှ ထွက်ရှိသည့်လျှော်များဖြင့် ရက်ကန်းအထည်များကို အဓိကထားထုတ်လုပ်လျက်ရှိကြောင်း၊ ရက်ကန်းပညာရပ်များ သင်ယူတတ်မြောက်ခြင်းဖြင့် မိမိနှင့်မိသားစုဝင်များအပြင် မိမိပတ်ဝန်းကျင်ရှိ ပြည်သူများအတွက်လည်း အကျိုးကျေးဇူးများစွာ ရရှိစေပြီး မိသားစုအပိုဝင်ငွေအမှန်တကယ်ရရှိစေသော အကျိုးပြုသည့် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုဖြစ်ကြောင်း၊ သင်တန်းဆင်းပြီးသူများအနေဖြင့် မိမိသင်ယူတတ်မြောက်ထားသော ပညာရပ်များကို အကျိုးရှိရှိ လက်တွေ့အသုံးချလုပ်ကိုင်သည့်အပြင် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသော လူငယ်လူရွယ်များထံ လက်ဆင့်ကမ်းသင်ကြားပေးခြင်း၊ လမ်းညွှန်ပြသမျှဝေပေးခြင်း စသည့်အလေ့အကျင့်ကောင်းများကိုလည်း မွေးမြူထားတတ်ကြရန်လိုအပ်ပါကြောင်း ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာယုက ပြောသည်။

ပခုက္ကူမြို့ အညာဒေသသည် ယဉ်ကျေးမှုထွန်းကားရာ ဒေသတစ်ခုဖြစ်သည့်အားလျော်စွာ မြန်မာ့လက်မှုအနုပညာရပ်များ တန်ဖိုးထားထိန်းသိမ်းတတ်စေရေးနှင့် ရက်ကန်းပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ထူထောင်လုပ်ကိုင်တတ်စေရေးရည်ရွယ်ချက်ဖြင့် ၁၉၅၁ခုနှစ်မှစတင်ကာ ကာလတို၊ ကာလရှည်သင်တန်းများဖွင့်လှစ်၍ လက်ရက်ကန်းပညာ၊ စက်ရက်ကန်းပညာ၊ တိုင်းရင်းသားရိုးရာအထည်များ ဂျပ်ခုတ်နည်းပညာ၊ လက်ဖြင့်ချည်မျှင်ဆွဲနည်းပညာ၊ စက်ဖြင့် ချည်မျှင်ဆွဲနည်းပညာ၊ ရွှေချည်ထိုးငွေချည်ထိုးပညာ၊ ချည်ထည်ပိုးထည်ဆိုင်ရာ သဘာဝဆေးဆိုးခြင်းနှင့် ဓာတုဆေးဆိုးခြင်းနည်းပညာရပ်များ၊ အထည် ပန်းပုံရိုက်နည်းပညာ၊ အထည်ဒီဇိုင်းဖန်တီးနည်းပညာ စသည့်ပညာရပ်များကို အကိုင်အတွယ်မှစတင်ကာ ကိုယ်တိုင်ဒီဇိုင်းရေးဆွဲ ချုပ်တတ်သည်အထိ စာတွေ့၊ လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

# ခရမ်းမြို့နယ်၌ ကျေးလက်လမ်းများ ကွင်းဆင်း ကြည့်ရှုစစ်ဆေး

ခရမ်း အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဥဣက္ကျွန်း-အောင်သာယာတဲတန်း-ကန်ညီနောင် ဆက်သွယ်ရေးလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ယနေ့နံနက်ပိုင်းက သန်လျင်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ ဦးစီးအရာရှိ(မြို့ပြ)၊ အရည်အသွေးစစ်ဆေးရေး တာဝန်ခံတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလမ်းကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးခြင်းအားဖြင့် အကျိုးပြု ကျေးရွာသုံးရွာ၊ အိမ်ခြေ ၅၉၅ အိမ်၊ လူဦးရေ ၃၇၂၇ ဦး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကျေးလက်ထုတ်ကုန်များ အပြန်အလှန် ရောင်းဝယ်ဖောက်ကားရေးတို့ကို များစွာ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)








# သံဃိကအလှူ

ကျွန်တော်တို့သည် အလှူအတန်းနှင့်ပတ်သက်၍အကျိုးရှိအောင် လှူနိုင်ဖို့အရေး 'သံဃိကဒါန' ခုနစ်မျိုးကို လေ့လာပြီးဖြစ်သည်။

သို့သော် ထိုခုနစ်မျိုးကို သိရုံမျှနှင့် မပြီးသေးချေ။ သံဃိက အလှူမြောက်အောင်လှူတတ်ဖို့လိုပေသည်။ ယခုအခါ ကျွန်တော်တို့အနေဖြင့် ကိုယ်နိုင်သလောက် တစ်ပါး၊ နှစ်ပါး၊ သုံးပါးလောက် စသည်ပင့်၍ ပါးစပ်က 'သံဃိကအလှူ' ဟူ၍ပြောပြီး စိတ်ကမူပုဂ္ဂိုလ်အာရုံ၌သာ အဆုံးသတ်နေတတ်ကြသည်။

အမှန်က သံဃာပင့်ခိုက်၊ လှူခိုက် စသည်တို့တွင် မိမိစိတ်ထဲ၊ နှလုံးသားထဲဝယ် တကယ်ကို တစ်သာသနာလုံးရှိ သံဃာကိုလှူနေသည်ဟု အာရုံရောက်နိုင်ပါမှ သံဃိကအလှူမြောက်ပေသည်။ ထိုအချက်ကို အထူးသတိထားနိုင်ရပေမည်။ ကိုယ့်ရှေ့မှောက်ရှိ ပုဂ္ဂိုလ်အမြင်ကိုဖျောက်၍ သံဃာအပေါ် အာရုံရောက်နိုင်ရပေမည်။

ကျွန်တော်တို့ပင့်လာသော 'တစ်ပါး၊ နှစ်ပါး၊ သုံးပါး စသောပုဂ္ဂိုလ်များက ကျွန်တော်တို့ တကယ်တမ်း အာရုံညွတ်ထားသော တစ်သာသနာလုံးရှိ သံဃာတော်များ၏ကိုယ်စားမျှသာဖြစ်သည်ဟူ၍သာ မှတ်ထားရပေမည်။

ဤသို့ သံဃာ့ကိုယ်စားကြွလာသည်ကြောင့် ကိုရင်ပဲဖြစ်ဖြစ် ဦးပဉ္စင်းငယ်ပဲဖြစ်ဖြစ်၊ တောထွက်ရဟန်းကြီးပဲဖြစ်ဖြစ် ဘာမျှစိစစ်နေဖွယ်မလို။ သံဃာကို ရှိသေသလို၊ ကြည်ညိုသလို တစ်ထပ်တည်း ရှိသေရမည်။ ကြည်ညိုလေးစားရပေမည်။




ဒက္ခိဏဝိဘင်္ဂသုတ်အဋ္ဌကထာဆရာက ထိုအချက်ကိုပင် 'သံဃ ဂတာ ဟိ ဒက္ခိဏာ သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တဿ ဟောတိ' ဟု ဆိုမိန့်သည်။ ဆိုလိုသည်မှာ-

"ဟိ- မှန်၏။ သံဃဂတာ ဒက္ခိဏာ-သံဃိက အလှူဟူသည်၊ သံဃေ- သံဃာတော်၌၊ စိတ္တီကာရံ- ကြည်ညိုလေးမြတ်မှုကို၊ ကာတုံ- ပြုခြင်းငှာ၊ သက္ကောန္တဿ- စွမ်းနိုင်သူအားသာ၊ ဟောတိ-ဖြစ်ပါပေ၏။ သံဃိက အလှူဖြစ်ပါပေ၏" ဟူ၍ဖြစ်သည်။ သံဃာကို လုပ်ကျွေးပြုစုသလို ပြုစုလုပ်ကျွေးနိုင်ပါမှ 'သံဃာ့' အလှူဖြစ်သည်ဟု မိန့်ဆိုထားချေသည်။

ထိုအချက်နှင့်စပ်၍ အဋ္ဌကထာဆရာကြီးက သာဓကလေးပင် ထုတ်ပြထားသေးသည်။ ထိုသာဓကမှာ ဤသို့ဖြစ်သည်။ ဒကာတစ်ဦးသည် ကုသိုလ်အထူးပြုလို၍ တစ်သာသနာလုံးရှိ သံဃာကို ရည်မှန်းကာ လှူရန်သံဃာ့ကိုယ်စားသံဃာတစ်ပါး သွားပင့်သည်။ ထိုအခါကြွလာသည့်ပုဂ္ဂိုလ်က အလဇ္ဇီ- အရှက်မရှိ၊ ဒုဿီလ-သီလမရှိသည့် တောထွက် ရဟန်းကြီးဖြစ်နေသည်။

သို့သော် ထိုဒကာက ထိုအလဇ္ဇီရဟန်းကြီးကိုပင် တကယ့်ကို သံဃာကို လုပ်ကျွေးရသကဲ့သို့ စိတ်ထားပြီး ကိုယ်တိုင်ကိုယ်ကျ ခြေဆုပ်လက်နယ်ပြုပြီး လုပ်ကျွေးလိုက်သည်။ သည်တွင် ထိုရဟန်းကြီးက "ဒီဒကာ၊ ငါ့ကိုအလွန်ကြည်ညိုတာပဲ"ဟု အထင်ရောက်ပြီး ညနေစောင်းကျတော့ ပေါက်တူးသွားငှားသည်။ ထိုအခါ ထိုဒကာက ပေါက်တူးကို လက်နှင့်မပေးဘဲ ရော့-အင့်-ဟု ခြေဖြင့်ကန်၍ ပေးလိုက်သည်။

ထိုအခြင်းအရာကိုမြင်၍ ဘေးကဘီက မေးကြည့်သည့်အခါ 'ဟ-မနက်က ဆွမ်းကျွေးတာက သူ့ကိုကျွေးတာမဟုတ်တာ၊ သံဃာကို ကျွေးတာပဲဟာ' ဟု ဖြေသည်။

အဋ္ဌကထာဆရာကြီးဆိုလိုသည်မှာ 'ထိုဒကာကြီး သံဃာအပေါ်စိတ်ရောက်ထားသလို ရောက်ထားနိုင်ဖို့ ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် 'သံဃိကဒါန' အလှူမြောက်အောင် စိတ်ထားတတ်ဖို့လိုကြောင်းကိုလည်း သတိချပ်ရပေသည်။ ။

# သီလ၊ ဘိက္ခုနီသီလစသည်

ကျွန်တော်တို့သည် ပုညကြိယဝတ္ထုဆယ်မျိုး အနက်မှ 'ဒါနပုည ကြိယဝတ္ထု'နှင့်ပတ်သက်ပြီး လေ့လာခဲ့သည်မှာ အတော်အသင့်သိထားပေပြီ။ ယခုတစ်ဖန် ဆက်လက်ပြီး လေ့လာထားရဦးမှာက 'သီလ' ဟူသော ပုညကြိယဝတ္ထုအကြောင်းပင်ဖြစ်သည်။

ကျွန်တော်တို့အဖို့ "ဒါန-လှူဒါန်းမှု' နှင့် မကင်းနိုင်သလို 'သီလ' ဟူသော ပုညကြိယဝတ္ထုနှင့်လည်း မကင်းနိုင်ကြချေ။ ဗုဒ္ဓဘာသာဝင်မှန်လျှင် သီလဆောက်တည်မှုကိုလည်း အလျဉ်းသင့်သလို ဆောက်တည်ကြရစမြဲပင်ဖြစ်သည်။ အမှန်မှာ လူ့ဘဝကို ကြုံခဲသည့် ဘုရားသာသနာတော်ရှိခိုက် ရရှိနေကြသူများဖြစ်ခြင်းကြောင့် ဒါနဟူသော၊ သီလဟူသော သာသနာတွင်းကုသိုလ်များကိုလည်း တရစပ် ဆည်းပူးနေရမည် ဖြစ်ပေသည်။ နိဗ္ဗာန်မရောက်ခင် သံသရာလည်ရခိုက်၌ ကျွန်တော်တို့အဖို့ ထိုကုသိုလ်အရှိန်အဟုန်များနှင့်သာ စုံချည်ဆန်ချည်လည်ရင်း နိဗ္ဗာန်ခရီးကို အရောက်မြန်းကြရမည် ဖြစ်ပေသည်။

"ကျမ်းဂန်များ၌ သီလကို အခုလို အချုပ်ဖွင့်ပြပေသည်။

ထိုအချုပ်က-

'သီလယတိ ကာယဝစီကမ္မာနိ သမ္မာ ဒဟာတီတိ သီလံ' ကာယ ဝစီ ကမ္မာနိ၊ ကိုယ်မှုနှုတ်မှုတို့ကို။ သီလယတိ- သမာဒဟတိ၊ ကောင်းစွာထားတတ်၏။ ဣတိတသ္မာ - ထို့ကြောင့်။ သီလံ-သီလမည်၏' ဟူ၍ပင်ဖြစ်သည်။ ထို့ကြောင့် သီလဟူသည်မှာ ကျွန်တော်တို့၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ကို အကုသိုလ်မဖြစ်အောင် ကောင်းစွာထားတတ်သော စေတနာကိုပင် သီလဟုခေါ်ခြင်းဖြစ်သည်။

ထိုသီလသည် အချုပ်အားဖြင့် ၁။ ဘိက္ခုသီလ။ ၂။ ဘိက္ခုနီသီလ။ ၃။သာမဏေ(ကိုရင်) သီလနှင့် ၄။ ဂဟဋ္ဌ သီလဟူ၍ လေးမျိုးရှိလေသည်။ ထိုလေးမျိုးအနက် ဘိက္ခုသီလဆိုသည်မှာ ဘိက္ခုပါတိမောက်၌ ဖော်ပြထားသော နှစ်ရာနှစ်ဆယ့်ခုနစ်သွယ်သော သိက္ခာပုဒ်များပင်ဖြစ်သည်။

ရဟန်းတော်များအဖို့ ထိုသိက္ခာသီလပုဒ်များကို ကျွန်တော်တို့လို ဆောက်တည်နေကြရသည် မဟုတ်ချေ။ ရဟန်းခံစဉ်က သိမ်အတွင်းဝယ် ရဟန်းခံ ကမ္မဝါစာဆုံးသည်နှင့် အလိုလိုတည်ကိန်းပြီးသားဖြစ်သည်။ ထိုတည်ကိန်းခြင်းမှာလည်း ဘုရားအာဏာကမ္မဝါစာ၏ အရှိန်အဝါကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် ရဟန်းတော်များသည် သာသနာတော်၌ ရဟန်းဝတ်နှင့်နေသမျှ ကာလပတ်လုံး ထိုသိက္ခာပုဒ်များကို စောင့်စည်းထိန်းသိမ်းရပေသည်။

ထိုသိက္ခာပုဒ် သီလများအနက်မှာ ၁။ မေထုန်မှီဝဲမှု၊ ၂။ သူ့ဥစ္စာခိုးမှု၊ ၃။ လူသတ်မှု၊ ၄။ ကိုယ့်မှာ ဈာန်မဂ်ဖိုလ် တရားများမရှိပါဘဲလျက် ရှိသယောင် ဝါကြွားပြောပြမှုများဟူသော ပါရာဇိက သိက္ခာပုဒ်ကြီးလေးပါးအနက် တစ်ခုခုကျူးလွန်ပါက သာသနာတော်ဝယ် ရဟန်းဝတ်နှင့် နေခွင့်မရတော့ပေ။

ထိုသို့ ရဟန်းဝတ်နှင့် နေခွင့်မရပါဘဲ ဆက်လက်နေပါကလည်း ထိုပုဂ္ဂိုလ်ကို "ဒုဿီလ-သီလမရှိသောပုဂ္ဂိုလ်"ဟု ခေါ်ရပေသည်။ ထိုပါရာဇိကလေးမျိုးမှ တစ်ပါး ကျန်သောသိက္ခာပုဒ်များကို ကျူးလွန်ပါက ဝိနည်းထုံးစံနှင့်အညီ သင့်ရောက်သော အပြစ်တို့ကို ဖြေဖျောက်၍ ရပေသေးသည်။

သို့ပါလျက် ကိုယ့်မှာ သင့်ထားသော အပြစ်များကို ဝိနည်းထုံးစံနှင့်အညီ မကုစားဘဲနေပါက ထိုပုဂ္ဂိုလ်မျိုးကို "အလဇ္ဇီ- အရှက်မရှိသောပုဂ္ဂိုလ်" ဟုခေါ်ရပြန်လေသည်။

သို့ဖြင့် ရဟန်းတော်များ၏ သီလများမှာ လူတို့သီလနှင့်မတူဘဲ အလွန်ပင်သိမ်မွေ့နူးညံ့ ခက်ခဲလှပေသည်။ ဤသီလများကြောင့်ပင်ရဟန်းသံဃာတော်တို့ အဖို့ လူတို့ထက် ကိုယ်နှုတ်အမူအရာတို့မှာ ထူးခြားပြီး သိမ်မွေ့နူးညံ့နေကြခြင်းဖြစ်သည်။ ကမ္မဝါစာ အရှိန်နှင့် ရဟန်းတို့သန္တာန်တွင် တည်နေသော သီလသိက္ခာပုဒ်များက အလွန်တင်းကျပ်လှပေသည်။

ထို့ကြောင့် ယနေ့ ကျွန်တော်တို့ကိုးကွယ်ဆည်းကပ်ရာ ရဟန်းသံဃာများအဖို့ အလွန်အဆင့်မြင့်ပြီး တင်းကျပ်လွန်းသော သီလသိက္ခာပုဒ်များကို သတိနှင့် စောင့်ထိန်းနေကြရသော ပုဂ္ဂိုလ်များပါတကားဟု နှလုံးသွင်း၍ ပိုမိုကြည်ညိုသင့်၊ ရိုသေလေးစားသင့်ပေသည်။

## ဘိက္ခုနီသီလစသည်

ကျွန်တော်တို့သည် ယခုအခါ၌ 'သီလ'ဟူသော ပုညကြိယဝတ္ထုအကြောင်း လေ့လာနေကြရာ၌ "ဘိက္ခုသီလ-ရဟန်းတို့၏ သီလအကြောင်းကို အရိပ်အမြွက်မျှ မြည်းစမ်းပြီးဖြစ်ပေသည်။

ယခု ဆက်လက်ပြီး "ဘိက္ခုနီသီလ-ရဟန်းမများသီလ" ကိုလေ့လာရသော် ဘုရားလက်ထက်က မိန်းမသားများလည်း ယခုခေတ်ယောက်ျားများလို ရဟန်းဝတ်ခွင့် ရရှိကြလေသည်။ ထိုမိန်းမသားများ ရဟန်းဝတ်သည့်အခါ သိမ်အတွင်းဝင်၍ ကမ္မဝါစာဆုံးသည်နှင့် သူတို့သန္တာန်ဝယ် သူတို့ကျင့်ရမည့် သီလသိက္ခာပုဒ်များ အလိုလိုတည်ကိန်းလေတော့သည်။

ကမ္မဝါစာအရှိန်နှင့် အလိုလိုတည်ကိန်းပြီးသားလည်း ခေါ်သေးသည်။

နောက်သီလတစ်မျိုးမှာ သာမဏေသီလဖြစ်သည်။ သာမဏေ (ကိုရင်) များသည် သာမဏေ (ကိုရင်)ဝတ်သည့်အခါ သရဏဂုံသုံးပါး ဆောက်တည်၍ ပြီးသည်နှင့် သူတို့ကျင့်ရမည့် ဆယ်ပါးသီလနှင့် တကွ သေခိယ သိက္ခာပုဒ် ၇၅ ပုဒ်၊ ခန္ဓကဝတ် ၁၄ ပါး စသည်တို့သည် အလိုလိုတည်ကိန်းပြီးဖြစ်သည်။

သာမဏေ ကိုရင်တို့အဖို့ ဆယ်ပါးသီလကို လူတို့ကဲ့သို့ "ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ" စသည်ဖြင့် တမင်လာ ဆောက်တည်နေရသည် မဟုတ်ပေ။ သရဏဂုံသုံးပါး၏ အရှိန်အဝါဖြင့်ပင် အလိုလို တည်ကိန်းပြီးသားဖြစ်သည်။ ယခုခေတ် သင်္ကန်းဝတ်သည့်အခါ ဆရာဘုန်းကြီးများက "ပါဏာတိပါတာ ဝေရမဏီ" စသည်ကို တိုင်ပေးနေသည်က သိက္ခာပုဒ်ဆယ်ပါး သိပါစေဟူသော သဘောနှင့် တိုင်ပေးနေကြခြင်းဖြစ်သည်။

သာမဏေ(ကိုရင်)တို့အဖို့ သူတို့ကျင့်ရမည့် ဆယ်ပါးသီလအနက်မှ သီလနှင့်စပ်သော သိက္ခာပုဒ် တစ်ခုခုကျူးလွန်မိပါက သီလအားလုံး ပျက်သွားတော့သည်။ ထို့ကြောင့် သင်္ကန်းဝတ်နှင့် ဆက်နေမည်ဆိုပါက သရဏဂုံကို ထပ်မံဆောက်တည်ရသည်။

အကယ်၍ သရဏဂုံထပ်မံမယူဘဲ ထိုပျက်မြဲအတိုင်း သင်္ကန်းဝတ်နှင့် သာမဏေ(ကိုရင်) အဖြစ်ကို ဝန်ခံနေပါက ထိုပုဂ္ဂိုလ်သည် "ဒုဿီလသာမဏေ" သီလမရှိသောသာမဏေ ဖြစ်သွားလေတော့သည်။

ဤသို့ သီလနှင့်စပ်သော သိက္ခာပုဒ်မှတစ်ပါး အခြားသိက္ခာပုဒ်များ ကျူးလွန်ပါက သဲဒဏ်၊ ရေဒဏ် စသည် ထမ်းဆောင်၍ ကုစားရလေသည်။ မကုစားဘဲ နေလျှင် အလဇ္ဇီ သာမဏေ၊ (အလဇ္ဇီ ကိုရင်) မည်တော့သည်။ အလဇ္ဇီသာမဏေ ဟူသည် "အရှက်မရှိသော သာမဏေ"ဟုဆိုလိုသည်။

ဤသို့ဖြင့် ကျွန်တော်တို့ ဦးခိုက်ရာ၊ ကြည်ညိုရာ သာသနာ့ဝန်ထမ်း သာမဏေ(ကိုရင်)လေးများမှာ နေ့စဉ်နှင့်အမျှ ကျင့်ဝတ်သီလသိက္ခာပုဒ်များကို ဂရုတစိုက်နှင့် ထိန်းသိမ်းနေရသည်။ ဗုဒ္ဓသာသနာတော်၌ ပေါ့ပေါ့နေပေါ့ပေါ့စားနေကြရသည် မဟုတ်ချေ။ ထို့ကြောင့် အရင်ကထက် ပိုမိုကြည်ညိုသင့်၊ လေးစားသင့်ပေသည်။ ။

**ဗုဒ္ဓဘာသာဝင်မှန်လျှင် သီလဆောက်တည်မှုကိုလည်း အလျဉ်းသင့်သလို ဆောက်တည်ကြရစမြဲပင်ဖြစ်သည်။ အမှန်မှာ လူ့ဘဝကိုကြုံခဲသည့် ဘုရားသာသနာတော်ရှိခိုက် ရရှိနေကြသူများဖြစ်ခြင်းကြောင့် ဒါနဟူသော၊ သီလ ဟူသော သာသနာတွင်းကုသိုလ်များကိုလည်း တရစပ် ဆည်းပူးနေရမည် ဖြစ်ပေသည်။ နိဗ္ဗာန်မရောက်ခင် သံသရာလည်ရခိုက်၌ ကျွန်တော်တို့အဖို့ ထိုကုသိုလ်အရှိန်အဟုန်များနှင့်သာ စုံချည်ဆန်ချည်လည်ရင်း နိဗ္ဗာန်ခရီးကို အရောက်မြန်းကြရမည်**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

( ခ ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲအချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

( ဂ ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

( ခ ) တပ်မတော်၏ ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

( ဂ ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

( င ) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

( ခ ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်) တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

( ဂ ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်) နှင့် ကဗျာ (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( င ) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယဆု)ရရှိဖူးသူများအနေဖြင့် ကဗျာ (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

( ခ ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

( ဂ ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

( င ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( စ ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု (ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်းဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| ( င ) | ပဥ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| ( င ) | ပဥ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| ( င ) | ပဥ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| ( င ) | ပဥ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| ( င ) | ပဥ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| ( င ) | ပဥ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| ( င ) | ပဥ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| ( င ) | ပဥ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# မသေနိုင်သောနည်း

ပီမိုးနှင်း

လောကဌ် လူနှစ်မျိုးရှိ၏။ တစ်မျိုးက လူဖြစ်မျိုး၊ တစ်မျိုးက လူပျက်မျိုး ဖြစ်လေသည်။

လူဖြစ်သည် လုပ်သမျှ၊ ကိုင်သမျှ၊ ကြံသမျှ၌အဖြစ်ကိုသာ မြင်သည်။ အပျက်ကိုမမြင်။ အဖြစ်ကိုသာတွေး၍ အပျက်ကိုမတွေး။ အနိုင်ကိုသာထင်မြင်၍ အရှုံးကိုမထင်မမြင်။ ထိုလူမျိုး၏စိတ်သည် အမြဲထောင်လျက် မလုပ်မီက စိတ်မှာအောင်မြင်၍ ပြီးကြလေသည်။ စိတ်၌ အောင်မြင်၍ပြီးသည်နောက်လုပ်ရာ၌ အောင်မြင်ဖို့ရန် မခက်တော့ပေ။

လူပျက်မျိုးမှာကား အပျက်ကိုမြင်၊ အပျက်ကိုတွေး၊ အပျက်ကိုမျှော်၊ အပျက်ကိုခေါ်ကြလျက် မလုပ်မီက ပျက်၍နေကြသဖြင့် လုပ်သောအခါ ပျက်စီးဆုံးရှုံးခြင်းနှင့် တွေ့ကြရလေသည်။

အချို့သောသူများသည် အသိပညာ ဉာဏ်အစွမ်းသတ္တိနှင့် များစွာမပြည့်စုံကြဘဲလျက် ကြီးပွားအောင်မြင်၍သာနေကြ၏။

၎င်းတို့၏ လက်နှင့်ထိသမျှသောအရာတို့မှာ အောင်မြင်အထမြောက်ရလေသည်။ “မြင်းမှာ ချိုမပေါက်” ဟူသောစကားကဲ့သို့ ထိုလူမျိုးမှာ အသိပညာဉာဏ်အစွမ်းသတ္တိ အရည်အချင်းတည်းဟူသော ဦးချိုအရာ၌ များစွာမခိုင်မလုံကြပေ။ သို့သော်လည်း မျှော်လင့်ကိုးစားအားထားယုံကြည်သောစိတ်ခိုင်မြဲခြင်းကြောင့် ကြီးပွားအောင်မြင်ကြလေသည်။

၎င်းလူမျိုးမှာ ဖြစ်လိမ့်မည်ဟု ယုံကြည်ကိုးစားသောစိတ်က အားပေးသဖြင့် အလုပ်အကိုင်အကြံအစည်တစ်ခုခုကို ပြုလုပ်ကြံစည်ကြသည့်အခါ စိတ်အားထက်သန်၍နေကြလေသည်။

သို့ထက်သန်ခြင်းကြောင့် တစ်ကြိမ်အောင်မြင်သောအခါ အောင်စိတ်သည် အတွင်းသဏ္ဌာန်၌ အခြေစိုက်မိလေသဖြင့် အောင်မြင်ခြင်းကြောင့် အောင်စိတ်တိုး၏။ အောင်စိတ်တိုးတက်ခြင်းကြောင့် အောင်မြင်၏။ သို့ဖြစ်လေရာ “အောင်စရှိလျှင်၊ အောင်ချင်ချင်” ဟူသော စကားအရ အောင်မြင်ခြင်းကို အထပ်ထပ်ရကြလေသည်။

၎င်းတို့မှာ အခြားသူများထက်လည်း ဝီရိယပို၍မကြီးတတ်ကြပေ။ သို့ပါလျက် မိမိတို့ထက် ဝီရိယရှိသူများထက် ပိုမို၍အောင်မြင်လေ့ရှိကြလေသည်။

သို့ဖြစ်လေရာ အောင်မြင်ကြီးပွားခြင်းသည် အရည်အချင်း၊ ဝီရိယသက်သက်၏ အစွမ်းမဟုတ်။ အရည်အချင်း၊ ဝီရိယစွမ်းရည်သတ္တိထက်ထူးသော အောင်တန်ခိုးတစ်ခုကြောင့် ဖြစ်လေသည်။

ထိုတန်ခိုးသည် လူမှန်သမျှမှာ အထင်အရှားပင်ရှိ၏။ သို့သော်လည်း သတိမထားကြသောကြောင့် မမြင်မသိဘဲနေကြလေသည်။

ဥပမာ- အားကိုလေ့ကျင့်သောသူများမှာ ထူးချွန်သောအားကို ရရှိဖို့ရန် စိတ်၌အမြဲသိသိရရ ထင်မြင်၍နေကြ၏။

အလုပ်ကြမ်းကို ပင်ပန်းစွာလုပ်သူများ၊ ဝန်လေးကြီးများကို ပင့်ချီ ထမ်းဆောင်သူများမှာ အားကျင့်သောလူများလို အားရှိဖို့ကို မထင်မမြင်၊ ဂရုမထားကြသည့်အတွက် မိမိတို့ထမ်းနေကျဖြစ်သော ဝန်ထုပ်ဝန်ပိုးများကို ပင့်ယူထမ်းချီနိုင်ရုံမှတစ်ပါး အခြားအားမရှိပေ။

ထို့အတူ လုပ်ကိုင်ကြံစည်သမျှ၌ အောင်မြင်ခြင်းကိုသာ ထင်မြင်လေ့ရှိသောသူများမှာ အောင်စိတ်တည်လျက် တစ်စုံတစ်ခုကို လုပ်ကိုင်တော့မည်ရှိသည့်အခါ အောင်မြင်မှာပဲဟူသော စိတ်ကဆောင်၍နေသဖြင့် အောင်မြင်ခြင်း အကျင့်ရသလိုဖြစ်၍နေလေရာ စ၍လုပ်ရာ၌ပင် အောင်ပြီဟု ကျိန်းသေ၍နေလေသည်။

မာစတပ်ဖာ ပါရှား (ခေါ်) တူကီယဲပြည် အာဏာပိုင် သမ္မတကြီးသည် ဗုံး၊ အမြောက်၊ သေနတ်၊ ကျည်ဆန်ထိမှန်၍ မသေနိုင်အောင် အင်းအိုင်လက်ဖွဲ့များကို ဆောင်လေသလားဟု မှတ်ထင်ရလောက်အောင် အောင်မြင်ခဲ့လေသည်။

၎င်း၏စိတ်တွင် တစ်နေ့သ၌ တူကီယဲပြည်ကို ပြုပြင်ပြောင်းလဲမည်။ တူကီယဲပြည်ကို အုပ်ချုပ်မည်ဟူသော စိတ်က ဆောင်အားကြီးသဖြင့် တကယ်အုပ်ချုပ်ရလိမ့်မည်ဟူသော အထင်အမြင်နှင့် ယုံကြည်သောစိတ်သည် အံ့ဖွယ်သော တန်ခိုးအရှိန်အဝါတစ်မျိုးကို ၎င်း၏သန္တာန်၌ ဖြစ်ပေါ်စေလျက် ထိုရည်ရွယ်ချက်ကို မပေါက်မရောက်အောင် အနှောင့်အယှက်ဖြစ်စေမည့် ဘေးရန်များကို ထိုတန်ခိုးအရှိန်ကပင် ကွယ်ကာတားဆီးရလေသည်။

သို့ဖြစ်သောကြောင့် အမြောက်ဆန်၊ ဗုံးဆန်တို့ တဖွဲဖွဲကျ၍နေသည့် အထဲတွင် ကော်ဖီပန်းကန်ကိုကိုင်လျက် စစ်မြေပြင်မှာ မားမားမတ်မတ် ရပ်ကာ အမိန့်ပေးခဲ့လေသည်။ နပိုလီယံသည်လည်း ထိုနည်းမျိုးအတိုင်း ဘေးရန်အမျိုးမျိုးမှ လွတ်ကင်းခဲ့လေသည်။

အက်ဒီဆင်သည် အသက်ရှစ်ဆယ်ကျော်ခဲ့သည်မှာ မနေမနားနေ့ရောညဉ့်ပါ အဆင့်ဆင့်သော အောင်မြင်ခြင်းလေ့ကားထစ်တွေကိုသာ ထင်မြင်၍နေခြင်းကြောင့် အောင်မြင်ရမည်။ အလုပ်များ၏ ဆုံးခန်းသို့ မရောက်သေးသမျှ ငါမသေဟူသော စိတ်၏တန်ခိုးကြောင့် ဖြစ်လေသည်။

> **လုပ်ကိုင်ကြံစည်သမျှ၌ အောင်မြင်ခြင်းကိုသာ ထင်မြင်လေ့ရှိသောသူများမှာ အောင်စိတ်တည်လျက် တစ်စုံတစ်ခုကို လုပ်ကိုင်တော့မည်ရှိသည့်အခါ အောင်မြင်မှာပဲဟူသော စိတ်ကဆောင်၍နေသဖြင့် အောင်မြင်ခြင်းအကျင့်ရသလိုဖြစ်၍နေလေရာ စ၍ လုပ်ရာ၌ပင် အောင်ပြီဟု ကျိန်းသေ၍နေလေသည်**

ကြီးကျယ်သောရည်ရွယ်ချက်ဟူ၍ တစ်စုံတစ်ရာမျှမရှိဘဲ လေယူရာသို့လိုက်ပါသည့် မိုးတိမ်ပမာလွင့်ပါး၍နေသူများမှာ ရည်ရွယ်ရာသို့ရောက်အောင် ပို့ဆောင်သော စိတ်၏တန်ခိုးသတ္တိ ကင်းမဲ့သဖြင့် အကျိုးမရှိသော ဤဘဝမှာကြာကြာလည်း မနေကြရပေ။

ချိန်၍ထားသော အမှတ်တစ်ခုကို ထိမှန်အောင်ပစ်လွှတ်သော မြားများ၊ ခဲလုံးများသည် ချိန်သောအမှတ်ကို ထိရောက်အောင် တွန်းဆောင်သောအားအရှိန်က ထောက်ပံ့ခြင်းကြောင့် လမ်းခုလတ်မှာ အောက်သို့မကျဘဲ အဟုန်နှင့် သွားရလေသည်။

ထိုကဲ့သို့ ဆောင်သောအားမရှိ၊ အဟုန်မရှိက ထိုမြား၊ ထိုခဲလုံးသည် လဟာပြင်ကို အတောင်ပံမရှိဘဲ ဖြတ်သန်း၍သွားနိုင်ဖို့မရှိပေ။

ထို့အတူ လူသတ္တဝါများမှာလည်း အချို့သောခွင်းချက်များမှတစ်ပါး ကြီးကျယ်သော ချိန်ရွယ်မှန်းထားချက်တစ်ခုကို မရောက်သေးသမျှ ငါမသေနိုင်၊ ငါမသေဘူးဟူသော စိတ်မျိုးကို စူးစိုက်ထက်သန်စွာထားသောသူတို့မှာ အများအားဖြင့် အသက်ရှည်တတ်၏။ ရည်ရွယ်ချက်သို့မရောက်မီ မသေတတ်ကြပေ။ သေရမည့်ဘေးအန္တရာယ်အမျိုးမျိုးကိုတွေ့လျက်နှင့် မသေရအောင် နတ်ကောင်း၊ နတ်မြတ်များ ကူညီမှိုင်းမကွယ်ကာရသည်ဟု မှတ်ထင်ရလောက်အောင် အံ့ဖွယ်သောနည်းဖြင့် လွတ်မြောက်ချမ်းသာတတ်လေသည်။

ထိုကဲ့သို့ ဘေးအမျိုးမျိုးတို့နှင့်တွေ့ပြီးနောက် မသေကျန်ရှိသူများကို သာမန်လူများဟု မထင်မှတ်အပ်ပေ။ ၎င်းတို့မှာ တစ်စုံတစ်ရာကို ဖြစ်မြောက်အောင်လုပ်ဖို့ရန် စိတ်၏တန်ခိုးထက်သန်သူများဖြစ်သောကြောင့် ဖြစ်မြောက်အောင်မြင်စေမည်ဖြစ်သည့် ထိုတန်ခိုးက အသင်မသေရသေး။ အသင်၏ကိစ္စပြီးမြောက်မှ သေမည်ဟု ပြောဆိုကွယ်ကာစောင့်ရှောက်သည့်အလား စောင့်ရှောက်ကွယ်ကာ၍ ပေးရလေသည်။

ထိုလူမျိုးကို ဘုန်းတန်ခိုးကြီးသူများဟု ဆိုရလေသည်။ ရည်ရွယ်ချက်ကြီးကျယ်စွာမရှိသူများမှာ ထိုကဲ့သို့ အဆောင်တန်ခိုးကင်းမဲ့ခြင်းကြောင့် ဘေးအန္တရာယ်တစ်ခုခုနှင့် တွေ့သည့်အခါ ပျက်စီးသေဆုံးလူညွန့်တုံးတတ်ကြလေသည်။

သို့သော်လည်း ဤစကားသည် မလွဲမမှားနိုင်သော ပရမတ္ထသဘောတရားမဟုတ်ပေ။ သေခြင်း၏အကြောင်းတို့သည် များစွာရှိ၏။ ဤဖော်ပြခြင်းမှာကား ဖြစ်တတ်သည့် သဘောတရားကို ဖော်ပြခြင်းမျှသာ ဖြစ်လေသည်။

သို့သော်လည်း ဤအလုပ်မပြီးသေးသမျှ ငါမသေသေးဘူးဟု စူးစိုက်ထက်သန်စွာ အမှန်တကယ်ယုံကြည်လျက် စိတ်ကို အမြဲတင်းဆောင်၍ ထားသူများမှာ တစ်ရာလျှင် ခုနစ်ဆယ်၊ ရှစ်ဆယ်တို့သည် မသေမပျောက် ရည်ရွယ်ချက်စခန်းကို ပေါက်နိုင်ကြကြောင်း၊ ကြီးမြင့်ကျော်ကြား ထူးခြားသောပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိများဖြင့် သိရလေသည်။ ၎င်းတို့မှာ သေကျေပျက်စီးလောက်သော ဘေးအန္တရာယ်တို့နှင့် အခါခါတွေ့ခဲ့ရကြောင်း စုံစမ်းလျှင်သိနိုင်လေသည်။ ။

# တွေ့တွေ့ချင်း သဘောကျစေလိုလျှင်...

ခင်မောင်ညို (ဘောဂဗေဒ)

**(၉-၁၀-၂၀၂၅ ရက်နေ့မှအဆက်)**

အိမ်ကြီးတစ်လုံးထဲမှာ အဖိုးတန်ပစ္စည်းတွေ အပြည့်အဝနှင့် တစ်ဦးတည်းနေနေရသော ဤအဒေါ်ကြီးသည် အသိအမှတ်ပြုမှု အနည်းငယ်ကိုမျှမရ။ အနည်းငယ်မျှသော အသိအမှတ်ပြုမှုကိုပင်လျှင် တမ်းတမ်းတတ ဆာလောင်မွတ်သိပ်နေသူဖြစ်သည်။ သူမသည် တစ်ခါကဆိုလျှင် ငယ်ငယ်ရွယ်ရွယ် လှလှပပနှင့် ပိုးပန်းသူတွေ ဝိုင်းဝိုင်းလည်နေခဲ့သူဖြစ်သည်။ တစ်ခါက သူမသည် ချစ်ခြင်းမေတ္တာဖြင့် အိမ်တစ်ဆောင်ဆောက်ကာ ထိုအိမ်လှသည်ထက်လှစေရန် ဥရောပတစ်ဝန်းက ကောင်းပေ့ညွှန့်ပေ့ဆိုသည့် အသုံးအဆောင်များဖြင့် ထပ်မံမွမ်းမံခဲ့သည်။ ယခုအခါ အသက်အရွယ်ကြီးမှ တစ်ကောင်ကြွက်ဖြစ်နေသည်။ လူဆန်ဆန် နွေးထွေးမှုကို လိုချင်သည်။ တကယ်တန်ဖိုးထားလေးစားမှု အနည်းငယ်ကို လိုချင်သည်။ သို့သော် မည်သူကမျှမပေးကြ။ ပေးရကောင်းမှန်းမသိကြ။ မည်သူမျှ မပေးသည့်အရာ၊ သူမအလွန်လိုချင်သည့်အရာကို မစ္စတာအာရ်ထံမှ ရသောအခါ သဲကန္တာရထဲမှာ စမ်းရေတွေ့သလို အတိုင်းမသိ ဝမ်းသာ၊ ကျေးဇူးတင်စရာဖြစ်သွားသည်။ သူမ အလွန်တရာမြတ်နိုးလှသော ပစ်ကတ်ကားကြီးပေး၍ ကျေးဇူးဆပ်လို့ပင် မလုံလောက်ချင်သေး။

အခြားတစ်ယောက်ကို ကြည့်ကြပါဦးစို့။ နယူးယောက်မြို့က မြေကွက်အလှဆင်လုပ်ငန်းမှ ကြီးကြပ်ရေးမှူးတစ်ဦးဖြစ်သူ မဟွန်းက သူ့အတွေ့အကြုံကို ပြောပြသည်။

ကျွန်တော်မိတ္တဗလသင်တန်းတက်ခါစမှာ နာမည်ကျော် တရားသူကြီးတစ်ယောက်ရဲ့ မြေကွက်ကိုပြုပြင်ပေးနေတယ်။ ပိုင်ရှင်က ခဏထွက်လာပြီး ဘယ်နားမှာ ဘယ်အပင်စိုက်ချင်တယ်ဆိုတာကို ပြောပြတယ်။

ကျွန်တော်က “တရားသူကြီးမင်းခင်ဗျား၊ တရားသူကြီးဟာ ခွေးချစ်တတ်တယ်နော်၊ တရားသူကြီးရဲ့ ခွေးတွေက အတော်လှတာပဲ။ မက်ဒီဆင်ပန်းခြံမှာလုပ်တဲ့ ခွေးပြိုင်ပွဲမှာလည်း နှစ်တိုင်း ဆုတွေရတယ် ထင်တယ်နော်”

ဤမျှလောက်ကလေး ချီးကျူးရုံဖြင့် ရလာသော အကျိုးကျေးဇူးမှာ ကြီးမားသည်။

တရားသူကြီးက “ဟုတ်တယ်။ ကျွန်တော် ခွေးတွေနဲ့ နေရတာ သိပ်ပျော်တယ်။ ကျွန်တော့်ခွေးတွေကို လိုက်ကြည့်ပါဦးလား” ဟုပြောပြီး တစ်နာရီလောက် ခွေးတွေရယ်၊ ခွေးတွေရတဲ့ တံဆိပ်တွေရယ်ကို ပြတယ်။ ခွေးတွေရဲ့ မျိုးရိုးစဉ်ဆက်ကိုပါ ဇာတ်စုံခင်းပြတယ်။

နောက်ဆုံးမှာ ကျွန်တော့်ဘက်ကိုလှည့်ပြီး “မင်းမှာ ကလေးတွေရှိသလား”လို့ မေးတော့ ကျွန်တော်က ကျွန်တော့်မှာသားကလေးတစ်ယောက်ရှိတဲ့အကြောင်း ပြောပြတယ်။ “သူကရော ခွေးမလိုချင်ဘူးလား”လို့မေးတော့ သူလည်း ခွေးချစ်တတ်တဲ့အကြောင်း ပြောပြတယ်။ “ဒီလိုဆိုရင် ခွေးတစ်ကောင်ယူသွားကွာ”တဲ့။

အဲဒီခွေးကို ဘယ်လိုအစာကျွေးရတယ်ဆိုတာပါ ပြောပြတယ်။ ပြီးတော့ မေ့သွားမှာစိုးလို့တဲ့။ လက်နှိပ်စက်ရိုက်ပြီး ပေးလိုက်သေးတယ်။ အဲဒီခွေးကလည်း ဒေါ်လာရာချီတန်တယ်။ သူ့ရဲ့အဖိုးတန်တဲ့ အချိန်ကိုလည်း တစ်နာရီကျော်ကျော် အချိန်ကုန်ခံလိုက်သေးတယ်။ သူ့ဝါသနာနဲ့ သူ့အောင်မြင်မှုကို ရိုးရိုးသားသား ချီးကျူးလိုက်ရုံလေးနဲ့ အဲသလောက် ဖြစ်သွားတာပဲ။

နာမည်ကျော် ကိုဒတ်ကုမ္ပဏီမှ ဂျော့ချ်အီစမင်းသည် ရုပ်ရှင်ရိုက်နိုင်သောဖလင်ကို တီထွင်ကာ ဒေါ်လာသန်းပေါင်း ရာပေါင်းများစွာရရှိခဲ့သည်။ ကမ္ဘာပေါ်တွင် နာမည်ကျော် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်လာခဲ့သည်။ ထိုမျှလောက်ကြွယ်ဝအောင်မြင်ပါလျက်နှင့်ပင် သူလည်း သာမန်သူလိုကိုယ်လို လူတစ်ယောက်ထံမှ အနည်းငယ်မျှသော အသိအမှတ်ပြုမှုမျှကိုပင် ရယူချင်သည်။

ရှိချက်စတာရ်အိစမင်း ဂီတသင်ကျောင်းနှင့် ခန်းမကြီးတစ်ခုကို အိစမင်းတို့ တည်ဆောက်နေစဉ် နယူးယောက် အထူးထိုင်ခုံ ကုမ္ပဏီဥက္ကဋ္ဌ ဂျိမ်းမ်စ် အဒမ်ဆင်က ထိုင်ခုံပေးသွင်းချင်သည်။ ဗိသုကာထံသို့ ဖုန်းဆက်ပြီးနောက် အိစမင်းနှင့် တွေ့ခွင့်တောင်းသည်။ အဒမ်ဆင် ရောက်လာသည့်အခါ ဗိသုကာက အိစမင်းသည် စည်းကမ်းကြီးကြောင်း၊ ငါးမိနစ်ထက်ပို၍ အချိန်ယူရန် မသင့်တော်ကြောင်း ကြိုကြိုတင်တင် သတင်းပေးထားသည်။ အိစမင်းသည် အလုပ်များသူဖြစ်သဖြင့် ပြောစရာရှိတာ မြန်မြန်ပြောပြီး မြန်မြန်ထွက်သွားဖို့ အကြံပေးသည်။ သူအကြံပေးသည့်အတိုင်း လိုက်နာဖို့ အဒမ်ဆင်က ပြင်ဆင်သွားခဲ့သည်။

သူ အခန်းထဲ ဝင်သွားသည့်အခါ မစ္စတာအိစမင်းသည် သူ၏ စားပွဲပေါ်က စာရွက်ပုံတစ်ပုံကိုကုန်းကြည့်နေကြောင်း တွေ့ရသည်။ ထို့နောက် လူဝင်လာမှန်းသိသဖြင့် မော့ကြည့်၊ မျက်မှန်ကိုချွတ်လိုက်ကာ သူတို့ဆီ လျှောက်လာသည်။ ဗိသုကာက မိတ်ဆက်ပေးတော့ သူ ဘာလုပ်ပေးရမလဲဟု မေးသည်။

မစ္စတာအဒမ်ဆင်က “ကျွန်တော်တို့ ခင်ဗျားနဲ့ တွေ့ဖို့ စောင့်နေတုန်းမှာ ခင်ဗျားရဲ့ရုံးခန်းကို ကျွန်တော် သတိထားကြည့်မိတယ်။ ခင်ဗျားရုံးခန်းလို ရုံးခန်းမျိုးထဲမှာ ကျွန်တော် အလုပ်လုပ်ချင်စိတ်ပေါက်လာတယ်။ ကျွန်တော်ဟာ အိမ်တွင်း၊ ရုံးတွင်း အလှဆင်တဲ့ သစ်သားထည်လုပ်ငန်း လုပ်ပါတယ်။ ဒါပေမဲ့ ခင်ဗျားရဲ့ ရုံးခန်းလောက်ကောင်းတဲ့ ရုံးခန်းမျိုးကို ကျွန်တော် တစ်ခါမျှ မတွေ့ဖူးပါဘူး” ဟု ပြောလိုက်သည်။

(ဆက်လက်ဖော်ပြပါမည်)


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

“ ကျန်းမာသန့်ရှင်း ရောဂါကင်းဖို့
ယင်လုံအိမ်သာ သုံးကြစို့။ ”


# ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အိမ်သာ




ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့
ကျန်းမာရေးဦးစီးဌာန၊ လုပ်ငန်းခွင်နှင့်
ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲနှင့်
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့မှ
ပူးပေါင်းထုတ်ဝေသည်။



အိမ်သာကျင်းကို
အဖုံးနဲ့ အုပ်ထားပါ။



အိမ်သာကို သုံးပြီးတိုင်း
ရေနဲ့ သန့်ရှင်းအောင်
ဆေးချပါ။



အိမ်သာကို သန့်ရှင်းရေး
ပုံမှန်ပြုလုပ်ပါ။



ယင်မနားအောင်နဲ့ ကျင်းထဲကို
ယင်မဝင်အောင် အိမ်သာခွက်ကို
အဖုံးဖုံးထားပါ။



အိမ်သာတက်ပြီးတဲ့အခါတိုင်း
လက်ကိုဆပ်ပြာနဲ့
စင်ကြယ်အောင် ဆေးကြောပါ။



အရွယ်မရောက်သေးတဲ့
ကလေးငယ်ရဲ့ မစင်တွေကို
အိမ်သာမှာသာ စွန့်ပစ်ပါ။



ကလေးငယ်တွေ အိမ်သာကို
အသုံးပြုတတ်အောင်
သင်ကြားပြသပေးပါ။



လုံ(၃)လုံအိမ်သာ သုံးကြပါ။
(ယင်လုံ၊ အနံ့လုံ၊ အရှက်လုံ)

# ခရီးသွားလုပ်ငန်းဖြင့် အောင်မြင်နေသည့် ဗီယက်နမ်နိုင်ငံမှ ဖူကူကျွန်း

**စိုးသူရ**




ဗီလာဗီယာလေကြောင်းလိုင်းမှ ခရီးသည်များလိုက်ပါလာသည့်လေယာဉ် ဖူကူနိုင်ငံတကာလေဆိပ်သို့ ရောက်ရှိလာစဉ်။

အာရှဒေသတွင် ခရီးသွားများသွားရောက်ရန် စိတ်ဝင်စားသည့် နိုင်ငံတစ်နိုင်ငံမှာ ဗီယက်နမ်နိုင်ငံ ဖြစ်သည်။ ဗီယက်နမ်နိုင်ငံတွင် လှပသည့်ကမ်းခြေများနှင့် ခရီးသွားနေရာများရှိခြင်းကြောင့် ကမ္ဘာတစ်ဝန်းရှိ ခရီးသွားများ နှစ်စဉ်လာရောက်မှု အများဆုံးနိုင်ငံလည်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံရှိ အပန်းဖြေဒေသများအနက် ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်မှုအများဆုံး နေရာတစ်ခုမှာ နိုင်ငံတောင်ပိုင်းရှိဖူကူကျွန်း ဖြစ်သည်။ ရေပေါ်အားကစားနည်းများ ကစားနိုင်ပြီး ဆာဖာရီဥယျာဉ်နှင့် လှပသည့်အရာများဖြင့် ဖွဲ့စည်းထားသည့် ၎င်းကျွန်းသည် ငရုတ်ကောင်း၊ ငါးငံပြာရည်နှင့် ပုလဲထွက်ရှိရာဒေသလည်းဖြစ်သည်။

အာရှဒေသ၏ အလှပဆုံးကျွန်းအဖြစ် ကျော်ကြားသည့် ဖူကူကျွန်းသို့ ရုရှားခရီးသွားများ လာရောက်မှုအများဆုံးဖြစ်ကာ ဗီယက်နမ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းဝင်ငွေကို အများဆုံးရှာဖွေပေးသည့် ဒေသတစ်ခုဖြစ်လာနေသည်။

ထို့ပြင် ဘယ်လာရုစ်၊ အာမေးနီးယား၊ အဇာဘိုင်ဂျန်၊ ကာဇက်စတန်၊ ကာဂျစ္စတန်၊ မော်ဒိုဗာ၊ တာဂျစ်ကစ္စတန်၊ တာမစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့မှ ခရီးသွားများ အများဆုံး လာရောက်ရာနေရာဖြစ်သည်။

ဘယ်လာရုစ်နိုင်ငံမြို့တော်မင့်စ်နှင့် ဗီယက်နမ်နိုင်ငံ ဖူကူကျွန်းတို့ကြား ပထမဆုံးတိုက်ရိုက်လေကြောင်းပြေးဆွဲခြင်းကို အောက်တိုဘာ ၁၂ ရက်တွင် စတင်ခဲ့သည်။ ဗီလာဗီယာလေကြောင်းလိုင်းမှ ခရီးသည်များလိုက်ပါလာသည့် လေယာဉ်သည် ဖူကူနိုင်ငံတကာလေဆိပ်သို့ အောက်တိုဘာ ၁၂ ရက်တွင်ရောက်ရှိလာခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပေးသည့်မူဝါဒကြောင့် ဘယ်လာရုစ်နိုင်ငံသားများသည် ဗီယက်နမ်နိုင်ငံတွင် ပြည်ဝင်ခွင့်ဗီဇာမလိုအပ်ဘဲ ရက် ၃၀ အထိ နေထိုင်နိုင်ကာ လှပပြီး ဧည့်ဝတ်ကျေပွန်သည့် ဗီယက်နမ်နိုင်ငံ၏ အတွေ့အကြုံများကို ရယူနိုင်ကြောင်း ဘယ်လာရုစ်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလူကာရှီဗစ်က ပြောကြားခဲ့သည်။ ဗီလာဗီယာလေကြောင်းလိုင်း အနေဖြင့် ဗီယက်နမ်နိုင်ငံရှိအပန်းဖြေဒေသများသို့ လေကြောင်းခရီးများ ပြေးဆွဲရေး စီစဉ်ဆောင်ရွက်နေသည်။

ဒေသ၏မျှတသည့် ရာသီဥတုနှင့် လေကြောင်းခရီးသွားလာရာတွင် လွယ်ကူခြင်းကြောင့် ဖူကူကျွန်းသို့ ရုရှားခရီးသွားများ အများအပြားလာရောက်ကာ ခရီးသွားလုပ်ငန်းအောင်မြင်နေကြောင်း တွေ့ရှိရသည်။ ခရီးသွားလုပ်ငန်းအောင်မြင်နေသဖြင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်သူ ဗီယက်နမ်နိုင်ငံသားများအတွက် လူမှုစီးပွားဘဝများ မြင့်တက်လာသည်ကို တွေ့ရှိရသည်။

ဖူကူကျွန်းရှိ ဖူကူအမျိုးသားဥယျာဉ်သည် စတုရန်းမီတာ ၃၄၀၀၀၀ ကျယ်ဝန်းပြီး သဘာဝတရားကို ချစ်ခင်သူများအတွက် အမြဲစိမ်းသစ်တောအပါအဝင် လှပသည့်တောင်တန်းများဖြင့် ဖွဲ့စည်းထားသည်။

ကမ္ဘာလှည့်ခရီးသွားများအတွက် စခန်းချခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ တောင်တက်ခြင်းနှင့် ငှက်များကြည့်ရှုပြီး အပန်းဖြေနိုင်သည့်နေရာတစ်ခုဖြစ်သည်။

ဖူကူကျွန်းတောင်ပိုင်းရှိ နေဝင်ချိန်ရှုခင်းမြို့တော်သည် မြေထဲပင်လယ်ဒေသပုံစံမြို့တစ်မြို့အဖြစ် ဖန်တီးထားကာ နှစ်စဉ်ခရီးသွားများကို ဆွဲဆောင်နိုင်ပြီး လှပသော ဥရောပရောင်စုံဆိုင်များ၊

> **အာရှဒေသ၏ အလှပဆုံးကျွန်းအဖြစ် ကျော်ကြားသည့် ဖူကူကျွန်းသို့ ရုရှားခရီးသွားများ လာရောက်မှု အများဆုံးဖြစ်ကာ ဗီယက်နမ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းဝင်ငွေကို အများဆုံး ရှာဖွေပေးသည့် ဒေသတစ်ခု ဖြစ်လာနေ**

မြင့်မားသော ဗင်းနစ်နာရီမျှော်စင်တို့တည်ရှိရာနေရာ ဖြစ်သည်။

အခြားစိတ်ဝင်စားဖွယ်ကောင်းသည့် အစီအစဉ်တစ်ခုမှာဖူကူကျွန်းပေါ်တွင် ကေဘယ်ကားစီး၍ ကောင်းကင်ပေါ်မှ စိမ်းလန်းသည့် သစ်တောများ၊ လှပသည့် ကမ်းခြေများနှင့် ပင်လယ်၏ ရှုခင်းများကို ကြည့်ရှုနိုင်သည်။

ဖူကူကျွန်းဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ အခြေခံအဆောက်အအုံမြှင့်တင်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် ခရီးသွားလုပ်ငန်းဝန်ဆောင်မှုအရည်အသွေးမြင့်မားရေးတို့ကို ဆောင်ရွက်နေသည်။

ဒေသတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးရည်မှန်းချက်များအဖြစ် ၂၀၃၀ ပြည့်နှစ်တွင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းစင်စေရေး၊ လျှပ်စစ်ကားများသုံးစွဲရေးနှင့် စွန့်ပစ်ပစ္စည်းများ၏ ၅၀ ရာခိုင်နှုန်းကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အဖြစ် ပြောင်းလဲထုတ်လွှတ်ပေးနိုင်ရေး ရည်မှန်းထားရာ ၎င်းအချက်များသည် ခရီးသွားလုပ်ငန်းအောင်မြင်ရေးအားပေးနေသည့် အချက်များဖြစ်ကြောင်း တွေ့ရှိရသည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးရေးအတွက် ခရီးသွားလုပ်ငန်းသည်ဗဟိုချက်ဖြစ်လာသည်။ ကမ္ဘာလှည့်ခရီးသွားများ လာရောက်ရာ ဖူကူကျွန်းသည် လာရောက်သူများအတွက် သဘာဝအလှများကို ခံစားနိုင်ရုံသာမက ဗဟုသုတများကို ရရှိစေနိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**ကိုးကား – Belavia Belarusian Airlines launches first direct flight from Belarus to Vietnam’s Phu Quoc**



ဖူကူကျွန်းတောင်ပိုင်းရှိ နေဝင်ချိန်ရှုခင်း မြို့တော်။

---

**✧ လီဗာပူးအသင်းမှ**

လီဗာပူးအသင်းဟာ မန်ယူအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ မန်ယူအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၂ မိနစ်မှာ အမ်ဘူမိုက တစ်ဂိုး၊ ဒုတိယပိုင်းပွဲကစားချိန် ၈၄ မိနစ်မှာ မက်ဂွိုင်းယားကတစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ လီဗာပူးအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၇၈ မိနစ်မှာ ဂတ်ပိုက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းဟာ လီဗာပူးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့် (၉) နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တဲ့အပြင် လီဗာပူးအသင်းရဲ့အိမ်ကွင်း အန်ဖီးလ်မှာ ဆယ်စုနှစ်တစ်ခုနီးပါးအတွင်း ပထမဆုံးနိုင်ပွဲရရှိခဲ့ပြီလည်းဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ နည်းပြ ဘရန်ဒန်ရော်ဂျာလက်ထက် ၂၀၂၄ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း ပထမဆုံးအကြိမ် လေးပွဲဆက် ရှုံးပွဲကြုံခဲ့ရတာဖြစ်ပြီး မန်ယူအသင်းကတော့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း အန်ဖီးလ်မှာ ပထမဆုံးနိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ မန်ယူအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့် (၂)နေရာကို တက်လှမ်းနိုင်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရပြီး အဆင့်(၄)နေရာမှာပဲ ရပ်တည်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

လက်ရှိ ပရီမီယာလိဂ် ချန်ပီယံလီဗာပူးအသင်းဟာ ယခုဘောလုံးရာသီမှာ ကစားသမားသစ် ခေါ်ယူမှုအတွက် ပေါင်သန်း ၄၅၀ နီးပါးသုံးစွဲခဲ့ပေမယ့် လေးပွဲဆက်ရှုံးနိမ့်မှုနဲ့ ကြုံခဲ့ရတာဖြစ်ပါတယ်။ **ငွေကြယ်**

**❖ ဆီးဂိမ်းမှ**

အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ခြောက်သင်းရှိသောကြောင့် သုံးသင်း နှစ်အုပ်စုခွဲ၍ ပြုလုပ်မည်ဖြစ်ပြီး အုပ်စု (A) တွင် ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ အုပ်စု (B) တွင် ဗီယက်နမ်၊ မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့ ပါဝင်နေသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားနှင့် အမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ထိုင်းနည်းပြများဖြင့် ပြင်ဆင်လျက်ရှိသည်။ **သတင်း–ချစ်ကိုကို၊ ဓာတ်ပုံ–MFF**

## ရှမ်းပြည်နယ်၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**တောင်ကြီး အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်၏ အထင်ကရ ပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီး တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို တောင်ကြီးမြို့ အဝေရာကုန်း သာယာမီးပုံးပျံကွင်း၌ အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ညမီးကြီးမီးပုံးပျံ၊ စိန်နားပန်မီးပုံးပျံများကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ညစဉ် ၅ နာရီမှ စတင်လွှတ်တင် သွားမည်ဖြစ်ပြီး နေ့လွှတ်အရုပ် မီးပုံးပျံများအား အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ စတင်လွှတ်တင် သွားမည်ဖြစ်ကြောင်း သိရှိရပြီး တောင်ကြီးတန်ဆောင်တိုင် ပွဲတော်တွင် ကထိန်လှည့်လည်ပူဇော်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ၊ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ ကထိန်ဆက်ကပ်လှူဒါန်းပွဲ၊ မီးပဒေသာ လှည့်လည်ပူဇော်ပွဲများ၊ ဒေသထွက်ကုန် MSME (အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း) ပြခန်းများနှင့် နိုင်ငံကျော် အနုပညာရှင်များ ဖျော်ဖြေတင်ဆက်မှုများဖြင့် ရှမ်းပြည်နယ်၏ အထင်ကရ တန်ဆောင်တိုင်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ တောင်ကြီးတန်ဆောင်တိုင်ချစ်သူများ၊ မီးပုံးပျံချစ်သူများ လာရောက် လည်ပတ်ကြည့်ရှု အားပေးနိုင်ကြောင်း တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီမှ ဖိတ်ခေါ်ထားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■

## တောင်ငူမြို့၊ ရှေးဟောင်းသမိုင်းဝင်ရွှေဆံတော် စေတီတော်မြတ်ကြီး နှိုးဆော်လွှာ

တောင်ငူမြို့၊ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီးသည် (၂၈-၃-၂၀၂၅) မန္တလေးငလျင်ကြီး ဒဏ်နှင့်အတူ ပျက်စီးယိုယွင်းမှုများ ပြုပြင်ဆောင်ရွက်လျက်ရှိရာ ရွှေသင်္ကန်း ကပ်လှူနိုင်ရန်အတွက် စေတနာရှင် အလှူရှင်များအား မျက်ပါးရွှေဆိုင်း တစ်ဆိုင်းလျှင် (အရွက်-၁၀၀)ပါ ၃၄၀၀၀၀/-(ကျပ်သုံးသိန်းလေးသောင်းတိတိ)၊ ရွှေစင်ရွှေပြား(၉"x၉")ပတ်လည် တစ်ချပ်လျှင် ၈၃၀၀၀၀၀/-(ကျပ် ရှစ်ဆယ့်သုံးသိန်းတိတိ)တို့အား ကမ္ပည်းထိုး၍ ကိုယ်တိုင်ကိုယ်ကျ ကပ်လှူနိုင်ရန် အကျိုးမျှော်အားကိုး၍ နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်အပ်ပါသည်။

**ရွှေဆံတော်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့**

**ဖုန်း-၀၉- ၅၃၅၀၈၅၀၊ ၀၉- ၇၉၂၅၅၅၂၄၊ ၀၉-၄၂၈၁၃၁၂၈၂၊ ၀၉-၄၅၄၃၆၆၄၈၅၊ ၀၉-၅၃၅၂၂၁၇၊ ၀၉-၅၃၅၁၃၃၁၊ ၀၉-၄၂၈၀၃၇၅၈၆**

## MNL ပြိုင်ပွဲတွင် ရတနာပုံအသင်း ဂိုးပြတ်နိုင်ပြီး ရခိုင်ယူနိုက်တက် ပထမဆုံးနိုင်ပွဲရရှိ

**ရန်ကုန် အောက်တိုဘာ ၂၀**

၂၀၂၅-၂၀၂၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) နောက်ဆုံးနေ့ကို အောက်တိုဘာ ၂၀ ရက်က ဆက်လက်ကျင်းပရာ ရတနာပုံအသင်း ဂိုးပြတ်အနိုင်ရပြီး ရခိုင်ယူနိုက်တက်အသင်း ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။

သီဟဒီပကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရာသီအစတွင် ရှုန်းကန်နေရသည့် ရခိုင်ယူနိုက်တက်အသင်းသည် ခြောက်ပွဲမြောက်တွင် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့ပြီး နောက်ကျဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ နိုင်ပွဲဆက်နေသည့် သစ္စာအားမာန်အသင်းမှာမူ မထင်မှတ်ဘဲ ဂိုးပြတ်ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက တိုက်စစ်အားပြုကစားသော်လည်း ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေကျနေသည်။ ၇၆ မိနစ်တွင် ရခိုင်ယူနိုက်တက်အသင်း ဂိုးစတင်ရရှိပြီး မိုစတာဖာက သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရခိုင်ယူနိုက်တက်အသင်း ဆက်တိုက်ဖိကစားလာနိုင်ပြီး ၈၄ မိနစ်တွင် အောင်နိုင်ဝင်းနှင့် ၉၀+၆ မိနစ်တွင် မီဆိုတို့က အနိုင်ဂိုးများ ထပ်မံသွင်းယူသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက ရာမညယူနိုက်တက်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် ဂိုးပြတ်နိုင်ပွဲနှင့်အတူ အမှတ်ပေးဇယား တတိယနေရာသို့ တက်လှမ်းနိုင်ခဲ့သည်။



ရတနာပုံအသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ပွဲစဉ်(၆) အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၁၅ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းက ၁၃ မှတ်စီ၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၂ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၁၁ မှတ်၊ အား/ကာသိပ္ပံအသင်းက ရှစ်မှတ်၊ ရှောဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းက ခုနစ်မှတ်စီ၊ မဟာယူနိုက်တက်အသင်းနှင့် Dagon Port အသင်းကလေးမှတ်စီ၊ ရခိုင်ယူနိုက်တက်အသင်းက သုံးမှတ်၊ ရာမညယူနိုက်တက်အသင်းက တစ်မှတ်ရရှိထားသည်။ ယင်းအသင်းများအနက် ရှမ်းယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းသည် ငါးပွဲစီသာ ကစားရသေးပြီး ကျန်အသင်းများမှာ ခြောက်ပွဲစီ ကစားထားပြီးဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MNL**



## မိုးနဲမြို့နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် မိုးနဲမြို့နယ်အတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယမန်နေ့နံနက်ပိုင်းက မိုးနဲမြို့နယ် ဝမ်ယေးကျေးရွာရှိ မိုးစပါးစီမံကိန်း (သက်တံ့ရောင်စီမံကိန်း) သီးနှံစိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် ဝမ်ယေးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ စိုက်ပျိုးထားရှိသည့် မိုးစပါးစိုက်ခင်းအား ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါအသင်းမှ အသင်းသားများက DU-12 စပါးမျိုး ၅၆ ဧက စိုက်ပျိုးထားပြီး အသင်းမှလိုအပ်သော ငွေကြေးအရင်းအနှီး၊ သွင်းအားစုများ ပြတ်လပ်မှုမရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးနှင့်သမဝါယမကဏ္ဍမှ စီမံကိန်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှုလုပ်ငန်းစဉ်များ အောင်မြင်အောင်ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ဝိုးတောင်း**

## ရွှေတောင်မြို့နယ်၌ Youth Club အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စာဖတ်ဝိုင်းကျင်းပ

**ရွှေတောင် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူငယ်များ၊ ကျောင်းသား ကျောင်းသူများ စာဖတ်သည့် အလေ့အကျင့်များ ရရှိစေရန်နှင့် စာပေဝါသနာပါသူ အချင်းချင်း ရင်းနှီးစေရန်အတွက် Youth Club အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စာရေးဆရာ ဆရာကြီး ရွှေဥဒေါင်း ရေးသားသော ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရား စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။



စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က စာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Youth Club အဖွဲ့ဝင် ကျောင်းသား ကျောင်းသူများက စာရေးဆရာ ဆရာကြီး ရွှေဥဒေါင်း ရေးသားသော ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရား စာအုပ်ပါ အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်စာစောင်ပြပွဲနှင့် မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးနံရံကပ်စာစောင်၊ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေး နံရံကပ်စာစောင်၊ ကလေးအလုပ်သမား ပပျောက်ရေး နံရံကပ်စာစောင်၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း ပညာပေးပိုစတာ၊ လေပြင်းဘေးအန္တရာယ် အသိပညာပေး ပိုစတာများကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

**❄ ကျောဖုံးမှ**

အုပ်စုခွဲဝေရာတွင် အိမ်ရှင်ထိုင်းအသင်းသည် အုပ်စုချောင်နေပြီး အုပ်စု (B) တွင် မြန်မာ၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်အသင်းတို့ အုပ်စုကျပ်အတွင်း ကျရောက်နေခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် ဗီယက်နမ်၊ ဖိလစ်ပိုင်တို့နှင့် အဓိကယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဂျပန်နိုင်ငံ၌ သွားရောက်လေ့ကျင့်နေပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲတွင် ဖိုင်နယ်ပွဲအထိ တက်ရောက်နိုင်ခဲ့ပြီး ငွေတံဆိပ်ဆုရရှိထားသည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၀**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

❖ အနာဂတ်နိုင်ငံရေးတွင် ပညာတတ်မြောက်ခြင်း၊ မတတ်မြောက်ခြင်းသည် နိုင်ငံရေး တည်ငြိမ်မှုအပေါ်တွင် သက်ရောက်မှုရှိသည်ကို တွေ့ရှိရ...

❖ မိမိတို့အနေဖြင့် အတန်းပညာအားနည်းခဲ့သူများကို ပစ်ထား၍ရမည်မဟုတ်ဘဲ ကျောင်းပြင်ပ ပညာရေးနှင့် ဗဟုသုတရှာမှီးရေးအတွက် စာကြည့်တိုက်များ၊ ဒေသ အလိုက်ပြုလုပ်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများကို အားပေးခြင်း၊ စာဖတ်ဝိုင်းများ စီစဉ်ပေးခြင်း စသည့် ကျောင်းပြင်ပ ပညာရေးဖြင့် အားပေးဆောင်ရွက်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်း အဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# လီဗာပူးအသင်း လေးပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ပြီး အန်ဖီးလ်၌ ဆယ်စုနှစ်တစ်ခုနီးပါးအတွင်း မန်ယူအသင်း ပထမဆုံးနိုင်ပွဲရ

လီဗာပူးအသင်းဟာ အောက်တိုဘာ ၁၉ ရက်ညပိုင်းက မန်ယူအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် (၈)မှာ မန်ယူအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် လေးပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ရပြီ ဖြစ်ပါတယ်။

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ✧



လီဗာပူးအသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ယနေ့ ဖတ်စရာ


အပူပိုင်းမုန်တိုင်း "ဖန်ရှန်" အားကောင်းသော အပူပိုင်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင် စာမျက်နှာ » ၁၁

တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့ယာဉ် သိမ်းဆည်းရမိ စာမျက်နှာ » ၁၄

ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (ပခုက္ကူ)မှ ရက်ကန်းပညာရပ်များ တိမ်ကောပပျောက်မှု မရှိစေရေး ပညာရှင်များမွေးထုတ်ပေး စာမျက်နှာ » ၂၂

ရှမ်းပြည်နယ်၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော် စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည် စာမျက်နှာ » ၂၈


# ဆီးဂိမ်း ဖူဆယ်အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ နှစ်ခုစလုံးတွင် မြန်မာအသင်းများ ယှဉ်ပြိုင်မည်

ရန်ကုန် အောက်တိုဘာ ၂၀

ယခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃)ကြိမ်မြောက် ဆီးဂိမ်း ဖူဆယ်အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံးတွင် မြန်မာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဆီးဂိမ်း အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ငါးသင်း၊ အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ခြောက်သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ငါးသင်းသာရှိသဖြင့် အုပ်စုမခွဲဘဲ ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မြန်မာနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

စာမျက်နှာ ၂၇ ကော်လံ ၅ သို့ ❖



မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသမီးအသင်း လေ့ကျင့်နေစဉ်။



ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ကစားသမားများကို တွေ့ရစဉ်။

# ဆီးဂိမ်း အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုကျပ်အတွင်း ကျရောက်

ရန်ကုန် အောက်တိုဘာ ၂၀

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃)ကြိမ်မြောက် ဆီးဂိမ်း အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲရာတွင် မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်ခဲ့သည်။

အမျိုးသမီးဘောလုံး ပြိုင်ပွဲတွင် အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်း နှစ်အုပ်စုခွဲ၍ ပြုလုပ်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(A)တွင် အိမ်ရှင်ထိုင်း၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အုပ်စု(B)တွင် လက်ရှိချန်ပီယံ ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် မလေးရှား အသင်းတို့ ပါဝင်နေသည်။

စာမျက်နှာ ၂၈ ကော်လံ ၃ သို့ ❄